# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၁၂) ရက် ၊ သောကြာနေ့ ၊ (21-10-2022) ၊ အတွဲ (၃၀) ၊ အမှတ် (၁၇၄)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။


(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်



**နေပြည်တော် အောက်တိုဘာ ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး **H.E. Mr. Uladzimir Baravikou** သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**စာမျက်နှာ ၁၇ ကော်လံ ၁ ➪**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E.Mr.Uladzimir Baravikou ကို လက်ခံတွေ့ဆုံစဉ်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

စာမျက်နှာ - ၁၆




ရတနာပုံ
၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၁ ရက်
အယ်ဒီတာ့အာဘော်

# အကြမ်းဖက်သမားများ၏ အဖျက်လုပ်ရပ်ကို ပူးပေါင်းကာကွယ်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် လျှပ်စစ်ဓာတ်အားဖူလုံစွာရရှိရေးမှာ အဓိကကျသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူတို့လိုအပ်နေသော လျှပ်စစ်ဓာတ်အားရရှိရေးကို အစဉ်တစိုက် ကြိုးပမ်းဖြည့်ဆည်းပေးလျက်ရှိသည်။ ထိုသို့ ဖြည့်ဆည်းပေးလျက်ရှိရာတွင် မြို့ပြများသာမက ကျေးလက်ဒေသများထိပါ လျှပ်စစ်မီးလင်းရေးဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရသည်။

နိုင်ငံတစ်နိုင်ငံအတွက် နေ့စဉ်လိုအပ်ချက်များတွင် လျှပ်စစ်ဓာတ်အားမှာ အဓိကလိုအပ်ချက် ဖြစ်သည်။ လျှပ်စစ်ဓာတ်အားရရှိမှသာ နိုင်ငံပိုင်၊ ပြည်သူပိုင် အလုပ်ရုံ၊ စက်ရုံများလည်ပတ်နိုင်မည် ဖြစ်သကဲ့သို့ ခေတ်မီအိမ်သုံးပစ္စည်းများအားလုံးနီးပါးတွင်လည်း လျှပ်စစ်ဓာတ်အားလိုအပ်နေသော ကြောင့် လျှပ်စစ်ဓာတ်အားကို အသုံးပြုနိုင်မှသာ လူနေမှုဘဝအဆင့်အတန်းများသည်လည်း တိုးတက်လာမည်ဖြစ်ပေသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် လျှပ်စစ်ဓာတ်အားပြည့်ပြည့်ဝဝ ပေးနိုင်ရေး နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးလျက်ရှိပေသည်။

ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုး ရေးအတွက် အခြေခံအကျဆုံးဖြစ်သော လျှပ်စစ်မီးရရှိရေးကို အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက် နေမှုအပေါ် **PDF** အမည်ခံအကြမ်းဖက်သမားများက လျှပ်စစ်ဓာတ်အားလိုင်းများ၏ တာဝါတိုင် များကို မိုင်းထောင်ဖောက်ခွဲမီးရှို့ဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံ ဖြင့် လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရသည်။

အကြမ်းဖက်အဖွဲ့များ၏ အကြောင်းမဲ့မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်း စသည့်အကြမ်း ဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့ခြင်းကြောင့် အောက်တိုဘာ ၁၁ ရက်ထိ ၆၆ ကေဗွီဓာတ်အားလိုင်း ကိုးလိုင်း၏ တာဝါတိုင် ၁၉ တိုင်နှင့် ၂၃၀ ကေဗွီနှင့် ၁၃၂ ကေဗွီလျှပ်စစ်ဓာတ်အားလိုင်းခြောက် လိုင်းတို့၏ တာဝါတိုင် ၄၅ တိုင်တို့ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သတင်းမီဒီယာများမှတစ်ဆင့် စိတ်မကောင်းဖွယ်တွေ့ရသည်။

**PDF** အမည်ခံအကြမ်းဖက်အဖွဲ့များ၏ ဓာတ်အားလိုင်းတာဝါတိုင်များ ဖောက်ခွဲဖျက်ဆီးနေခြင်း သည် လူမှုစီးပွားဘဝကို ပျက်စီးအောင်ဖျက်ဆီးနေခြင်းဖြစ်သည်။ ယခုကဲ့သို့ မလုပ်သင့်၊ မလုပ် ထိုက်သောအဖျက်လုပ်ရပ်များ လုပ်ဆောင်နေခြင်းသည် အများပြည်သူတို့အပေါ် ကျူးလွန်နေသည့် အကြမ်းဖက်လုပ်ရပ်များသာဖြစ်သည်။ အကြမ်းဖက်သမားတို့ ဖျက်ဆီးလိုက်သည့်အတွက် ပြည်သူ များသာ ထိခိုက်နေသည်မှာ လက်ရှိ လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်းကြောင့် အဆင်မပြေဖြစ် နေရမှုများက သက်သေပြလျက်ရှိပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးမှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုး တက်ရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ကျေးလက်ဒေသများပါမကျန် လျှပ်စစ်မီးရရှိ ရေးရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေမှုအပေါ် **PDF** အမည်ခံအကြမ်းဖက် သမားများက ယခုကဲ့သို့ လျှပ်စစ်ဓာတ်အားလိုင်းတာဝါတိုင်များကို မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ခြင်း စသည့် အဖျက်လုပ်ရပ်များကို ပြည်သူတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည် ငြိမ်အေးချမ်းရေးအတွက် ရှေးရှု၍ ပူးပေါင်းကာကွယ်ဆန့်ကျင်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ဈေးချို၊ မန္တလေးတောင်၊ ရန်ကင်းတောင်နှင့်အခြားလမ်းကြောင်းများသို့ လိုင်းကားဖြင့် လိုက်ပါစီးနင်းသူ တစ်ရက်လျှင် ဦးရေ ၅၀၀ ကျော်ရှိ



**မန္တလေး အောက်တိုဘာ ၂၀**

မန္တလေးမြို့တွင်း ဈေးချို၊ မန္တလေးတောင်၊ ရန်ကင်းတောင်နှင့်အခြားလမ်းကြောင်းများသို့ လိုင်းကားများဖြင့် ခရီးသွားလိုက်ပါစီးနင်းသူ တစ်ရက်လျှင် ဦးရေ ၅၀၀ ကျော်ထိရှိလာကြောင်း အမှတ် (၁၊ ၂၊ ၃) ယာဉ်လိုင်းဥက္ကဋ္ဌ ဦးမြငွေက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင် ခရီးသွားများ အဆင်ပြေစေရန်အတွက် ယခင်ကတည်းက ပြေးဆွဲပေးလာခဲ့သည့် လိုင်းကားများသည် ယခုလက်ရှိတွင်လည်း ပုံမှန်အတိုင်းပြေးဆွဲပေးလျက်ရှိကြောင်း၊ ယခုလက်ရှိ မန္တလေးမြို့တွင်း လမ်းကြောင်းများသို့အမှတ်(၁၊၂၊၃)လိုင်းကားများဖြင့် ခရီးသည်လိုက်ပါစီးနင်းမှု များပြားလျက်ရှိကြောင်း သိရသည်။

"မန္တလေးမြို့တွင်း ဈေးအရောင်းအဝယ်ကိစ္စတွေ၊ ဆေးရုံ၊ ဆေးခန်း စတဲ့ကိစ္စတွေအတွက် လိုင်းကားတွေနဲ့ သွားလာတဲ့ခရီးသွားတွေ အခုလတ်တလော တော်တော်လေး များလာတယ်။ အခုလတ်တလော မန္တလေးမြို့တွင်း လိုက်ပါစီးနင်းမှု အများဆုံးလမ်းကြောင်းကတော့ မန္တလေးဆိပ်ကမ်းနဲ့ ရန်ကင်းတောင်ဘက်ကိုပြေးဆွဲနေတဲ့လိုင်းကားတွေမှာခရီးသည် လိုက်ပါစီးနင်းမှုတော်တော်လေး များတယ်။ တချို့ကကျတော့လဲ လက်လုပ်လက်စားဈေးရောင်းတဲ့ ခရီးသည်တွေအပြင် အခြားနယ်ဝေးဒေသကလာတဲ့ ခရီးသည်တွေလဲ လိုက်ပါစီးနင်းမှုတွေရှိပါတယ်" ဟု ဦးမြငွေက ပြောပြသည်။

မန္တလေးမြို့တွင်း ဈေးချို၊ မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်၊ ရန်ကင်းတောင်၊ မန္တလေးဆိပ်ကမ်း စသည့် လမ်းကြောင်းများသို့ အမှတ်(၁၊ ၂၊ ၃) လိုင်းကားများဖြင့် လိုက်ပါစီးနင်းသည့်ခရီးသွားမှာ အောက်တိုဘာလပထမပတ်က တစ်ရက်လျှင် ဦးရေ ၃၀၀ ကျော်သာရှိခဲ့သော်လည်း အောက်တိုဘာလ ဒုတိယပတ်မှစ၍ လိုက်ပါစီးနင်းသည့် ခရီးသွားမှာ တစ်ရက်လျှင် ဦးရေ ၅၀၀ ကျော်ထိ ရှိလာကြောင်း သိရသည်။

(၁၈၄)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး အောက်တိုဘာ ၂၀**

မန္တလေးဆိုင်ကယ်ဈေးကွက်တွင် တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ်ပြန်ဖြစ်နေပြီး ဘီးကြောကောင်းမွန်မှုနှင့်အတူ နံပါတ်အမြင့်၊ မော်ဒယ်မနိမ့်လွန်းသည့် တရုတ်ဘီးများမှ ကန်ဒါ၊ ဆိုင်ကလုန်း၊ ဇောင်ချမ်းအမျိုးအစားများမှာ ငွေကျပ် လေးသိန်းခန့်ဆိုင်ကယ်များ အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးမြို့ ၅၉ လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ယခုတစ်ပတ်အတွင်း ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ သိန်း ၅၀၊ နောက်ဆုံးမော်ဒယ်မဟုတ်သည့် အနိမ့်ဘီးများမှာ ငွေကျပ် ၁၈ သိန်းမှ ၂၅ သိန်းခန့်၊ Scoopy i အမျိုးအစားဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၃ သိန်းမှ ၄၅ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၇ သိန်းမှ ၂၃ သိန်းခန့် ဈေးရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးအေးချမ်းထံမှ သိရသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းများမှာ အင်ဂျင်ပါဝါ 110 အမျိုးအစားများ ငွေကျပ် ၆ သိန်း ၅ သောင်းမှ ၉ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅ သောင်းမှ ၁၂ သိန်းခန့်၊ CZI နောက်ဆုံးထုတ် အသစ်တစ်စီးလျှင် ငွေကျပ် ၁၂ သိန်းခန့်၊ ဆိုင်ကလုန်းမှာ ငွေကျပ် ၁၇ သိန်းမှ ၁၈ သိန်း ၈ သောင်းရှိကြောင်း သိရသည်။

ယခုတစ်ပတ်အတွင်း စလစ်ကပ်ကားများမှ တိုယိုတာဝစ်ရှ်၊ ကလူဂါကားများ အရောင်းအဝယ်ရှိလာပြီး ဖရီးပါမစ် ပွိုင့်သရီးကားလေးများဖြစ်သည့် နံပါတ်ထွက်ပြီးသား ကားဟောင်းများမှ ဟွန်ဒါဖစ်၊ တိုယိုတာဗစ်၊ ဆူဇူကီးဆွစ်၊ တိုယိုတာကလူဂါ စသည့်ကားများလည်း အရောင်းအဝယ်ရှိနေကာ ဈေးနှုန်းများလည်းမြင့်လာကြောင်း၊ စလစ်ကပ်ကားများ ဈေးမြင့်လာပြီး ဈေးကွက်အတွင်းရှိ မော်တော်ယာဉ်မျိုးစုံ ဈေးမြင့်တက်မှုရှိကြောင်း မန္တလေးကားဈေးကွက်အတွင်းမှ သိရသည်။

မန္တလေး ကားဈေးကွက်အတွင်း ယခင်ကဲ့သို့ အရောင်းအဝယ်မဖြစ်သော်လည်း ပုံမှန်အရောင်းအဝယ်ရှိလာပြီး ကားဈေးနှုန်းများ တည်ငြိမ်စပြုလာကြောင်း ကားအရောင်းအဝယ် လုပ်ကိုင်သူများထံမှ သိရသည်။

ထို့ပြင် ငွေကျပ်သိန်း ၃၈၀ အောက် ကားလေးများလည်း အရောင်းအဝယ်ရှိနေပြီး ညာမောင်းကား ၁၃၀၀ စီစီ ကားများမှ ငွေကျပ် သိန်း ၃၀၀ အောက် နံပါတ်ထွက်ပြီးသားကားများ၊ အလယ်အလတ်နှင့် အမြင့်ကားများကိုလည်း မေးမြန်းမှုများ ပြန်ရှိလာကြောင်း၊ စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ် ၂၀ အမည်ပေါက် စလစ်ငွေကျပ် ၁၃၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၂၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် ၁၂၅ သိန်း၊ တက္ကစီစလစ် ငွေကျပ်သိန်း ၁၂၀ ခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

(၁၇၃)

# ပြည်ပမှကြက်သွန်နီများ ဝင်ရောက်နေသော်လည်း ပြည်တွင်းမှထွက်ရှိသည့် ကြက်သွန်နီများ ဈေးနှုန်းကျဆင်းခြင်းမရှိဘဲ အရောင်းအဝယ်သွက်နေ

**မန္တလေး အောက်တိုဘာ ၂၀**

ယခုရက်ပိုင်းတွင် မန္တလေးဈေးကွက်အတွင်း ပြည်ပမှ ကြက်သွန်နီများ လှိုင်လှိုင်ဝင်ရောက်နေသော်လည်း ပြည်တွင်းမှထွက်ရှိသည့် ကြက်သွန်နီများ ဈေးနှုန်းကျဆင်းခြင်းမရှိဘဲ အရောင်းအဝယ်သွက်နေကြောင်း မန္တလေးမြို့ရှိ ကြက်သွန် ကုန်သည်များထံမှ သိရသည်။

ပြည်ပမှ ကြက်သွန်နီများ မန္တလေး ဈေးကွက်အတွင်း လှိုင်လှိုင်ဝင်ရောက်လာရာတွင် ကြက်သွန်နီ အပြား၊ ကြက်သွန်နီအလုံး၊ ကြက်သွန်နီအညိုဟူ၍ ဝင်ရောက်နေပြီး ဈေးနှုန်းများမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ မှ ၁၇၀၀ ထိရှိနေသော်လည်း ပြည်တွင်းမှထွက်ရှိသည့် ကြက်သွန်နီဈေးနှုန်းများမှာ တစ်ပိဿာလျှင် ငွေကျပ် ၃၇၀၀ မှ ၄၀၀၀ ထိရှိကာ ဈေးနှုန်းကျဆင်းခြင်းမရှိဘဲ အရောင်းအဝယ်သွက်နေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြသည်။

"အခုရက်ပိုင်းမှာ မန္တလေးဈေးကွက်ထဲကို အောက်တိုဘာလဆန်းကစပြီး ပြည်ပကကြက်သွန်နီတွေ လှိုင်လှိုင်ဝင်ရောက်နေပါတယ်။ အခုလိုမျိုး လှိုင်လှိုင်ဝင်ရောက်ပေမဲ့လဲ ပြည်တွင်းက ကြက်သွန်နီတွေ ဈေးနှုန်းကျဆင်းမှုမရှိပါဘူး။ ပြည်ပက ကြက်သွန်နီဈေးနှုန်းက ပြည်တွင်း ကြက်သွန်ဈေးနှုန်းနဲ့ ကွာခြားနေပါတယ်။ ပြည်တွင်း ကြက်သွန်နီက ပြည်ပကြက်သွန်နီနဲ့စာရင် အရသာကောင်းပြီး အာဟာရလဲကောင်းပါတယ်။ အနှစ်လဲရရှိလို့ ပြည်တွင်းကြက်သွန်နီကို စားသုံးသူတွေက အားထားပြီး ဝယ်ယူစားသုံးကြပါတယ်။ အခုချိန်မှာ ပြည်ပကို တင်ပို့နေရတာကြောင့် ဈေးကွက်ထဲမှာ ပြည်တွင်းကြက်သွန်နီတွေ လက်ကျန်နည်းနေပါတယ်။ ပြည်တွင်းက ကြက်သွန်နီတွေ ဈေးကောင်းရရှိနေပါတယ်" ဟု ဦးစိုးဝင်းမြင့်က ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ပြည်တွင်းကြက်သွန်နီများ ဝင်ရောက်နေရာတွင် မုံရွာ၊ ပခုက္ကူ၊ မြင်းခြံ၊ တောင်သာ၊ မြစ်သားစသည့် ဒေသများမှ ဝင်ရောက်လာကြောင်း မန္တလေးမြို့ရှိ ကြက်သွန်ကုန်သည်များထံမှ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လင်းခေးမြို့နယ် နားကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းများဖောက်လုပ်နေမှု စစ်ဆေး

**လင်းခေး အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နားကုန်းကျေးရွာ၌ ဒေသခံကျေးရွာနေတောင်သူများ၏ လယ်ယာထွက်ကုန်သီးနှံများ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်စေရန် ရည်ရွယ်၍ ကုန်ထုတ်လမ်းများ ဖောက်လုပ်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အိအိခင်နှင့် တာဝန်ရှိသူများက နားကုန်းကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၈၈ ဒသမ ၂၁၈၄ သန်းဖြင့် သက်ဆိုင်ရာ ကုမ္ပဏီများက လမ်းအရှည် သုည မိုင် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်း (အပိုင်း-၁) ဖောက်လုပ်ခြင်းနှင့် Pipe Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း၊ လမ်းအရှည် သုည မိုင် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်း (အပိုင်း-၂)ဖောက်လုပ်ခြင်းနှင့် Pipe Culvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်း၊ လမ်းအရှည် တစ်မိုင်တစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်း(အပိုင်း-၃) ဖောက်လုပ်ခြင်းနှင့် Pipe Culvert နှစ်စင်းတည်ဆောက်ခြင်း လုပ်ငန်းအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အိအိခင်က လုပ်ငန်းများကို စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ကုန်ထုတ်လမ်းများ ဖောက်လုပ်ပြီးစီးပါက နားကုန်းကျေးရွာရှိ အိမ်ခြေ ၄၄၉ အိမ်၊ လူ ၂၅၉၈ ဦးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထို့ပြင် ဒေသခံကျေးရွာနေ တောင်သူများ၏ လယ်ယာထွက်ကုန်များ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **အေးသူ**

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆောင်းသီးနှံ ဟင်းသီးဟင်းရွက်ဧက တစ်သိန်းကျော် စိုက်ပျိုးမည်



**မုံရွာ အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက တစ်သိန်းကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဟင်းသီးဟင်းရွက် ဧက တစ်သိန်းကျော်စိုက်ပျိုးရန် လျာထားပြီး မော်လိုက်ခရိုင်တွင် ၆၅၈၅ ဧက၊ တမူးခရိုင်တွင် ၄၁၈၉ ဧက၊ ကလေးခရိုင်တွင် ၁၅၁၉၅ ဧက၊ ခန္တီးခရိုင်တွင် ၁၀၅၃ ဧက၊ ဟုမ္မလင်းခရိုင်တွင် ၃၂၇၂ ဧက၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၁၇၆၆ ဧက၊ ယင်းမာပင်ခရိုင်တွင် ဧက ၁၉၄၄၀၊ မုံရွာခရိုင်တွင် ၂၀၈၅၆ ဧက၊ ရွှေဘိုခရိုင်တွင် ၂၂၀၈၇ ဧက၊ ရေဦးခရိုင်တွင် ၁၀၄၆၇ ဧက၊ ကန့်ဘလူခရိုင်တွင် ၇၉၉၈ ဧက၊ စစ်ကိုင်းခရိုင်တွင် ၁၆၇၄၃ ဧက၊ ကသာခရိုင်တွင် ၁၄၁၉၇ ဧက၊ ကောလင်းခရိုင်တွင် ၆၁၅၂ ဧက စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

“စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်းသီးနှံ ဟင်းသီးဟင်းရွက်ဧက တစ်သိန်းကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးနေပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက် အားလုံးကို တောင်သူတွေအနေနဲ့ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ညီညွတ်အောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်” ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးသည့် တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသော ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်းနှင့် တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် အသိပညာများပေးခြင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ရွှေတောင်မြို့နယ် ဆေးပုလဲကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရွှေတောင် အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆေးပုလဲကုန်းကျေးရွာ၊ ညောင်လှကျေးရွာနှင့် စကားမြားကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက ဆေးပုလဲကုန်းကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကျော့ကျော့ခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လည်ပတ်ရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသူက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် နေကြာအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးနိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အဆိုပါကျေးရွာသုံးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များက နေကြာစိုက်ပျိုးမည့်တောင်သူ ၅၄ ဦး၊ အခြားဆီထွက်သီးနှံစိုက်ပျိုးမည့် တောင်သူ ၅၈ ဦးနှင့် အခြားစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်မည့် တောင်သူ ၂၂ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၄ ဦးကို ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သန္တာ**

# သဲကုန်းမြို့နယ် ရွာထောင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သဲကုန်း အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက ရွာထောင်ကုန်းကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သဲကုန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးယဉ်ထွေးက အမှာစကား ပြောကြားပြီး သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေများဖြင့် နေကြာအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးလုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သဲကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းက နေကြာစိုက်ပျိုးရေးနည်းစနစ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များက ရန်ပုံငွေကျပ်သိန်း ၂၀၀ ကို နေကြာအပါအဝင် အခြားဆီထွက်သီးနှံများစိုက်ပျိုးမည့် တောင်သူများထံ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သုတ**

# ရပ်စောက်မြို့နယ် လှည်းတိုးကျေးရွာ၌ လူသုံးကုန်ဆပ်ပြာထုတ်လုပ်နည်း သင်တန်းဆင်း

**ရပ်စောက် အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်းကာ လွယ်ကိုးကျေးရွာအုပ်စု လှည်းတိုးကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် လူနေမှုဘဝမြင့်တက်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ဆပ်ပြာထုတ်လုပ်နည်းသင်တန်းဆင်းပွဲကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရပ်စောက်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းစိုးနိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ရပ်စောက်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရွှေရယ်က သင်တန်းသူများအနေဖြင့် သင်တန်းက သင်ကြားပို့ချပေးခဲ့သောအတတ်ပညာများကို စဉ်ဆက်မပြတ်ဆက်လက်လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးချကာ မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှဆောင်ရွက်ကြစေရန်နှင့်ရှေ့ဆက်လက်ဖွင့်မည့် သင်တန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်တန်းနည်းပြ ဒေါ်ခင်ထားသူက သင်တန်းတွင် လက်တွေ့သင်ကြားပို့ချပေးခဲ့သော လူသုံးကုန်ဆပ်ပြာထုတ်လုပ်နည်း အကြောင်းများကို ရှင်းလင်းဆွေးနွေးပြီး အခမ်းအနားသို့ တက်ရောက်လာသော ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို သင်တန်းသူများထံ ပေးအပ်ရာ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းသို့ ရပ်စောက်မြို့နယ်အတွင်းရှိ လွယ်ကိုးကျေးရွာ၊ လှည်းတိုးကျေးရွာနှင့် ပါပန်းကျေးရွာမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ဆပ်ပြာရည်၊ ခေါင်းလျှော်ရည်၊ လက်သန့်ဆေးရည် စသည့်ဘာသာရပ်များကို ကျွမ်းကျင်နည်းပြဆရာမနှစ်ဦးက စာတွေ့၊လက်တွေ့ဖြင့် အောက်တိုဘာ ၁၃ ရက်မှ ၁၉ ရက်ထိ ခုနစ်ရက်ကြာအခမဲ့ သင်ကြားပို့ချပေးခဲ့ကြောင်း ရပ်စောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ရှိုးသန်းညွန့်**



# ထာဝရမိတ်ဆွေ ထာဝရရန်သူ ထာဝရအကျိုးစီးပွား

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

လူသည် တစ်ဦးတည်းနေထိုင်၍ မရ။ အနီးကပ်ဆုံး အနေအထားအရ မိသားစုအတွင်းတွင် မိသားစုချင်း ထိတွေ့ဆက်ဆံကြရ၏။

မိသားစုချင်း ထိတွေ့ဆက်ဆံနေကြရင်းက အိမ်နီးနားချင်းများနှင့်လည်း မလွဲမသွေဆက်ဆံကြရလေ၏။ ထို့မှတစ်ဆင့် ပေါင်းသင်းဆက်ဆံရေးနယ်ပယ် ကျယ်ပြန့်လာကာ လူ့လောကကြီးထဲတွင် မိသားစုဝင်သားချင်းဆွေမျိုးများအပြင် အပေါင်းအသင်း၊ မိတ်ဆွေသင်္ဂဟများဟူ၍ ပေါ်ပေါက်လာခဲ့သည်။

မြန်မာအဘိဓာန်တွင် **မိတ်ဆွေ**ကို **စင်မင်သောသူ**ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပြီး **သင်္ဂဟ**ကို **အပေါင်းအသင်း**ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ထို့ကြောင့် **မိတ်ဆွေသင်္ဂဟ**ဟူသည်မှာ **စင်မင်သောအပေါင်းအသင်း**ဟု ဆိုရပေမည်။

ပိုပြီးတိကျခိုင်မာစေရေးအတွက် **မိတ်**= အဆွေခင်ပွန်း၊ သင့်မြတ်သောအတွဲအဖက်ဟူ၍လည်းကောင်း၊ **မိတ်ဆက်**=မိတ်ဆွေဖြစ်အောင် ဆက်သွယ်သည်ဟူ၍လည်းကောင်း၊ **မိတ်ဖက်**=သင့်တော်လိုက်ဖက်သောအတွဲအဖက်ဟူ၍လည်းကောင်း၊ **မိတ်ဖွဲ့**=မိတ်ဆွေဖြစ်အောင်ပြုသည်။ **မိတ်ပျက်**=မိတ်ဆွေအဖြစ် ဆက်ဆံရင်းနှီးမှုပျက်ပြားသည်ဟူ၍လည်းကောင်း မြန်မာအဘိဓာန်တွင် ဖော်ပြထားပါသည်။

ထို့ပြင် **သင်္ဂဟ**နှင့်ဆက်စပ်ပြီး **သင်္ဂဟတရားလေးပါး**ဖြစ်သည့် (၁) ဒါန=ပေးကမ်းခြင်း၊ (၂) ပိယဝါစာ=ချစ်ဖွယ်စကားဆိုခြင်း၊ (၃) အတ္ထစရိယာ=သူတစ်ပါးအကျိုးဆောင်ခြင်း၊ (၄) သမာနတ္တတာ=မိမိနှင့်တန်းတူ ဆက်ဆံခြင်းများကိုလည်း ဖော်ပြထားပါသေးသည်။ စည်းရုံးသိမ်းသွင်းကြောင်းတရားဟုလည်း ဖွင့်ဆိုထားပါသည်။

ထို့ကြောင့် **မိတ်ဆွေသင်္ဂဟ**ဟု ခေါ်ဆိုသုံးနှုန်းပါက **"စင်မင်ရင်းနှီးကျွမ်းဝင်ပြီး ကောင်းကျိုးပြုသည့်အပေါင်းအသင်းကောင်း"**(တစ်နည်းအားဖြင့်)**"မိတ်ဆွေစစ် မိတ်ဆွေမှန်"**ဟု သတ်မှတ်နိုင်ပါသည်။

အပေါင်းအသင်း မိတ်ဆွေများထဲမှာပင် သက်တူရွယ်တူများကို **သူငယ်ချင်း**ဟူ၍လည်း ခေါ်ဆိုကြသည်။ ငယ်ရွယ်စဉ်ကတည်းက အဖော်အပေါင်းပြုခဲ့သူကို သူငယ်ချင်းဟုသတ်မှတ်ထားသည်။ ငယ်သူငယ်ချင်းကို **ရောင်းရင်း**ဟုလည်းခေါ်သည်။ အသက်အရွယ်ကြီးမှ ပေါင်းဖော်ရသောမိတ်ဆွေကို **ရိုးရင်း**ဟုခေါ်သည်။ ထို့ကြောင့် **"ငယ်ပေါင်းရောင်းရင်းသူငယ်ချင်း၊ ကြီးပေါင်းရိုးရင်းမိတ်ဆွေချင်း"**ဟု ဆိုစကားရှိခဲ့ပါသည်။

လောကီလူမှုရေးနယ်ပယ်တွင် မိတ်ဆွေအပေါင်းအသင်း၊ ရောင်းရင်းသူငယ်ချင်းတို့၏ အပြန်အလှန်ဆက်သွယ်မှုကျယ်ပြန့်လာမှုနှင့်အတူ ရန်သူသဖွယ်ပြဿနာအသွယ်သွယ်နှင့် မှုခင်းကြီးငယ်များကလည်း စဉ်ဆက်မပြတ် ဖြစ်ပေါ်နေကြသည်။

အကြောင်းမှာမူ မိတ်ဆွေစစ် မိတ်ဆွေမှန်နှင့် မိတ်ဆွေတုမိတ်ဆွေယောင်တို့၏ ဝိရောဓိပဋိပက္ခကြောင့်ပင်ဖြစ်သည်။

အပေါင်းအသင်းကြောင့် ဂုဏ်တက်ကြသကဲ့သို့ အပေါင်းအသင်းကြောင့် ဂုဏ်ပျက်ကြရသည့် သာဓကများ မြောက်မြားစွာရှိသည်။ ထို့ကြောင့် လူကြီးမိဘ ဆရာသမားများက အပေါင်းအသင်းကိုရွေးပြီး ပေါင်းသင်းကြရန် ငယ်စဉ်ကတည်းက ပြောဆိုဆုံးမခဲ့ကြသည်။

လူမှန်လျှင် ပတ်ဝန်းကျင်နှင့်ကင်းကွာ၍မရသောကြောင့် အပေါင်းအသင်းမိတ်ဆွေကိုယ်စီရှိကြသည်။ ထိုအပေါင်းအသင်းမိတ်ဆွေများထဲတွင် ကိုယ့်ကိုအကျိုးပေး အထောက်အကူပြုသည့် မိတ်ဆွေစစ် မိတ်ဆွေကောင်းများရှိကြသလို ကိုယ့်ကိုဒုက္ခပေးမည့်သစ္စာပျက် မိတ်ဆွေတုမိတ်ဆွေယောင်များလည်း ရှိနေကြပါသည်။

ကျွန်တော်တို့ ငယ်စဉ်တောင်ကျေး ကလေးဘဝတုန်းက ဗုဒ္ဓဘာသာနှင့် ပြည်သူ့နီတိကျင့်ဝတ်ကို သင်ကြားခဲ့ကြရသည်။

(၃၈)ဖြာမင်္ဂလာတရားတော်ထဲတွင် **အသေဝနာစ ဗာလာနံ** = လူမိုက်နှင့်မပေါင်းသင်းနှင့်။ အကျင့်စာရိတ္တမကောင်းသူများကို ရှောင်ကြဉ်ပါ။ **ပဏ္ဍိတာနဉ္စသေဝနာ** =လူလိမ္မာနှင့်ပေါင်းသင်းပါ။ လူတော်လူကောင်းများနှင့်ပေါင်းသင်းပါ။ **ပူဇာစပူဇနေယျာနံ**=ပူဇော်ထိုက်သူကို ပူဇော်ပါ။ ဂုဏ်ပြုထိုက်သူကိုဂုဏ်ပြုပါ။

**"လူမိုက်ဆိုလျှင်၊ ရှောင်သွေလွှဲလို့**

**မမှီဝဲနဲ့၊ ကင်းအောင်နေ**

**ပညာရှိကို၊ အရှည်တွဲလို့**

❖ အပေါင်းအသင်းကြောင့် ဂုဏ်တက်ကြသကဲ့သို့ အပေါင်းအသင်းကြောင့် ဂုဏ်ပျက်ကြရသည့်သာဓကများ မြောက်မြားစွာရှိသည်။ ထို့ကြောင့် လူကြီးမိဘ ဆရာသမားများက အပေါင်းအသင်းကိုရွေးပြီး ပေါင်းသင်းကြရန် ငယ်စဉ်ကတည်းက ပြောဆိုဆုံးမခဲ့ကြသည်။ လူမှန်လျှင် ပတ်ဝန်းကျင်နှင့်ကင်းကွာ၍မရသောကြောင့် အပေါင်းအသင်း မိတ်ဆွေကိုယ်စီ ရှိကြသည်။ ထိုအပေါင်းအသင်းမိတ်ဆွေများထဲတွင် ကိုယ့်ကိုအကျိုးပေး အထောက်အကူပြုသည့် မိတ်ဆွေစစ် မိတ်ဆွေကောင်းများရှိကြသလို ကိုယ့်ကိုဒုက္ခပေးမည့် သစ္စာပျက်မိတ်ဆွေတု မိတ်ဆွေယောင်များလည်း ရှိနေကြပါသည်။ ❖

**မှီဝဲဆည်းကပ်၊ နည်းယူစေ။**

**သုံးပါးရတနာ၊ မိဘများနဲ့**

**ဆရာသမားကို ပူဇော်လေ**

**ချမ်းသာကိုပေး ဆက်ဆံရေး**

**မြှော်တွေးသုံးချက်ပေး**

**အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။** ဟု ဆက်ဆံပေါင်းသင်းရေးအဖြစ် သင်ကြားခံယူခဲ့ကြရသဖြင့် နှုတ်တက်ရွရွ ကျက်မှတ်ရွတ်ဆိုခဲ့ကြရသည်။

**လောကသာရပျို့**တွင်လည်း "ပညာမျက်စိ၊ မြင်မရှိ၍၊ အသိတရား၊ အယူမှားလျက်၊ စီးပွားမမြော်၊ ကျိုးမပေါ်သား၊ သူတော်မဟုတ်၊ ယုတ်သည့်စရိုက်၊ လူသူမိုက်ကို၊ မကြိုက်မချစ်၊ ရန်သူစစ်သို့၊ မနှစ်သက်ဘဲ၊ ဝေးစွာရှဲ၍၊ အမြဲခွာရှင်း၊ ဖဲကြဉ်မင်း"ဟု လူမိုက်နှင့်မပေါင်းသင်းကြရန် သတိပေးဆုံးမစာကိုလည်း သင်ကြားခဲ့ကြရသည်။

ထို့ကြောင့်လည်း ကျွန်တော်တို့ခေတ်က လူငယ်အများစု လူမှုဆက်ဆံရေးနှင့်ယဉ်ကျေးမှုအဖြာဖြာတွင် ယနေ့လူငယ်များထက် အစစအရာအရာတွင် သာလွန်ကြသည်။ လူကြီးမိဘ၊ ဆရာသမားများ စိတ်အေးချမ်းကြရသည်။ လူ့ဘောင်လောကလည်း သာယာစိုပြည်ခဲ့သည်။

ခေတ်မီတိုးတက်လှပါသည် ဆိုနေကြသော်လည်း ထိုခေတ်မီတိုးတက်မှုနှင့်တွဲဖက်လျက် ရုပ်ပျက်ဆင်းပျက်ရိုင်းပျမှု၊ ကောက်ကျစ်စဉ်းလဲမှု၊ ဝန်တိုမစ္ဆရိယစိတ်ထားမှု၊ သစ္စာမဲ့မှု၊ စာနာထောက်ထားညှာတာစိတ်ကင်းမဲ့မှုများ အပြိုင်အဆိုင်ဖြစ်လာကြသည်။

ထို့ကြောင့် တစ်ဦးကိုတစ်ဦး ယုံကြည်ရန်ခက်ခဲလာသည်။ လျင်သူ၊ လည်သူ စားစတမ်းခေတ်ဖြစ်နေလေရာ နေရာတကာတွင် သံသယဝင်လာကြသည်။ စိတ်ရောကိုယ်ပါ နှစ်နှစ်ကာကာပေါင်းသင်းကြရမည့် မိတ်ဆွေသင်္ဂဟ အလွန်ရှားပါးလာကြသည်။

စီးပွားရေး၊ ကြီးပွားရေးလုပ်ငန်းများတွင် မိတ်ကောင်းဆွေကောင်းရှိကြပါမှ အောင်မြင်တိုးတက်မှုရှိသည်။ မိတ်ကောင်းဆွေကောင်းမရှိဘဲ မိတ်ဆွေတုမိတ်ဆွေယောင်များ တစ်နပ်စားဉာဏ်ရှိသူများ၊ သူ့လူကိုယ့်ဘက်သားများနှင့်သာ ပေါင်းသင်းမိပါက ဆုတ်ယုတ်ပျက်စီးကျဆုံးမည့်သူဖြစ်သည်။

အပေါင်းအသင်းကို ရွေးချယ်ပေါင်းသင်းကြရန် မိဘတချို့ကလည်း သင်ပေးနိုင်စွမ်းမရှိကြ။ လူကြီးမိဘတချို့ကိုယ်တိုင်က စရိုက်ပျက်နေကြသည်။ ဓလေ့ကိုဖျက်ဆီးနေကြသည်။ သည်တော့ကာ သားသမီးများက ဒီပုတ်ထဲကဒီပဲများဖြစ်နေကြသည်မှာမဆန်း။ မျိုးစေ့မမှန်တော့ ပင်မသန်သည်မှာ သဘာဝနိယာမပင်မဟုတ်ပါလော။

မိဘဝတ္တရားငါးပါး၊ သားသမီးဝတ္တရားငါးပါး၊ ဆရာ့ဝတ္တရားငါးပါး၊ တပည့်ဝတ္တရားငါးပါး၊ မိတ်ဆွေကျင့်ဝတ်ငါးပါး စသည်ဖြင့်ရှိရာ မိတ်ဆွေစစ်မိတ်ဆွေမှန်ကို ရွေးချယ်ပေါင်းသင်းလိုကြပါက မိတ်ဆွေကျင့်ဝတ်ငါးပါးနှင့် ချိန်ထိုးတိုင်းတာ ရွေးချယ်သင့်ပါသည်။

"ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နှုတ်မြွက်သံချို၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေမိတ်သဟာ"ဟု **သိင်္ဂါလောဝါဒသုတ်တော်လာကျင့်ဝတ်**များထဲတွင် မိတ်ဆွေကျင့်ဝတ်ငါးပါးကို သတ်မှတ်ထားရာ ကိုယ့်မိတ်ဆွေအပေါင်းအသင်းများထဲတွင် ထိုကျင့်ဝတ်များနှင့်ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ကြည့်သင့်ပါသည်။

**ဓွယ်နံ့နိတိကထာ**ထဲတွင် "စီးပွားကိုဆောင်ရင်၊ သူစိမ်းဖြစ်ပေမယ့်၊ အဆွေခင်ပွန်းဖြစ်တယ်။ စီးပွားကိုမဆောင်ရင်၊ အဆွေခင်ပွန်းဖြစ်ပေမယ့်၊ သူစိမ်းပဲ။ ကိုယ်နဲ့အနီးကပ်နေရာမှာရှိနေတဲ့ အနာရောဂါဟာစီးပွားကိုမဆောင်ပေမယ့်၊ တောထဲကခွယ်မြက်သစ်ပင်တွေဟာ၊ ဆေးဝါးဖြစ်နေရင်၊ ကိုယ့်အကျိုးကိုဆောင်လို့ မိတ်ဆွေပဲ"ဟု လမ်းညွှန်မှုပြုထားသည်။

မိတ်ဆွေအပေါင်းအသင်း ရွေးချယ်ပေါင်းသင်းကြရာတွင် ဆောင်သင့်၊ ရှောင်သင့်သည်များကို အတွေ့အကြုံရှိကြသည့်လူကြီးများကဲ့သို့ လူငယ်များနားလည်ကျွမ်းဝင်မှုမရှိကြပေ။ ကောင်းနိုးနိုး၊ ဟုတ်နိုးနိုးဖြင့် ဝိုးတိုးဝါးတား၊ ထင်ယောင်ထင်မှားအဆင့်သာ ရှိနေကြလေရာ စမ်းတဝါးဝါးအမြင်ကြောင့် လမ်းမှားသို့ရောက်ပြီး ဒုက္ခမျိုးစုံနှင့်ကြုံတွေ့ကြလေ့ရှိကြသည်။

ထို့ကြောင့် မိတ်ဆွေတု မိတ်ဆွေယောင်များနှင့် ပတ်သက်၍ "ဦးချိုရှိတဲ့သတ္တဝါကို အတောင်ငါးဆယ်ရှိတဲ့အရပ်က ရှောင်ကြဉ်ပါ။ မြင်းကို အတောင်တစ်ရာရှိတဲ့အရပ်က ရှောင်ကြဉ်ပါ။ အစွယ်ရှိတဲ့ဆင်ကို အတောင်တစ်ထောင်ရှိတဲ့အရပ်က ရှောင်ကြဉ်ပါ။ မိတ်ဆွေတု မိတ်ဆွေယောင်နှင့် သူယုတ်မာကိုတော့ အဲဒီအရပ်မှာမနေတော့ဘဲ အဆက်အသွယ်ဖြတ်၊ ရှောင်ကြဉ်သွားပါ"ဟု ပညာရှိသုခမိန်များက အတွေ့အကြုံများအရ ဆိုဆုံးမဩဝါဒပေးထားပါသည်။

**မကောင်းမိတ်ဖျင်း**ဟူသော မိတ်ဆွေတု မိတ်ဆွေယောင်များသည် အပေါင်းအသင်းများ၏ တိုးတက်ရာတိုးတက်ကြောင်း၊ ကြီးပွားရာကြီးပွားကြောင်း၊ ကောင်းသည့်ဘက်ကိုမဆွယ်ကြဘဲ ပျက်စီးဆုတ်ယုတ်စေသည့်ဘက်ကိုသာ ဆွဲဆောင်သိမ်းသွင်းကြလေ့ရှိသည်။ အသောက်အစား၊ လောင်းကစား၊ အပျော်အပါးလိုက်စားချင်စိတ်ပေါက်အောင် တဒင်္ဂသာယာမှုကို ထာဝရသာယာမှုထင်အောင် ကျုံးသွင်းကြလေ့ရှိသည်။

ထို့ကြောင့် "ရန်သူနှင့်ဖြစ်စေ၊ အဆွေခင်ပွန်းနှင့်ဖြစ်စေ ယုံယုံကြည်ကြည် အကျွမ်းမဝင်ပါနှင့်။ တစ်ခါတစ်ရံမှာ အဆွေခင်ပွန်း အမျက်ထွက်လျှင် ကိုယ့်အပေါ်ကို အမျက်သိုအငြိုးထားပြီး အပြစ်အနာအဆာများရှာဖွေကာ ဒုက္ခအကြီးအကျယ်ပေးတတ်သည်"ဟုလည်း သင်ခန်းစာပေးထားပါသည်။

ယုတ်မာသူတချို့ဆိုလျှင် စီးပွားပျက်စေရုံမျှသာမက ဘဝပါပျက်သွားအောင် ကြံစည်လေ့ရှိသည်။ လောင်းကစား၊ အရက်နှင့်မူးယစ်ဆေးဝါးအပါအဝင် မိန်းမပျက်များနှင့်ပေါင်းကာ နာလန်မထူနိုင်အောင် အပိုင်ကိုင်၍ လုပ်ကြံဖျက်ဆီးကြလေ့ရှိသည်။ သူငယ်ချင်းကို အရက်မူးအောင်တိုက်ပြီး သူငယ်ချင်း၏ဇနီးကို သားမယားအဖြစ်ပြုကျင့်သူ၊ သူငယ်ချင်း၏သမီး၊ ညီမ၊ အစ်မကိုစော်ကားသူ၊ ဘဝပျက်အောင်လုပ်ပြီး ဒုစရိုက်လောကထဲဆွဲသွင်းသူ၊ လူယုတ်မာမိတ်ဆွေတု မိတ်ဆွေယောင်များကား လူမှုရေးနယ်ပယ်အသီးသီးတွင် ရှိနေကြပါသည်။

ထို့ကြောင့် **သုတသောမပျို့**တွင် **"သတ္တဝါအား၊ မဆိုထားဘိ၊ ရှိသားရက္ခ၊ သစ်ပင်မှလည်း၊ ပေါင်းကြယှဉ်မှား၊ ဓွေးတောက်ခါးနှင့်၊ နှစ်ပါးတူရှိ၊ ယုက်တင်ဘိက၊ မိမိချိုရင်း၊ ရသာကင်း"**ဟု အပေါင်းအသင်းမှား၍ ဂုဏ်ပျက်ရသည်ကို ညွှန်းဆိုသတိပေးထားပါသည်။

ပျက်စီးခြင်း၏အပြစ်ခြောက်ပါးထဲတွင်ပါဝင်သော **မကောင်းမိတ်ဖျင်း**များသည် မိမိကိုသာမက မိမိ၏မိသားစုကိုပါ ထိခိုက်ပျက်စီးစေလေ့ရှိသည်။

မိတ်ဆွေကျင့်ဝတ်၏ ဆန့်ကျင်ဘက်၊ မိတ်ဆွေပျက်ပြားခြင်းအပြစ်ခြောက်ပါးရှိသည်။ **"ကြွေးအံကြူးထ၊ မိန်းမကြူးထွေ၊ သေစာကြူးမှု၊ အတုပြုပြား၊ လည်စားတစ်ထောက်၊ မျက်မှောက်လည့်ချက်၊ နိုင်ထက်လုယူ၊ ဤသူခြောက်ပါး၊ ပျက်ပြားမိတ်ဆွေ အပြစ်တည်း"**ဟူ၍ရှိရာ ကောင်းကျိုးပေးမှုတစ်ချက်မျှမပါဘဲ အကောက်ကြံသစ္စာမဲ့ရာများသာ ရောပြွမ်းနေသောကြောင့် ထိုမိတ်ဆွေမျိုးကို ထာဝစဉ်ရှောင်ကြဉ်သင့်ပါသည်။

မိတ်ဆွေစစ်တို့မည်သည်မှာ "အကျိုးမထင်လျှင်၊ ဖိတားမြစ်တာလို့၊ ကျိုးရှိရာယှဉ်စေကြောင်း၊ ဖျောင်းဖျ

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အမြင်အာရုံကြည်လင်လာစေနိုင်သည်



လမ်းလျှောက်တာနဲ့ အမြင်အာရုံကြည်လင်တာက သိပ်တော့ဆက်စပ်မှုမရှိဘူးလို့ထင်ရပေမယ့် တကယ်တမ်းမှာတော့ အဲဒီလိုမဟုတ်ဘဲ လမ်းလျှောက်တာဟာ မိမိတို့ရဲ့အမြင်အာရုံကို တိုးတက်ကောင်းမွန်စေတယ်လို့ဆိုပါတယ်။

ဘာကြောင့် အမြင်အာရုံတိုးတက်ကောင်းမွန်တာလဲဆိုရင် လမ်းလျှောက်ခြင်းဟာ မျက်စိမှာဖြစ်ပေါ်နေတဲ့ ဖိစီးမှုတွေကို ပြေလျော့စေလို့ပါ။

ဒါ့အပြင် မျက်လုံးအိမ်အတွင်း ဖိအားများလို့ မျက်စိကွယ်စေတတ်တဲ့ အခြေအနေဖြစ်တဲ့ ရေတိမ်ဖြစ်ပွားမှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

➤ စာမျက်နှာ ၄ မှအဆက်

ပွဲပြင်၊ စည်းစိမ်အင်ပျက်နည်းလို့၊ လက်ချည်းဖြစ်ချေလျှင်၊ စွန့်မည်ပင်ကြံဘူး၊ သည်သုံးဖြာလက္ခဏာ၊ မိတ်ဆွေကောင်းပေပ၊ ပေါင်းဖက်ယှဉ်ပူး" ဟု **ဓမ္မနီတိကျမ်း**တွင် ဆိုမိန့်သတိပေးထားသည်။ ဆိုလိုရင်းမှာ မိတ်ဆွေစစ်မိတ်ဆွေကောင်းမှန်လျှင် ကိုယ့်မိတ်ဆွေ၏အကျိုးအတွက် မိတ်ဆွေက မဟုတ်တာမမှန်တာလုပ်နေလျှင် လမ်းမှားနေလျှင် အမုန်းခံ၍တားဆီးရမည်။ ဖျောင်းဖျနားချရမည်။ အကယ်၍ ကိုယ့်မိတ်ဆွေ စီးပွားပျက်၊ ဘဝပျက်ပြီး လက်ချည်းဗလာဖြင့် ခိုကိုးရာမဲ့အခြေအနေမဲ့ဘဝရောက်သွားလျှင်လည်း ဥပေက္ခာပြု လျစ်လျူရှု စွန့်ပယ်ခြင်းမပြုဘဲ စောင့်ရှောက်ကူညီရမည်ဟု လမ်းညွှန်ထားပါသည်။

ပညာရှိ သုခမိန်များနှင့် လူကြီးမိဘများက မိတ်ဆွေစစ်ကိုရှာဖွေကြရာတွင်**"ကြာကြာပေါင်းကြည့်မှ အကြောင်းသိ"**၊ **"ကြံသာအစဉ်ရှိသည်၊ လူမှာအစဉ်မရှိ"**၊ **"သူ့ကို ကိုယ်ဖျက်၊ ကိုယ်ပင်ပျက်"**၊ **"ဟန်ဆောင်တဲ့မိတ်ဆွေ၊ ရန်သူထက်ဆိုးသည်"**၊**"သူကောင်းဖြစ်ငြား၊ မူထားကောင်းလျက်၊ အပေါင်းဖျက်သည်"**၊ **"အကျိုးဆောင်သန်ရန်ဖြစ်"**၊ **"အပေါ်ယံရွှေမှုန်ကြဲ၊ အထဲကန္တာရချေးစံ"**၊ **"အရက်မူးကျွဲခိုးပေါ်"**၊ **"အရောဝင် အရိုအသေတန်"**၊ **"အလုပ်တူဖြူစူ၊ အကြွေတူရန်သူ"**၊ **"ကျောချမှ ဓားပြမှန်းသိ"**၊ **"ချစ်ခင်ပေါင်းသင်း၊ မိတ်ဆွေရင်း၊ ငွေချေးဖြင်းက၊ ကွဲတတ်ကြ"**၊ **"အပေါင်းအသင်းကြောင့်ဂုဏ်တက်၊ အပေါင်းအသင်းကြောင့်ဂုဏ်ပျက်"**ဟူသော ဆိုစကားများကို အတွေ့အကြုံများစွာထဲမှ အခြေခံထုတ်နုတ်ပြီး နောင်းလူများသံဝေဂရယူကြစေရေးအတွက် မျှဝေပေးခဲ့ခြင်းဖြစ်ပါသည်။

မိတ်ဆွေစစ်နှင့် မိတ်ဆွေတုကို ခွဲခြားရွေးချယ်ပေါင်းသင်းကြစေရေးအတွက် အတွေ့အကြုံရှိခဲ့ကြသော လူကြီးမိဘ၊ ဆရာသမားများနှင့် မိတ်ဆွေကောင်းများက ယနေ့လူငယ်လူရွယ်တချို့ကို ဖြစ်ရပ်မှန်မှခင်းများ၊ ပြဿနာများ၊ စကားပုံများ၊ ကျင့်ဝတ်များ စသည်ဖြင့် ဆောင်သင့်၊ ရှောင်သင့်သည်များကို ပြောဆိုနားချ၊ ဖျောင်းဖျဆုံးမနေကြသော်လည်း **"ကျွဲပါးစောင်းတီး၊ အချည်းနှီးပမာ"**လိုက်နာမှုမရှိကြပေ။ **"ပိုးသာကုန်မောင်ပုံစောင်းမတတ်"**သည့်ကိန်း ဆိုက်ရောက်နေကြသည်။

တချို့ဆိုပါမူ၊ ဖျောင်းဖျနားချ ဆုံးမသူများကိုပင် ကျေးဇူးမတင်ရန်သူထင်ကာ ဆဲရေးတိုင်းထွာကြသည့်အပြင် တုတ်တစ်ပြက်၊ ဓားတစ်ပြက် နီးစပ်ရာလက်နက်တစ်ခုခုဖြင့် တုံ့ပြန်ရန်ပြုလေ့ရှိနေကြသည်။ တချို့မှာမူ အရက်ကြောင့်သွေးပူ၊ မကျေနပ်ခံပြင်း ဒေါသကြောင့်သွေးဆူပြီး မိဘအရင်း၊ သားချင်းဆွေမျိုးများနှင့်ကောင်းကျိုးလိုလားသူများကို အထင်အမြင်လွဲမှားကာ ရက်စက်စွာသတ်ဖြတ်မိသည်ထိ ရမ်းကားကျူးလွန်ခဲ့ကြသည်။ အကျိုးလို၍ ကရုဏာဒေါသဖြင့် ပြောဆိုဆုံးမမိသူများ စေတနာကိုချေတာသင့်ကြပါသည်။ **"အကျိုးလိုလို၊ ညောင်ရေလောင်း၊ ပတ်ထမ်းကောင်းနှင့်တွေ့"**ဆိုသကဲ့သို့ အချောင်အမုန်းခံကြရ၊ အဆဲအဆိုအငြိုငြင်ခံကြရ၊ အချောင်သေဆုံးကြရသည်။ စေတနာထားမိ၍ ဝေဒနာခံစားကြရသည်။

**"ပွက်ပွက်ဆူနေသော ရေနွေးအိုးထဲတွင်၊ ကိုယ့်ရုပ်သွင်ကို ပြန်၍မမြင်နိုင်သကဲ့သို့"**လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ တဏှာရာဂမီး လောင်မြိုက်နေကြသူများမှာ အမှားအမှန်ကို ခွဲခြားနိုင်စွမ်းမရှိကြတော့ဘဲ အရူးချေးပန်း၊ ဆင်ကန်းတောတိုး၊ ဆိုးသွမ်းရမ်းကားနေကြသောကြောင့် ၎င်းတို့ကိုစေတနာထားနေကြသောမိဘများ၊ ဆွေမျိုးမိတ်သင်္ဂဟများအနေဖြင့် ပြောဆိုဆုံးမမိကြပါက သူတို့၏ ဒေါမနဿကိုဆွပေးလိုက်သည်နှင့်တူကာ ပို၍ပင်ဆိုးသွမ်းရမ်းကားလေ့ရှိကြသည်ကို အထူးသတိပြုကြစေချင်ပါသည်။

**"မီးပြင်းရိုက်မှာ ရေမလိုက်နိုင်ပါ"**ဟူသောစကားနှင့်အညီ အမှောင်အားများနေကြပါက အလင်းပြလည်း အချည်းနှီးပင်တည်း။ လူလိမ္မာ၏ စကားသည် လူမိုက်အတွက် နားခါးနေမြဲပင်တည်း။

ဤနေရာတွင် ကျန်စစ်သားနှင့်စောလူးမင်း၏ သမိုင်းဝင်ဖြစ်စဉ်ကို သာဓကပြချင်ပါသည်။ ငရမန်ကန်းက ပုန်ကန်ထကြွနေသောကြောင့် ကျန်စစ်သားနှင့်စောလူးမင်းတို့က နှိမ်နင်းခဲ့ကြရသည်။ ငရမန်ကန်းက စောလူးမင်းကို ဖမ်းဆီးရမိချုပ်နှောင်ထားရာ ညဘက်တွင် ကျန်စစ်သားက စောလူးမင်းကို အသက်ကိုရင်း၍လာရောက်ကယ်တင်ခဲ့သည်။ စောလူးမင်းကို ကျန်စစ်သားကပခုံးပေါ် ထမ်းပြီးလှမ်းအထွက်တွင် စောလူးမင်းက ကျန်စစ်သားကိုအထင်မှားကာ သူခိုးသူခိုးဟုအော်ဟစ်ခဲ့သည်။ ကျန်စစ်သားက သူ့ကိုကယ်တင်ပြီး အပြင်ရောက်လျှင် သူ့ကိုရန်ငြိုးရန်စကြောင့်သတ်မှာသေချာတယ်ဟုအထင်မှားခြင်းဖြစ်သည်။ ကျန်စစ်သားက သူ့ကိုသတ်ချင်မှဖြင့် အချုပ်ခန်းထဲမှ အပင်ပန်းခံပြီး ထမ်းထုတ်ရန်မလိုဘဲ အချုပ်ခန်းထဲမှာပင် သတ်ခဲ့လျှင်ရသည်။

စေတနာဝေဒနာဖြစ်သွားရရှာသော ကျန်စစ်သားက **"ငရန်မန်ကန်းလက်ထဲမှာ၊ နင့်ထိုက်နဲ့နင့်ကံ နေခဲ့ပေတော့။ စွေးသေဝက်သေ သေခဲ့ပေတော့"**ဟု ကရုဏာဒေါသောပြောဆိုကာ စောလူးမင်းကို ပစ်ချထားခဲ့လေသည်။ ငရမန်ကန်းကလည်း စောလူးမင်းကိုစိတ်မချရဘူးဆိုကာ ချက်ချင်းသတ်ပစ်လိုက်လေသည်။

ထို့ကြောင့် ပြောဆိုဆုံးမ နားချဖျောင်းဖျ၍ မရကြသူများကို ကျန်စစ်သားထုံးနှလုံးမူပြီး ဘေးမဲ့နွားအလား လွှတ်ထားသင့်သည်။

ကမ္ဘာ့နိုင်ငံရေးသုခမိန်ကြီးတစ်ဦးက **"ထာဝရမိတ်ဆွေ၊ ထာဝရရန်သူဆိုတာမရှိဘူး။ ထာဝရအကျိုးစီးပွားပဲရှိတယ်"** ဟုပြောဆိုခဲ့ရာ သမိုင်းဝင်၍ မှတ်တမ်းတင်ပြီး ကျန်ခဲ့ပါသည်။

လူသားမျိုးနွယ်အဆက်ဆက်တို့၏ သမိုင်းသည် လူသားတို့၏ စားဝတ်နေရေးအတွက် အဓိကကျသော ကုန်ထုတ်ဆက်ဆံရေးသမိုင်းပင်ဖြစ်သည်။ ဆက်ဆံရေးဆိုသည်မှာ ပေါင်းသင်းဆက်ဆံရေးပင်မဟုတ်ပေ။

ကုန်ထုတ်ဆက်ဆံရေးကို အကြောင်းပြုပြီး မိတ်ဆွေများဖြစ်ခဲ့ကြသကဲ့သို့ ရန်သူများလည်းဖြစ်ခဲ့ကြသည်။ အကျိုးစီးပွားချင်းမတူကြဘဲ အားပြိုင်လာကြသောအခါ စစ်ပွဲများဆင်နွှဲကြသည်။ အကျိုးစီးပွားချင်းတူညီလာသောအခါ မဟာမိတ်ဖွဲ့ကြပြန်သည်။

ထင်ရှားသည့်မျက်မှောက်ကာလမှ သာဓကတချို့ကို တင်ပြရပါမူ တစ်ချိန်က ကျွန်တော်တို့နိုင်ငံနှင့် ရန်သူကြီးပမာ အချိန်ကြာမြင့်စွာ ပိတ်ဆို့တားဆီး အမုန်းမီးများတောက်ခဲ့သော အမေရိကန်နိုင်ငံ၊ ကျွန်တော်တို့နိုင်ငံကို ကိုလိုနီနယ်ချဲ့အဖြစ် ဖိနှိပ်အုပ်စိုးခဲ့သော ဗြိတိသျှအင်္ဂလန်နိုင်ငံ၊ တစ်ချိန်ကကျွန်တော်တို့နိုင်ငံကို ငရဲခန်းတမျှ နှိပ်စက်ခဲ့ကြသဖြင့် ဖက်ဆစ်ဟူ၍ နာကြည်းခဲ့ရသည့်ဂျပန်နိုင်ငံ။ ထိုနိုင်ငံများသည် ယခုတော့ ကျွန်တော်တို့နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးနေကြပြီး မဟာမိတ်ဖွဲ့ကြကာ ရွှေလမ်းငွေလမ်းဖောက်ကြလျက် အပြန်အလှန်အသွားအလာပြုနေကြလေပြီ။

အရှေ့ဂျာမနီနှင့် အနောက်ဂျာမနီ ပေါင်းစည်းသွားကြပြီး ဂျာမနီတစ်နိုင်ငံတည်းဖြစ်သွားသကဲ့သို့ တောင်ဗီယက်နမ်နှင့် မြောက်ဗီယက်နမ် ပေါင်းစည်းသွားကြပြီး ဗီယက်နမ်တစ်နိုင်ငံတည်းဖြစ်သွားသည်။

တောင်ကိုရီးယားနှင့် မြောက်ကိုရီးယား ယနေ့ထိဘာကြောင့်မပေါင်းစည်းသေးတာလဲ။ အဖြေကတော့ ရှင်းနေပါသည်။ အကျိုးစီးပွားချင်း ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ အပြန်အလှန်အကျိုးပြုနေပါက မိတ်ဆွေများ ဖြစ်နေကြပေဦးမည်။

**"အလုပ်တူဖြူစူ၊ အကြွေတူရန်သူ"**ဟူသောဆိုစကားအတိုင်း အပြိုင်အဆိုင် အဏုမြူလက်နက်ထုတ်လုပ်နေကြသူအချင်းချင်း၊ အပြိုင်အဆိုင် စီးပွားရေးနှင့် စစ်ရေးစားကျက်လုနေကြသူအချင်းချင်း ရန်မူနေကြပြီး ရန်သူဖြစ်နေကြသည်မှာလည်း မြင်သာထင်သာရှိနေကြပါသည်။

ထို့ကြောင့် **"ထာဝရမိတ်ဆွေ၊ ထာဝရရန်သူဆိုတာမရှိဘူး။ ထာဝရအကျိုးစီးပွားပဲရှိတယ်"**ဟူသော စကားသည် လက်ရှိအခြေအနေအရ မှန်ကန်လွန်းလေစွတကား။

အကြင်သူ၏မျက်နှာသည် ပဒုမ္မာကြာကဲ့သို့ ရွှင်လန်းနေ၏။ ဆိုစကားကလည်း စန္ဒကူးကဲ့သို့ချမ်းအေးနေ၏။ သို့သော် နှလုံးသားကတော့ အမြန်သေဆုံးစေသည့် အဆိပ်ရှိနေသည်ကို သတိပြုကြစေချင်ပါသည်။

## သားလိမ္မာ စစ်သူကြီး

- ကြောင်းခွင့်မသာ ငါတို့မှာလျှင်
ခုခါအရေး ပျက်ယောင်တကား။

- သို့ဖြစ်ဘိလည်း
သတ္တိလှံ့လ ဝီရိယကို
လုံးဝမလျှော့ မာန်မပျော့ပဲ
ခေါင်းမော့လျက်သာ ဤကမ္ဘာဝယ်
မြန်မာပြည်ဖွား မြန်ပြည်သားဟု
ကျော်ကြားမြင့်ခေါင် ထင်လင်းအောင်လျှင်
ငါ ဆောင်ရွက်ခဲ့မည်တကား။

- စစ်သူကြီးလျှင် စစ်မြေပြင်၌
သေလျှင်ဂုဏ်ဖြပ် ပိုမြင့်မြတ်သည်
မှတ်လော့ညီဘွား မောင်စစ်သားတို့
ငါကားယခု မမှုသေခြင်း
တွန့်တိုကင်းသို့
မောင်မင်းတို့သည် နောင်အရှည်ဝယ်
ပြည်ရေးပြည်ရာ ရှိချေပါလျှင်
မြန်မာ့ပြည်ဘုန်း ဇာနည်ထုံးကို
နေနှုန်းမြင့်တက် လျှံဖိတ်လက်အောင်
အသက်ခန္ဓာ စွန့်လွှတ်ပါဟု
ငါမှာကြားလိုသည်တကား။

- သေအံ့မူးမူး သွေးဖြင့်လူးလည်း
ဦးလည်မသုန် တိုင်းပြည်ဂုဏ်ကို
အာရုံဝင်စား စစ်စကားဖြင့်
စစ်သားဟန်လွှမ်း သူ့မှာတမ်းကား
ဖြန်းဖြန်းဖြိုးဖြိုး သွေးကိုနှိုးသည်
သတိုးသီရိသုဓမ္မ
မင်းကြီး မဟာဗန္ဓုလ။

- ဗန္ဓုလလျှင် ငယ်ရွယ်စဉ်၌
မိခင်ကြီးက မုဆိုးမမို့
ညီမညီငယ် လူမမယ်ကို
ခင်တွယ်ပြုစု လုပ်ကျွေးမှုဖြင့်
ယုယကြင်နာ စောင့်ရှောက်ကာလျှင်
သူ့တာ ကျေခဲ့သည်တကား။

- အရွယ်ရောက်လျှင် စစ်မြေပြင်၌
စစ်ဆင်တက်လှမ်း တာဝန်ထမ်းသော်
စွမ်းရည်ဆိုင်ရာ ဘွဲ့များစွာကို
သူ့မှာပိုင်ပိုင် ဆွတ်ခူးနိုင်လျက်
နိုင်ငံတော်အတွက် သူ့အသက်ကို
ရက်ရက်မရွံ့ စွန့်လွှတ်စွန့်စား
ပေးလှူသွားသည်
သားကောင်းပီခဲ့သည်တကား။

- သားအလိမ္မာ ဆိုထိုက်ပါသော
မေတ္တာဖြူစင် ဉာဏ်ဖြင့်ယှဉ်သော
အမြင်တော်ဖြောင့် မျိုးဂုဏ်စောင့်သော
တွေးကြောင့်မထင့် စိတ်နေမြင့်သော
ရဲရင့်သရဖူ တံခွန်ဟူသော
ဤသူရဲကောင်း ယောကျ်ားကောင်း၏
သားကောင်းပီပုံ အလုံးစုံနှင့်
သူ့ဂုဏ်သိက္ခာ ထင်လင်းစွာလျှင်
ကမ္ဘာအရှည် တည်လိမ့်တကား။ ။

မြင့်မှုမောင်နိုင်မိုး

# နိုင်ငံတကာ သတင်းများ

## ယူကရိန်းမောင်းသူမဲ့လေယာဉ်နှင့် ပတ်သက်၍ ကုလသမဂ္ဂအကြီးအကဲကို ရုရှားသတိပေး

**နယူးယောက် အောက်တိုဘာ ၂၀**

မောင်းသူမဲ့လေယာဉ်များပြဿနာနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရန် ယူကရိန်းသို့ ကျွမ်းကျင်သူများ စေလွှတ်ခဲ့လျှင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်နှင့်ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးကို ပြန်လည်စဉ်းစားမည်ဟု ရုရှားတာဝန်ရှိသူများကအောက်တိုဘာ ၁၉ ရက်တွင် ပြောကြားလိုက်ကြောင်း ဗွီအိုအေသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့ကို တိုက်ခိုက်ရာတွင် အသုံးပြုခဲ့သည့် မောင်းသူမဲ့လေယာဉ်များမှာ အီရန်နိုင်ငံထုတ် မောင်းသူမဲ့လေယာဉ်များ ဖြစ်ရာ ယင်းလေယာဉ်များအား အသုံးပြုမှုသည် အီရန်နှင့်ပတ်သက်၍ ချမှတ်ထားသည့် ကုလသမဂ္ဂဆုံးဖြတ်ချက်တစ်ရပ်ကို ချိုးဖောက်ရာရောက်ကြောင်း အနောက်အုပ်စုနိုင်ငံများက စွပ်စွဲထားသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ပြင်သစ်နှင့် ဗြိတိန်တို့၏ မေတ္တာရပ်ခံချက်အရ ယူကရိန်းစစ်မြေပြင်၌ ရုရှားနိုင်ငံက မောင်းသူမဲ့လေယာဉ်များသုံးစွဲမှုပြဿနာနှင့်ပတ်သက်၍ အောက်တိုဘာ ၁၉ ရက်တွင် ဆွေးနွေးခဲ့ကြသည်။

သို့ရာတွင် မောင်းသူမဲ့လေယာဉ်ပြဿနာနှင့်ပတ်သက်၍တရားမဝင် စုံစမ်းစစ်ဆေးမှုများ၌ ပါဝင်မှုကို ရှောင်ရှားရန် ရုရှားနိုင်ငံ၏ ကုလသမဂ္ဂဆိုင်ရာ လက်ထောက်သံအမတ်ကြီးက ကုလသမဂ္ဂအကြီးအကဲနှင့် ဝန်ထမ်းများကိုတိုက်တွန်းခဲ့သည်။

ထို့ပြင် မောင်းသူမဲ့လေယာဉ်ပြဿနာကို စုံစမ်းစစ်ဆေးရန် ယူကရိန်းသို့ ကျွမ်းကျင်သူများ စေလွှတ်ခဲ့ပါက ကုလသမဂ္ဂအကြီးအကဲနှင့်ပူးပေါင်းဆောင်ရွက်မှုများကို ပြန်လည်စဉ်းစားရတော့မည်ဖြစ်ကြောင်း ရုရှားဒုတိယသံအမတ်ကြီးက လုံခြုံရေးကောင်စီအစည်းအဝေး၌ သတိပေးခဲ့သည်။

ယူကရိန်းစစ်မြေပြင်၌ အီရန်နိုင်ငံထုတ် မောင်းသူမဲ့လေယာဉ်များ သုံးစွဲနေသည်ဆိုသော အနောက်အုပ်စု၏ စွပ်စွဲချက်များကို ရုရှားနိုင်ငံက ငြင်းပယ်ထားပြီးဖြစ်ကြောင်း သိရသည်။

KKO

## မလေးရှားအထွေထွေရွေးကောက်ပွဲကို ယခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် ကျင်းပမည်

**ကွာလာလမ်ပူ အောက်တိုဘာ ၂၀**

မလေးရှားနိုင်ငံသည် ယခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် အထွေထွေရွေးကောက်ပွဲသစ်ကျင်းပရန် စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မလေးရှားနိုင်ငံ အနေဖြင့် အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၁၉ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် နိုဝင်ဘာ ၅ ရက်တွင် ရွေးကောက်ပွဲကော်မရှင်၌ အမည်စာရင်းတင်သွင်းရမည်ဖြစ်ကြောင်း မလေးရှားရွေးကောက်ပွဲကော်မရှင်က ယနေ့သတင်းစာရှင်းလင်းပွဲတွင် ကြေညာခဲ့သည်။

ရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ရွေးကောက်ပွဲမစတင်မီ မဲဆွယ်လှုပ်ရှားမှုများအတွက် အချိန်ရက်သတ္တနှစ်ပတ် ရလိမ့်မည်ဖြစ်ကြောင်း မလေးရှားရွေးကောက်ပွဲကော်မရှင်၏ အဆိုအရ သိရသည်။

နိုဝင်ဘာ ၁၉ ရက် အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသော မလေးရှားပြည်သူ ၂၁ သန်းတို့သည် အောက်လွှတ်တော်အမတ်သစ် ၂၂၂ ဦးကို ရွေးချယ်ပေးရမည်ဖြစ်သည်။

လွှတ်တော်ကို ဖျက်သိမ်းမည်ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် အစ္စမေးလ်ဆာဘရီယာကော့ဘ်က အောက်တိုဘာ ၁၀ရက်တွင် ကြေညာခဲ့ပြီးနောက် အထွေထွေရွေးကောက်ပွဲကျင်းပမည့်ရက်ကို မလေးရှားရွေးကောက်ပွဲကော်မရှင်က ကြေညာထားခြင်းဖြစ်ကြောင်း သိရသည်။

KKO




## ယူကရိန်းနယ်မြေလေးခုအတွက် စစ်အုပ်ချုပ်ရေးဥပဒေ ရုရှားသမ္မတပူတင် ထုတ်ပြန်ကြေညာ



**မော်စကို အောက်တိုဘာ ၂၀**

ရုရှားနိုင်ငံ၏အချုပ်အခြာအောက် ထည့်သွင်းထားသော ယူကရိန်းနယ်မြေလေးခုတို့အတွက် စစ်အုပ်ချုပ်ရေးဥပဒေကို ရုရှားသမ္မတ ပူတင်က အောက်တိုဘာ ၁၉ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်းရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အောက်တိုဘာ ၁၉ ရက်တွင် ကျင်းပသည့် အမျိုးသားလုံခြုံရေးကောင်စီအစည်းအဝေး၌ ယူကရိန်းနယ်မြေလေးခု တို့အတွက် စစ်အုပ်ချုပ်ရေးဥပဒေကို သမ္မတပူတင်က ကြေညာခဲ့ခြင်းဖြစ်သည်။

သမ္မတ ပူတင်၏ စစ်အုပ်ချုပ်ရေးဥပဒေကြေညာချက်တွင် ရုရှားအချုပ်အခြာအောက် ထည့်သွင်းထားသည့် လူးဟန့်စ်၊ ဒွန်းနက်စ်၊ ဇာပိုရစ်ဇီယာနှင့် ခါဆန်ဒေသများ အကျုံးဝင်မည်ဖြစ်သည်။

လူထုဆန္ဒခံယူပွဲရလဒ်များအရ အဆိုပါနယ်မြေလေးခုအား ရုရှားအချုပ်အခြာအောက် ထည့်သွင်းမှုကို ယူကရိန်းအစိုးရကအသိအမှတ်မပြုဘဲငြင်းဆိုနေမှုကြောင့် အဆိုပါနယ်မြေလေးခု လုံခြုံရေးအတွက် စစ်အုပ်ချုပ်ရေးဥပဒေ ပြဋ္ဌာန်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

သမ္မတ ပူတင်လက်မှတ်ရေးထိုးခဲ့သော စစ်အုပ်ချုပ်ရေးပြဋ္ဌာန်းမှုဆိုင်ရာ အမိန့်ဒီကရီတွင် အထူးအဆိုပြုချက်များ တင်သွင်းရန် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများကို သုံးရက်အချိန်ပေးထားပြီး နယ်မြေကာကွယ်ရေးတပ်များ ဖွဲ့စည်းရန်လည်း ညွှန်ကြားထားကြောင်း သိရသည်။

အဆိုပါအမိန့်ဒီကရီကို သမ္မတပူတင်က လက်မှတ်ရေးထိုးထားပြီးဖြစ်ရာ ရုရှားအထက်လွှတ်တော်က အတည်ပြုပေးရမည် ဖြစ်ကြောင်း သိရသည်။

KKO

## ကွန်ဂရက်လွှတ်တော်ဝင်းအတွင်း လက်နက်များသယ်ဆောင်လာသူ အသက် ၈၀ အရွယ်အဘိုးအိုတစ်ဦးကို ရဲတပ်ဖွဲ့ဖမ်းဆီး

**ဝါရှင်တန် အောက်တိုဘာ ၂၀**

အမေရိကန်ကွန်ဂရက်လွှတ်တော်ဝင်းအတွင်းတရားမဝင်ရပ်ထားသည့် ဝင်ကားတစ်စီးပေါ်၌ သေနတ်သုံးလက် ရှာဖွေတွေ့ရှိခဲ့ပြီးနောက် ကွန်ဂရက်လွှတ်တော် လုံခြုံရေးရဲတပ်ဖွဲ့က အသက် ၈၀ အရွယ် ဂျော်ဂျီယာပြည်နယ်သားတစ်ဦးကို အောက်တိုဘာ ၁၉ ရက်တွင် ဖမ်းဆီးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။



တိုနီပေနီးအမည်ရှိ အဆိုပါအဘိုးအိုနှင့် အခြားနှစ်ဦးတို့သည် တရားလွှတ်တော်ချုပ်သို့ စာရွက်စာတမ်းများ ပေးအပ်ရန်ဟူသော အကြောင်းပြချက်ဖြင့် ၎င်းတို့၏ ဗင်ကားကိုကွန်ဂရက်လွှတ်တော်ဝင်းအတွင်း တရားမဝင်ရပ်တန့်ထားခဲ့ကြောင်း ဝါရှင်တန်မြို့တော်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါဗင်ကားကို စစ်ဆေးရှာဖွေရာတွင် သေနတ်သုံးလက် တွေ့ရှိခဲ့ရာ တိုနီပေနီးနှင့် အခြားနှစ်ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း ရဲတပ်ဖွဲ့ကြေညာချက်၌ ဖော်ပြထားသည်။

သို့သော် တိုနီပေနီးနှင့်အတူ လိုက်ပါလာသူနှစ်ဦးကို သာမန်မျှသာထိန်းသိမ်းထားပြီး ဖမ်းဆီးမှုမလုပ်ထားကြောင်း ကွန်ဂရက်လွှတ်တော်ရဲတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကွန်ဂရက်လွှတ်တော်ရဲတပ်ဖွဲ့သည် ကွန်ဂရက်လွှတ်တော်ဝင်းအတွင်းသို့လက်နက်များ တရားမဝင် ယူဆောင်လာသူများကို နှစ်စဉ်အရေအတွက်အားဖြင့် ဒါဇင်နှင့်ချီ၍ ဖမ်းဆီးမိလေ့ရှိကြောင်း သိရသည်။

KKO

## တရုတ်နှင့် အိန္ဒိယဈေးကွက်များသို့ ဆွစ်ဇာလန်ရွှေတင်ပို့မှု ယခုနှစ် စက်တင်ဘာလတွင် မြင့်တက်လာ

**ဂျီနီဗာ အောက်တိုဘာ ၂၀**

ကမ္ဘာ့ထိပ်တန်း ရွှေဈေးကွက်များဖြစ်သည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံများသို့ ဆွစ်ဇာလန်နိုင်ငံက ရွှေစင်ရွှေသားတင်ပို့ရောင်းချမှုသည် ယခုနှစ် စက်တင်ဘာလအတွင်း မြင့်တက်လာခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယခုနှစ် မတ်လတွင် ကမ္ဘာ့ရွှေဈေးနှုန်းသည် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၀၀၀ ကျော်မှအမေရိကန်ဒေါ်လာ ၁၆၅၀ ထိ ကျဆင်းခဲ့ရာ အာရှဈေးကွက်များ၌ ရွှေချောင်း၊ ရွှေဒင်္ဂါးနှင့် ကျောက်မျက်ရတနာများ ဝယ်လိုအား မြင့်တက်လာခဲ့သည်။

သို့သော် ဆွစ်ဇာလန်နိုင်ငံ၏ တရုတ်နှင့်အိန္ဒိယဈေးကွက်များသို့ ရွှေစင်ရွှေသားတင်ပို့မှုမှာ ယခုနှစ် စက်တင်ဘာလအတွင်း ပုံမှန်ထက် မြင့်မားခဲ့ကြောင်း ဆွစ်ဇာလန် အကောက်ခွန် သတင်းအချက်အလက်များ၌ ဖော်ပြခဲ့သည်။

ထို့အတူ စီးပွားရေးပြဿနာများနှင့် ရင်ဆိုင်နေရသည့်တူရကီနိုင်ငံသို့ဆွစ်ဇာလန်နိုင်ငံ၏ရွှေသားတင်ပို့မှုမှာလည်း ယခုနှစ် စက်တင်ဘာလတွင် ၂၀၁၃ ခုနှစ် ဧပြီလနောက်ပိုင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။


စီးပွားရေးတည်ငြိမ်မှုပျက်ပြားနေချိန်တွင်ရင်းနှီးမြှုပ်နှံသူများသည် ရွှေကို ဘေးကင်းလုံခြုံမှုရှိသော ပိုင်ဆိုင်မှုအဖြစ်ရှုမြင်တတ်ကြသည်။

သို့ဖြစ်ရာ ဆွစ်ဇာလန်နိုင်ငံ၏ ယခုနှစ် စက်တင်ဘာလအတွင်း တူရကီနိုင်ငံသို့လည်းရွှေတင်ပို့မှုနှုန်း မြင့်တက်လာခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## နျူထရွန်ကြယ်နှစ်စင်းဝင်တိုက်ပေါက်ကွဲမှုဖြစ်စဉ်မှ ပေါ်ထွက်လာသော စွမ်းအင်အမှုန်စီးကြောင်းအလျင်က အလင်းအလျင်၏ ၉၉ ဒသမ ၉၇ ရာခိုင်နှုန်းထိမြင့်မားခဲ့



**ဝါရှင်တန် အောက်တိုဘာ ၂၀**

နျူထရွန်ကြယ်နှစ်စင်းဝင်တိုက်ပေါက်ကွဲမှု၏ နောက်ဆက်တွဲရလဒ်အဖြစ် ပေါ်ထွက်လာသောစွမ်းအင်အမှုန်စီးကြောင်း၏ အလျင်သည် အလင်းအလျင်၏ ၉၉ ဒသမ ၉၇ ရာခိုင်နှုန်းထိ မြင့်မားခဲ့ကြောင်း MSN သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၁၉ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သိပ္ပံပညာရှင်များသည် GW170817 အမည်ရှိ နျူထရွန်ကြယ်နှစ်စင်းဝင်တိုက်ပေါက်ကွဲမှုဖြစ်စဉ်၏ နောက်ဆက်တွဲအဖြစ်အပျက်များကို လေ့လာခဲ့ကြသည်။

ထိုသို့ လေ့လာရာတွင် အမေရိကန် သုတေသနပညာရှင်များသည် မြေပြင်အခြေစိုက် ရေဒီယိုတယ်လီစကုပ် ၇၀ နှင့် ဟက်ဘယ်ကဲ့သို့ အာကာသအခြေစိုက်ရေဒီယိုတယ်လီစကုပ်များကို အသုံးပြုခဲ့ကြကြောင်း သိရသည်။

လေ့လာတွေ့ရှိချက်များအရ GW170817 နျူထရွန်ကြယ်နှစ်စင်း ဝင်တိုက်မှုဖြစ်စဉ်မှ ပေါ်ထွက်လာသော စွမ်းအင်စီးကြောင်း၏ အလျင်သည် အလင်းအလျင်၏ ၉၉ ဒသမ ၉၇ ရာခိုင်နှုန်းထိရှိကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

GW170817 နျူထရွန်ကြယ်နှစ်စင်းဝင်တိုက်မှုဖြစ်စဉ်ကို ၂၀၁၇ ခုနှစ်ကပင် နိုင်ငံတကာသိပ္ပံပညာရှင်များက လေ့လာစောင့်ကြည့်ခဲ့ကြသည်။

အဆိုပါနျူထရွန်ကြယ်နှစ်စင်းဝင်တိုက်မှုဖြစ်စဉ်သည် ကမ္ဘာမြေနှင့်အလင်းနှစ် သန်း ၁၃၀ အကွာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO


## နာဆာ၏ အောစီးရစ်ရက်စ်အာကာသယာဉ် ကမ္ဘာမြေအပြန်ခရီးအတွက် ပျံသန်းရာလမ်းကြောင်း ပြင်ဆင်မှုပြုလုပ်ခဲ့

**ဝါရှင်တန် အောက်တိုဘာ ၂၀**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ပထမဆုံးသော ဂြိုဟ်သိမ်နမူနာများကို ပြန်လည်သယ်ဆောင်လာမည့် အောစီးရစ်ရက်စ်အာကာသယာဉ်သည် ကမ္ဘာမြေ အပြန်ခရီးအတွက် ပြင်ဆင်သည့်အနေဖြင့် ပျံသန်းရာလမ်းကြောင်း ပြင်ဆင်မှုပြုလုပ်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၁၉ ရက်က ရေးသားတင်ပြထားသည်။

အောစီးရစ်ရက်စ် အာကာသယာဉ်သည် ပြီးခဲ့သည့်စက်တင်ဘာ ၂၁ ရက်တွင် ဒုံးအင်ဂျင်များကို စက္ကန့် ၃၀ ကြာဖွင့်၍ ပျံသန်းရာလမ်းကြောင်းပြင်ဆင်မှု ပြုလုပ်ခဲ့ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

အောစီးရစ်ရက်စ် အာကာသယာဉ်သည် ဘန်နူးဂြိုဟ်သိမ်မှ ထွက်ခွာလာခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပျံသန်းရာလမ်းကြောင်း ပြောင်းလဲခဲ့ခြင်းဖြစ်သည်။



အောစီးရစ်ရက်စ် အာကာသယာဉ်သည် ဘန်နူးဂြိုဟ်သိမ်ပေါ်မှ ကျောက်သားနမူနာများကိုကောက်ယူခဲ့ပြီးနောက် ၂၀၂၁ ခုနှစ် မေ ၁၀ ရက်တွင် ၎င်းဂြိုဟ်သိမ်မှ ပြန်လည်ထွက်ခွာခဲ့သည်။

ဘန်နူးဂြိုဟ်သိမ်မှထွက်ခွာရာတွင် အသုံးပြုခဲ့သော ပျံသန်းရာလမ်းကြောင်းအတိုင်း ဆက်လက်ပျံသန်းမည်ဆိုပါက ကမ္ဘာဆီသို့ မရောက်ဘဲ ကျော်လွန်သွားမည်ဖြစ်ရာ အောစီးရစ်ရက်စ်အာကာသယာဉ်အနေဖြင့် ပျံသန်းရာလမ်းကြောင်း ပြင်ဆင်မှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အောစီးရစ်ရက်စ် အာကာသယာဉ်သည် ဘန်နူးဂြိုဟ်သိမ်ကျောက်သားကျောက်စ နမူနာများကို ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် ကမ္ဘာပေါ်သို့ ပြန်လည်ပေးပို့နိုင်ဖွယ်ရှိကြောင်း သိရသည်။

KKO

## ဖေသွန်ဂြိုဟ်သိမ်၏မွှတ်မွှတ်လည်နှုန်း တစ်နှစ်ထက်တစ်နှစ် ပိုမြန်လာ

**ဝါရှင်တန် အောက်တိုဘာ ၂၀**

ကမ္ဘာမြေနှင့်ကီလိုမီတာ သန်း ၁၉၀ ကျော်အကွာတွင်တည်ရှိသည့် ကမ္ဘာနီးစပ်ဂြိုဟ်သိမ်တစ်စင်းဖြစ်သော ဖေသွန်ဂြိုဟ်သိမ်၏ မွှတ်မွှတ်လည်နှုန်းသည် တစ်နှစ်ထက်တစ်နှစ်ပိုမြန်လာကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက အောက်တိုဘာ ၁၉ ရက်က ရေးသားတင်ပြထားသည်။

ဖေသွန်ဂြိုဟ်သိမ်၏ ဝင်ရိုးဗဟိုပြု မွှတ်မွှတ်လည်နှုန်းသည် တစ်ပတ်ပြည့်မီရန် အချိန်ကာလအားဖြင့် ၃ ဒသမ ၆ နာရီခန့်ကြာမြင့်တတ်ကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်နိုင်ငံ ဖလော်ရီဒါအလယ်ပိုင်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ၎င်းဂြိုဟ်သိမ်၏ ဝင်ရိုးဗဟိုပြု မွှတ်မွှတ်လည်မှု တစ်ပတ်ပြည့်ရန်ကြာချိန်မှာ နှစ်စဉ်လေးမီလီစက္ကန့် ပိုနည်းလာကြောင်း သိရသည်။

မွှတ်မွှတ်လည်နှုန်း ပိုမြန်လာမှုကြောင့် ဖေသွန်ဂြိုဟ်သိမ်၏ လားရာလမ်းကြောင်း ပြောင်းလဲသွားနိုင်သော်လည်း အဆိုပါအပြောင်းအလဲပေါ်ထွက်လာရန် နှစ် ထောင်ပေါင်းများစွာ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ဖေသွန်ဂြိုဟ်သိမ်သည် မွှတ်မွှတ်လည်မှု အချိန်ကာလ ပြောင်းလဲနေသော ကမ္ဘာနီးစပ်ဂြိုဟ်သိမ်များအနက် ၁၁ စင်းမြောက်ဂြိုဟ်သိမ်ဖြစ်ပြီး အဆိုပါအုပ်စုဝင်ဂြိုဟ်သိမ်များအနက် အကြီးမားဆုံးလည်းဖြစ်ပြီး ၂၀၁၇ ခုနှစ်တွင် ကမ္ဘာမြေကို မိုင်ပေါင်း ၆ ဒသမ ၄ သန်းအကွာမှ ဖြတ်ကျော်ခဲ့ဖူးပြီး ၂၀၉၃ ခုနှစ်တွင် မိုင်ပေါင်း ၁ ဒသမ ၈ သန်းအကွာမှ ဖြတ်ကျော်မည်ဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## အိပ်စက်ချိန် ၅ နာရီသာရှိသောသက်ကြီးပိုင်းများ၌ နာတာရှည်ရောဂါဖြစ်ပွားနိုင်ခြေ မြင့်မားတတ်

**လန်ဒန် အောက်တိုဘာ ၂၀**

တစ်ညလျှင် အိပ်စက်ချိန် ၅ နာရီနှင့် ၅ နာရီအောက်သာရှိသော သက်ကြီးပိုင်းများတွင် နှလုံးရောဂါ၊ ကင်ဆာ သို့မဟုတ် ဆီးချိုရောဂါကဲ့သို့ နာတာရှည်ရောဂါ နှစ်မျိုး သို့မဟုတ် နှစ်မျိုးနှင့်အထက် ဖြစ်ပွားနိုင်ခြေမှာ ပုံမှန်ထက်ပိုမြင့်မားနေတတ်ကြောင်း ယူပီအိုင်သတင်းဌာနက အောက်တိုဘာ ၁၉ ရက်က ရေးသားတင်ပြထားသည်။

ဗြိတိန်သုတေသနပညာရှင်များသည် အသက် ၅၀၊ ၆၀ နှင့် ၇၀ အရွယ် အမျိုးသားနှင့်အမျိုးသမီး ၇၀၀၀ ကျော်တို့၏ ကျန်းမာရေးအပေါ် အိပ်ချိန်၏ အကျိုးသက်ရောက်မှုကို လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ တစ်ညအိပ်စက်ချိန် ၅ နာရီနှင့် ၅ နာရီအောက်သာရှိသူများ၌ နာတာရှည်ရောဂါ နှစ်မျိုးနှင့်အထက် ဝင်နိုင်ခြေသည် အိပ်ချိန်လုံလောက်မှုရှိသော သက်တူရွယ်တူများထက် ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းထိ ပိုမြင့်မားသည်ဟု ဗြိတိန်သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

သက်ကြီးပိုင်းများအတွက် တစ်ညအိပ်စက်ချိန် ၇ နာရီကို လုံလောက်သည့် အိပ်စက်ချိန်အဖြစ် သုတေသနပညာရှင်များက သတ်မှတ်ထားသည်။

ညပိုင်းအိပ်စက်ချိန် ၅ နာရီနှင့် ၅ နာရီအောက်သာရှိသည့် အသက် ၅၀ ပိုင်းရှိသူများသည် နောင်လာမည့် ၂၅ နှစ်အတွင်း နာတာရှည်ရောဂါများကြောင့် အသက်ဆုံးပါးနိုင်ခြေလည်း ၂၅ ရာခိုင်နှုန်းထိ ပိုမြင့်မားလာနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

အိပ်စက်ချိန်နည်းပါးမှုကြောင့် နာတာရှည်ရောဂါများဖြစ်နိုင်ခြေမြင့်မားလာနိုင်သလို အပြန်အလှန်အားဖြင့် နာတာရှည်ရောဂါများကြောင့် သေဆုံးနိုင်ခြေလည်း မြင့်မားလာတတ်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

KKO

## ဆီးသီးခြောက်နေ့စဉ်စားသုံးပါက အမျိုးသမီးများ အရိုးပွရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ဖွယ်ရှိ

**နယူးယောက် အောက်တိုဘာ ၂၀**

နေ့စဉ်စားသုံးသည့် အစားအစာများ၌ ဆီးသီးခြောက်များ ထည့်သွင်းစားသုံးပါက ဓမ္မတာရာသီကုန်ဆုံးပြီးသည့် အမျိုးသမီးများတွင် အရိုးပွရောဂါဖြစ်ပွားနိုင်မှုကို ကာကွယ်ပေးနိုင်ဖွယ်ရှိကြောင်း ယူပီအိုင်သတင်းဌာနက အောက်တိုဘာ ၁၉ ရက်က ရေးသားတင်ပြထားသည်။

ဆီးသီးခြောက်ကို နေ့စဉ်စားသုံးပါက ဓမ္မတာရာသီကုန်ဆုံးပြီးသော အမျိုးသမီးများ၌ အရိုးပွနိုင်ခြေ အထူးသဖြင့် တင်ပါးဆုံရိုးနှင့် ခြေသလုံးရိုးများ အရိုးပွနိုင်ခြေကို တားဆီးပေးနိုင်ဖွယ်ရှိကြောင်း ပင်ဆယ်ဗေးနီးယား တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ဓမ္မတာရာသီကုန်ဆုံးပြီးသော အမျိုးသမီး ၂၃၅ ဦးကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို ဖော်ထုတ်တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ တစ်ရက်လျှင် ဆီးသီးခြောက် ဂရမ် ၅၀ သို့မဟုတ် ဂရမ် ၁၀၀ ထိ စားသုံးခြင်းဖြင့် ဓမ္မတာရာသီကုန်ဆုံးပြီးသည့် အမျိုးသမီးများ၌ အရိုးပွရောဂါဝင်ရောက်မှုကို ကာကွယ်ပေးနိုင်ဖွယ်ရှိသလို အရိုးခိုင်မာမှုကိုလည်း ထိန်းပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

KKO






## ပရီးမီးယားလိဂ် ပွဲစဉ် (၁၃) ပွဲကြိုသုံးသပ်ချက်များ

ML

**အဲဗာတန် Vs ပဲလေ့စ်**

**ကစားမည့်ရက်/အချိန် ၂၂-၁၀-၂၀၂၂ (ည ၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အဲဗာတန် ၃ – ၂ ပဲလေ့စ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အဲဗာတန်** | – | **အိမ်(ရှုံး)** | **ဧး(ရှုံး)** | **ဧး(ရှုံး)** |
| **ပဲလေ့စ်** | – | **အိမ်(နိုင်)** | **ဧး(သရေ)** | **အိမ်(နိုင်)** |

ခံစစ်ကစားပုံကောင်းတဲ့ အဲဗာတန်အသင်းဟာ ပွဲကျပ်ကစားခဲ့ရပြီး သုံးပွဲဆက်ရှုံးနိမ့်ခဲ့တာကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာ မဖြစ်မနေအနိုင်ရဖို့ ကြိုးစားရမှာပါ။ လက်ရှိ ပဲလေ့စ်အသင်းကတော့ ခြေစွမ်းပိုင်းတည်ငြိမ်နေပေမဲ့ အဝေးကွင်းမှာ ခံစစ်အားပြုလွန်းတာကြောင့် အဲဗာတန်တိုက်စစ်ကို ထိန်းချုပ်ဖို့မလွယ်ပါဘူး။ ဒါကြောင့် အိမ်ကွင်းနိုင်ပွဲရှာမဲ့ အဲဗာတန်အသင်းပဲ အနိုင်ရမှာပါ။

**အင်တာနက်ခန့်မှန်း – အဲဗာတန် ၁ – ၀ ပဲလေ့စ်**

**မန်စီးတီး Vs ဘရိုက်တန်**

**ကစားမည့်ရက်/အချိန် ၂၂-၁၀-၂၀၂၂ (ည ၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မန်စီးတီး ၃ – ၀ ဘရိုက်တန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **မန်စီးတီး** | – | **အိမ်(နိုင်)** | **ဧး(သရေ)** | **ဧး(ရှုံး)** |
| **ဘရိုက်တန်** | – | **အိမ်(ရှုံး)** | **ဧး(ရှုံး)** | **အိမ်(နိုင်)** |

ပုံစံကောင်းရနေတဲ့မန်စီးတီးအသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ လီဗာပူးကို ရှုံးနိမ့်ခဲ့တာကြောင့် အခုပွဲစဉ်ကို တိုက်စစ်မြှင့်ကစားလာမှာပါ။ လက်ရှိ ဘရိုက်တန်ကလဲ နည်းပြပြောင်းလဲပြီးနောက်ပိုင်း တိုက်စစ်ပိုင်းကျဆင်းသွားတဲ့အပြင် ခံစစ်ပိုင်းကလဲ အားနည်းချက်တွေရှိနေပါတယ်။ ဒါကြောင့် မန်စီးတီးအသင်းပဲ အနိုင်ပြတ်သားမှာပါ။

**အင်တာနက်ခန့်မှန်း – မန်စီးတီး ၃ – ၁ ဘရိုက်တန်**

## အီတလီစီးရီးအေ ပွဲစဉ် (၁၁) ပွဲကြိုသုံးသပ်ချက်

ML

**အေစီမီလန် Vs မွန်ဇာ**

**ကစားမည့်ရက်/အချိန် ၂၂-၁၀-၂၀၂၂ (ည ၁၀း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အေစီမီလန် ၄ – ၁ မွန်ဇာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အေစီမီလန်** | – | **အိမ်(နိုင်)** | **အိမ်(ရှုံး)** | **ဧး(နိုင်)** |
| **မွန်ဇာ** | – | **အိမ်(နိုင်)** | **ဧး(ရှုံး)** | **ဧး(နိုင်)** |

အေစီမီလန်အသင်းဟာ လက်ရှိချန်ပီယံကိုကာကွယ်ဖို့ အသင်းငယ်တွေနဲ့ဆို အာရုံစိုက်ကစားပြီး နိုင်ပွဲရှာနေတာဖြစ်ပါတယ်။ မွန်ဇာအသင်းကတော့ ကြားရက်မှာ အူဒီးနီးစ်နဲ့ဖလားပွဲကစားခဲ့ရလို့ ကစားသမားစုဖွဲ့မှု အားနည်းချက်ကြောင့် ခံစစ်ပိုင်းကျဆင်းသွားနိုင်ပါတယ်။ ဒါကြောင့် အိမ်ကွင်းခြေစွမ်းတည်ငြိမ်တဲ့ အေစီမီလန်ကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – အေစီမီလန် ၂ – ၁ မွန်ဇာ**

### အားကစားသတင်း အတိုအထွာများ

- ဘာစီလိုနာ၊ လီဗာပူးနှင့် ချဲလ်ဆီးအသင်းတို့က ဘင်ဖီကာအသင်းမှ ခြေစွမ်းပြကစားသမား အန်ဇိုဖာနန်ဒက်စ်ကို ခေါ်ယူရန် အပြိုင်ကြိုးပမ်းနေကြောင်း သိရသည်။
- ယခုနှစ်ဘောလုံးရာသီအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၂၇ သန်း သုံးစွဲခဲ့ပြီးဖြစ်၍ လာမည့်ဆောင်းရာသီအပြောင်းအရွှေ့တွင် ကစားသမားသစ် ထပ်မံခေါ်ယူပေးမည်မဟုတ်ဟု မန်ယူအသင်း အားကစားဒါရိုက်တာ မက်တောက်က ပြောကြားခဲ့ကြောင်း သိရသည်။
- မန်ယူအသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် စပါးအသင်းအနေဖြင့် ပုံစံကောင်းရရှိရန် လိုအပ်ချက်များစွာရှိနေသေးသည်ဟု အသင်းနည်းပြ ကွန်တီက ဝန်ခံပြောကြားခဲ့ကြောင်း သိရသည်။

ML

# 2022 Globe Soccer Award ဆုများအတွက် ဆန်ခါတင်ကစားသမားစာရင်း ထုတ်ပြန်




**ကာတာ အောက်တိုဘာ ၂၀**

ဥရောပကလပ်အစည်းအရုံး (ECA)၊ ဥရောပကစားသမားအေးဂျင့်အဖွဲ့အစည်း (EFAA) နှင့် ဒူဘိုင်းနိုင်ငံတို့က ပူးပေါင်းချီးမြှင့်ပေးအပ်မည့် 2022 Globe Soccer Award ဆုပေးပွဲအတွက် ဆန်ခါတင် ကစားသမားစာရင်းကို ထုတ်ပြန်ကြေညာခဲ့သည်ဟု Globe Soccer Award.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

Globe Soccer Award ဆုပေးပွဲအခမ်းအနားသည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် ပြင်သစ်မဂ္ဂဇင်းတို့ ပူးပေါင်းချီးမြှင့်သည့် (Ballon d'Or) ဆုပေးပွဲ အခမ်းအနားပြီးလျှင် အကြီးကျယ်ဆုံးဆုပေးပွဲဖြစ်ပြီး ပြီးခဲ့သည့် ၂၀၁၀ ပြည့်နှစ်ကစတင်၍ ရွေးချယ်ပေးအပ်ခဲ့ခြင်းဖြစ်ကာ အကြိမ်ရေအများဆုံးရရှိထားသည့် ကစားသမားအဖြစ် မန်ယူအသင်းမှ စီရော်နယ်ဒိုက ၁၂ ကြိမ်ဖြင့် ထိပ်ဆုံးတွင် ရပ်တည်လျက်ရှိသည်။

Globe Soccer Award ဆုပေးပွဲတွင်ပေးအပ်မည့် အဓိကဆုတစ်ခုဖြစ်သည့် Best Men's Player of the Award ဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းတွင် ဘင်ဇီးမား၊ မက်ဆီ၊ စီရော်နယ်ဒို၊ အမ်ဘက်ပီ၊ ဗင်နီစီးယက်စ်၊ ကော့တွိုက်၊ ဆာလာဟ်၊ ဟာလန်း၊ မာနေး၊ လီဝမ်ဒေါ့စကီး၊ ဒီဘရိုင်း၊ ကက်စ်မဲရိုး၊ အာနိုး၊ ကန်ဆယ်လိုလူးဝစ်ဒီယက်စ်၊ ဗိုဒန်၊ အင်မိုဘိုင်း၊ ယော်လာ၊ ဟယ်ရီကိန်း၊ ကင်မစ်ချ်၊ မာရက်ဇ်၊ မိုဒရစ်၊ အန်ကူကူ၊ နေမာနှင့် ဆွန်ဟောင်မင်တို့ ပါဝင်ခဲ့ကြောင်း သိရသည်။ STA

# Guadalajara Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ အဇာရင်ခါ တက်ရောက်

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၂၀**

မက္ကဆီကိုနိုင်ငံတွင် ကျင်းပနေသည့် Guadalajara Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဘီလာရုစ်တင်းနစ်မယ် အဇာရင်ခါနှင့် စပိန်တင်းနစ်မယ် ဘာဒိုဆာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အဇာရင်ခါက (၆-၂၊ ၀-၀) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း WTA Tennis က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘာဒိုဆာအနေဖြင့် ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရသကဲ့သို့ ကျန်းမာရေးအခြေအနေကြောင့် ဒုတိယပွဲငယ်တွင် ဆက်လက်ယှဉ်ပြိုင်နိုင်ခြင်းမရှိတော့ဘဲ အဇာရင်ခါကို ပထမပွဲငယ်အပြီးတွင် အရှုံးပေးခဲ့ရသည်။

ဘာဒိုဆာသည် နိုင်ခြေအဆင့် (၁)အဖြစ် သတ်မှတ်ခံထားရသည့် ပြိုင်ပွဲဝင်တစ်ဦးဖြစ်သကဲ့သို့ ဗိုလ်စွဲရန် ထိပ်ဆုံးမှ ရေပန်းစားနေသူလည်းဖြစ်ပြီး ကျန်းမာရေးအခြေအနေကြောင့် ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်နိုင်ခြင်း မရှိသောကြောင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်းအပေါ် ဝမ်းနည်းမိကြောင်း ပွဲအပြီးတွင် ပြောကြားခဲ့သည်။



အဇာရင်ခါက “ပြိုင်ပွဲယှဉ်ပြိုင်နေစဉ်ကာလအတွင်း ကျွန်မကိုယ်တိုင်ကော တခြားဘယ်ပြိုင်ပွဲဝင်ကိုမှ ပွဲပြီးဆုံးတဲ့ထိ မကစားရဘဲ ပြိုင်ပွဲကနေ ထွက်ခွာသွားခဲ့ရတာမျိုးမဖြစ်စေချင်ဘူး။ ပွဲပြီးဆုံးတဲ့ထိ ကစားစေချင်တယ်။ ဘာဒိုဆာအနေနဲ့ ကျန်းမာရေး အခြေအနေကြောင့် အခုလို ပွဲမပြီးခင် ပြိုင်ပွဲကနေထွက်ခွာခဲ့ရတာ အရမ်းဝမ်းနည်းနေလိမ့်မယ်ဆိုတာ ကိုယ်ချင်းစာပါတယ်။ ကျွန်မအနေနဲ့လဲ သူ့ကို ပွဲပြီးဆုံးတဲ့ထိ ကစားစေချင်တယ်။ ဒါပေမဲ့ ကျန်းမာရေးဆိုတာ ပြောရခက်တဲ့အတွက် ဘာဒိုဆာအနေနဲ့အမြန်ဆုံး သက်သာ ပျောက်ကင်းပါစေလို့ပဲ ဆုတောင်းပေးနိုင်ပါတယ်။ တတိယအဆင့်ကို တက်ရောက်ခွင့်ရခဲ့လို့လဲ ဝမ်းသာဂုဏ်ယူပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ဘာစီလိုနာဥက္ကဋ္ဌ လာပေါ်တာ ဒိုင်လူကြီးကိုတိုက်ခိုက်ရန် ကြိုးပမ်းခဲ့သည့်အတွက် ပြစ်ဒဏ်ချမှတ်ခံရ

**ဘာစီလိုနာ အောက်တိုဘာ ၂၀**

ရီးရဲလ်မက်ဒရစ် အသင်းနှင့် ဘာစီလိုနာအသင်းတို့ကစားခဲ့သည့် အယ်ကလက်စီကို ဒါဘီပွဲစဉ်တွင် ဘာစီလိုနာအသင်းက သုံးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရာ ပြိုင်ပွဲအပြီးတွင် ဘာစီလိုနာအသင်းဥက္ကဋ္ဌ လာပေါ်တာက ဒိုင်အဝတ်လဲခန်းအတွင်း ဝင်ရောက်၍ ကွင်းလယ်ဒိုင် ဆန်းချက်ဇ်ကိုရန်လိုသည့်အပြုအမူ ပြုလုပ်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။


ဘာစီလိုနာက ရီးရဲလ်မက်ဒရစ်ကို သုံးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် လာပေါ်တာက ဒိုင်အဝတ်လဲခန်းအတွင်းသွားရောက်၍ ကွင်းလယ်ဒိုင် ဆန်းချက်ဇ်ကိုရန်လိုသည့် အမူအရာ ပြုလုပ်ခဲ့သောကြောင့် စပိန်ဘောလုံးအဖွဲ့ချုပ် ပြိုင်ပွဲကျင်းပရေးကော်မတီက ဒိုင်အဝတ်လဲခန်းအတွင်း ခွင့်ပြုချက်မရှိဘဲဝင်ရောက်ခဲ့မှုနှင့်ရန်လိုမှုအတွက် နည်းဥပဒေ ၁၃၃ နှင့် ၂၅၅ တို့အရ ငွေဒဏ် ၆၀၂ ယူရို ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အိမ်ရှင် ရီးရဲလ်မက်ဒရစ်အသင်းက ပွဲစကတည်းက ဖိအားပေးနိုင်ခဲ့သဖြင့် ဘင်ဇီးမား၊ ဗယ်ဗာဒီတို့၏ သွင်းဂိုးများဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ပထမပိုင်းပြီးဆုံးခဲ့ရာ ဒုတိယပိုင်းတွင် ဘာစီလိုနာအသင်းအနေဖြင့် ချေပဂိုးရရှိရန် ရှန်းကန်ခဲ့ရသော်လည်း ပွဲချိန် ၈၃ မိနစ်တွင် ဖာရန်တောရက်စ်က သွင်းဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးခါနီး အကြိတ်အနယ်ရှိခဲ့ရာ နာကျင်အချိန်ပိုတွင် VAR ဆုံးဖြတ်ချက်ဖြင့် ပင်နယ်တီရရှိခဲ့သည့်အတွက် ရိုဒရီဂိုက ရီးရဲလ်မက်ဒရစ်အတွက် တတိယမြောက်ဂိုး သွင်းယူခဲ့ပြီး သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် လာလီဂါအမှတ်ပေးဇယားတွင်ဦးဆောင်နေသည့် ဘာစီလိုနာအသင်းအနေဖြင့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် သုံးမှတ်အကွာသို့ ရောက်ရှိ၍ ဒုတိယနေရာသို့ကျဆင်းခဲ့ရပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း အင်တာမီလန်အသင်းကို သရေရလဒ် ထွက်ပေါ်ခဲ့သည့်အတွက် နောက်တစ်ဆင့် တက်ရောက်ရန် မျှော်လင့်ချက် နည်းပါးခဲ့သောကြောင့် ဖိအားအောက်ရောက်ရှိနေသည့် ဘာစီလိုနာဥက္ကဋ္ဌ လာပေါ်တာအနေဖြင့် ကွင်းလယ်ဒိုင်ဆန်းချက်ဇ်၏ ဆုံးဖြတ်ချက်ကို စိတ်ပျက်၍ ရန်လိုသည့်အပြုအမူ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ML

# PGA Tour ၏ တစ်နှစ်တာအကောင်းဆုံး မျက်နှာသစ်ဂေါက်သီးရိုက်ကစားသမားဆု ကင်မရွန်းယန်း ဆွတ်ခူး




**ဝါရှင်တန် အောက်တိုဘာ ၂၀**

အမေရိကန်နိုင်ငံ အခြေစိုက် PGA Tour က ၂၀၂၁-၂၀၂၂ ခုနှစ်အတွက် တစ်နှစ်တာအကောင်းဆုံး မျက်နှာသစ် ဂေါက်သီးရိုက်ကစားသမားအဖြစ် အမေရိကန် လူငယ်တင်းနစ်ကစားသမား ကင်မရွန်းယန်းကို ရွေးချယ်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု CBS Sport သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တစ်နှစ်တာ အကောင်းဆုံး မျက်နှာသစ် ကစားသမားအတွက် မဲပေးရွေးချယ်မှု ပြုလုပ်ခဲ့ရာတွင် ကင်မရွန်းယန်းက ၉၄ ရာခိုင်နှုန်းထိ မဲရရှိခဲ့ပြီး ပြတ်သားသည့်မဲရလဒ်များဖြင့် တောင်ကိုရီးယားဂေါက်သီးရိုက်ကစားသမား တွမ်ကင်မ်နှင့် အမေရိကန် ဂေါက်သီးရိုက်ကစားသမား တီဂါလာတို့ကို ကျော်ဖြတ်ကာ ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။

ကင်မရွန်းယန်းသည် တစ်နှစ်တာကာလအတွင်း ဂေါက်သီးရိုက်ရာသီ၌ ပါဝင်ယှဉ်ပြိုင်ခဲ့သော ပြိုင်ပွဲများတွင် ဒုတိယနေရာ၌ ရပ်တည်နိုင်ခဲ့သည့် ပြိုင်ပွဲ ငါးရပ်ရှိခဲ့ပြီး British Open ဂေါက်သီးရိုက်ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် နီးစပ်ခဲ့သူဖြစ်သည်။

တစ်နှစ်တာ ကာလအတွင်း ပြိုင်ပွဲ ငါးရပ်၌ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည့် မှတ်တမ်းကို အိန္ဒိယ ဂေါက်သီးရိုက်ကစားသမား ဗီဂျေးဆင်းဟ်က ၂၀၀၃ ခုနှစ်တွင် ရရှိခဲ့ခြင်းဖြစ်ပြီး ကင်မရွန်းယန်းက ဗီဂျေးဆင်းဟ်၏စံချိန်ကို အမီလိုက်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ကင်မရွန်းယန်းအနေဖြင့် တစ်နှစ်တာကာလအတွင်း ဂေါက်သီးရိုက်ပြိုင်ပွဲများမှ ဆုကြေးငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ သန်းထိရရှိခဲ့သူဖြစ်ပြီး မျက်နှာသစ် ဂေါက်သီးရိုက် ကစားသမားများအနက် ဆုကြေးငွေ အများဆုံးရရှိထားသည့် ဂေါက်သီးရိုက်ကစားသမားအဖြစ်လည်း ရပ်တည်နေသူဖြစ်သည်။

ကင်မရွန်းယန်းက "Arnold Palmer ဂေါက်သီးရိုက်ပြိုင်ပွဲတွေမှာရလဒ်ကောင်းရရှိခဲ့သလို အဓိကဆုဖလားတွေရရှိဖို့လဲနီးစပ်ခဲ့တယ်။ ဒီရလဒ်တွေကြောင့် ဒီဆုကို ရရှိခဲ့တာပါ။ အောင်မြင်မှုကြီးကြီးမားမား မရသေးပေမဲ့လဲ တစ်နှစ်တာကာလအတွင်းရရှိခဲ့တဲ့ ရလဒ်ပိုင်းအပေါ်မှာ အားရကျေနပ်မှုရှိပါတယ်။ ကျွန်တော့်ကို မဲပေးခဲ့ကြတဲ့သူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ PGA Tour ကိုလဲ အခုလိုဆုချီးမြှင့်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ကြွက်သားဒဏ်ရာရရှိခဲ့သည့် ဂိုးသမားမိုင်ဂနန် အသင်း၏ပွဲစဉ်များကို ထပ်မံလွဲချော်မည်

**မီလန် အောက်တိုဘာ ၂၀**

အေစီမီလန်အသင်း ဂိုးသမား မိုင်ဂနန်သည် ပြင်သစ်အသင်းနှင့် ဩစတြီးယားအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ရရှိခဲ့သည့်ဒဏ်ရာကြောင့် အနားယူနေရသော်လည်း ယခုအခါ ခြေသလုံးကြွက်သားဒဏ်ရာ ထပ်မံရရှိခဲ့သဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ အသင်းနှင့် ကစားရမည့်ပွဲစဉ်များကို လွဲချော်မည်ဖြစ်ကြောင်း အေစီမီလန်အသင်းတာဝန်ရှိသူများက အတည်ပြုထုတ်ပြန်ခဲ့ကြောင်း Channel-newsasia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဂိုးသမားမိုင်ဂနန်သည် ပြီးခဲ့သည့် စက်တင်ဘာ ၂၃ ရက်က ကစားခဲ့သည့် ဩစတြီးယားအသင်းနှင့်ပွဲစဉ်တွင် ယခင်က အစာအိမ်ရောဂါ ပြန်လည်ရရှိခဲ့သောကြောင့် ပထမပိုင်းပွဲချိန်အပြီးတွင် အော်ရီအိုလာနှင့် လူစားလဲခဲ့ရပြီး လက်ရှိအချိန်ထိ အနားယူနေရသော်လည်း ဘယ်ဘက် ခြေသလုံးကြွက်သားဒဏ်ရာ ထပ်မံရရှိခဲ့သဖြင့် မွန်ဇာအသင်း၊ ဗိုင်နမိုဇာဂရက်အသင်း၊ တိုရီနိုအသင်း၊ ဆဲလ်ဘတ်အသင်း၊ စပီဇီယာအသင်း၊ ခရီမိုနန်စီအသင်းနှင့် ဖီအိုရင်တီးနားအသင်းတို့၏ပွဲစဉ်များကို လွဲချော်မည်ဖြစ်သည်။




လတ်တလော စစ်ဆေးချက်များအရ မိုင်ဂနန်၏ ဒဏ်ရာသည် ၁၀ ရက်ခန့် အနားယူပါက ပျောက်ကင်းနိုင်သော်လည်း နောက်တစ်ကြိမ် စစ်ဆေးမှုပြုလုပ်ပြီးချိန်တွင် ဒဏ်ရာသက်သာခြင်းမရှိပါက နိုဝင်ဘာ ၂၃ ရက်တွင်စတင်မည့် ပြင်သစ်အသင်းနှင့် ကစားရမည့် ကမ္ဘာ့ဖလားပြိုင်ပွဲကိုပါ လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

ML

# ချဲလ်ဆီးကစားသမား ဂယ်လာဟာ ဒဏ်ရာရရှိခဲ့မှုကြောင့် အင်္ဂလန်အသင်းကွင်းလယ်ပိုင်းအတွက် ထိုးနှက်ချက်ဖြစ်လာ



**လန်ဒန် အောက်တိုဘာ ၂၀**

အင်္ဂလန်အသင်းနှင့် ချဲလ်ဆီးအသင်းကွင်းလယ်ပိုင်းကစားသမား ဂယ်လာဟာသည် ချဲလ်ဆီးအသင်းနှင့် ဘရန့်ဖို့ဒ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့သောကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ရောက်မည့် အင်္ဂလန်အသင်းကွင်းလယ်ပိုင်းအတွက် ထိုးနှက်ချက်ဖြစ်လာခဲ့သည်ဟု Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ချဲလ်ဆီးအသင်းနှင့် ဘရန့်ဖို့ဒ်အသင်းတို့ ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်တွင် ဂယ်လာဟာသည် ပွဲချိန် ၁၅ မိနစ်တွင် အစာအိမ်ရောဂါ ဖြစ်ပွားခဲ့သည့်အတွက် လူစားလဲထွက်ခွာခဲ့ရပြီး ၎င်းအနေဖြင့် မည်သည့်အချိန်ထိ အနားယူရမည်ကိုမသိရှိရသေးဘဲ ဆက်လက်စောင့်ကြည့်ရမည့်အခြေအနေတွင် ရှိနေသည်။

အသက် ၂၂ နှစ်ရှိ ဂယ်လာဟာသည် ချဲလ်ဆီးအသင်းတွင်လည်း ရီစီဂျိမ်းပြီးလျှင် ဒုတိယဦးစားပေးကစားသမားအဖြစ် ပါဝင်ခွင့်ရရှိနေသူတစ်ဦးဖြစ်ပြီး အင်္ဂလန်အသင်းတွင်လည်း နည်းပြဆောက်ဂိတ်စိတ်ကြိုက် ကစားသမားတစ်ဦးဖြစ်သည့်အတွက် ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အင်္ဂလန်အသင်းတွင်လည်း ပါဝင်လာရန်ရှိနေသူတစ်ဦးဖြစ်သည်။

လက်ရှိ အင်္ဂလန်အသင်း ကွင်းလယ်ပိုင်းနေရာတွင် မန်စီးတီးအသင်းမှ ဝေါ်လ်ကာအနေဖြင့် ဒဏ်ရာခွဲစိတ်ကုသမှု ခံယူထားရသည့်အတွက် လွဲချော်ထားသကဲ့သို့ နောက်ထပ် အဓိက ကွင်းလယ်ကစားသမား တစ်ဦးဖြစ်သည့် ချဲလ်ဆီးအသင်းမှ ရီစီဂျိမ်းစ်မှာလည်း ဒဏ်ရာခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်သည့်အတွက် လွဲချော်ရချိန်တွင် ဂယ်လာဟာမှာလည်း အစာအိမ်ရောဂါကြောင့် ထပ်မံလွဲချော်နိုင်သဖြင့် အင်္ဂလန်အသင်းနှင့် ချဲလ်ဆီးအသင်းအတွက်ပါ ထိုးနှက်ချက် ဖြစ်လာဖွယ်ရှိနေကြောင်း သိရသည်။

STA

# ပြင်သစ်လီဂူး ပွဲစဉ် (၁၂) ပွဲကြိုသုံးသပ်ချက်များ

STA

**မောင့်ပယ်လီယာ Vs လိုင်ယွန်**

**ကစားမည့်ရက်/အချိန် ၂၂-၁၀-၂၀၂၂ (ည ၀၉း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လိုင်ယွန် ၅ - ၂ မောင့်ပယ်လီယာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| မောင့်ပယ်လီယာ | - | ဝေး(ရှုံး) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| လိုင်ယွန် | - | ဝေး(ရှုံး) | အိမ်(သရေ) | ဝေး(ရှုံး) |

နှစ်သင်းစလုံးနောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေပြီး ရှုန်းကန်နေရပါတယ်။ မောင့်ပယ်လီယာအသင်းကလဲ အိမ်ကွင်းဆိုပေမဲ့ လိုင်ယွန်အသင်းနဲ့တွေ့ဆုံတိုင်း ရလဒ်မကောင်းပါဘူး။ ဒါကြောင့် နှစ်သင်းစလုံးခြေစွမ်းပိုင်းကွာခြားမှုမရှိဘူးဆိုပေမဲ့ တွေ့ဆုံမှုတိုင်းအသာစီးမှာရှိနေတဲ့ လိုင်ယွန်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - မောင့်ပယ်လီယာ ၁ - ၂ လိုင်ယွန်**

**မာဆေး Vs လန်း**

**ကစားမည့်ရက်/အချိန် ၂၃-၁၀-၂၀၂၂ (နံနက် ၀၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လန်း ၀ - ၂ မာဆေး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| မာဆေး | - | အိမ်(ရှုံး) | ဝေး(နိုင်) | ဝေး(ရှုံး) |
| လန်း | - | အိမ်(နိုင်) | ဝေး(ရှုံး) | အိမ်(နိုင်) |

လိဂ်နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ မာဆေးအသင်းဟာ အိမ်ကွင်းမှာ နိုင်ပွဲပြန်လည်ရရှိအောင် ကြိုးစားလာမှာပါ။ လန်းအသင်းကလဲ အသင်းလိုက်ကစားပုံတည်ငြိမ်တယ်ဆိုပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းကတော့ စိတ်ချလို့မရပါဘူး။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ မာဆေးအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - မာဆေး ၃ - ၁ လန်း**

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၁) ပွဲကြိုသုံးသပ်ချက်များ

STA

**လေဗာကူဆင် Vs ဝုဖ်ဘတ်**

**ကစားမည့်ရက်/အချိန် ၂၂-၁၀-၂၀၂၂ (ည ၀၈း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဝုဖ်ဘတ် ၀ - ၂ လေဗာကူဆင်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လေဗာကူဆင် | - | အိမ်(နိုင်) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| ဝုဖ်ဘတ် | - | ဝေး(သရေ) | အိမ်(သရေ) | ဝေး(နိုင်) |

နှစ်ပွဲဆက် ရှုံးပွဲကြုံထားတဲ့ လေဗာကူဆင်အသင်းဟာ အိမ်ကွင်းမှာတော့ နိုင်ပွဲပြန်လည်ရရှိအောင် ကြိုးစားလာမှာပါ။ လက်ရှိ ဝုဖ်ဘတ်အသင်းရဲ့ အဝေးကွင်းခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိဘဲ ရှုန်းကန်နေရပါတယ်။ ဒါကြောင့် ဒီပွဲမှာ အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးကစားလာမဲ့ လေဗာကူဆင်အသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း - လေဗာကူဆင် ၁ - ၀ ဝုဖ်ဘတ်**

**ဒေါ့မွန် Vs စတုဂတ်**

**ကစားမည့်ရက်/အချိန် ၂၂-၁၀-၂၀၂၂ (ည ၀၈း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**စတုဂတ် ၀ - ၂ ဒေါ့မွန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဒေါ့မွန် | - | အိမ်(သရေ) | ဝေး(ရှုံး) | ဝေး(နိုင်) |
| စတုဂတ် | - | ဝေး(ရှုံး) | အိမ်(ရှုံး) | အိမ်(နိုင်) |

လိဂ်နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ ဒေါ့မွန်အသင်းအတွက် အိမ်ကွင်းမှာ နိုင်ပွဲပြန်လည်ရရှိအောင်ကြိုးစားလာမှာပါ။ လက်ရှိ စတုဂတ်အသင်းရဲ့ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိလို့ ဒေါ့မွန်အသင်းတိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဒေါ့မွန်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ဒေါ့မွန် ၂ - ၀ စတုဂတ်**

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# ၂၀၃၀ ပြည့်နှစ်အမီ အိန္ဒိယနှင့် အရှေ့တောင်အာရှတစ်ခွင်ငှက်ဖျားရောဂါအမြစ်ပြတ်နိုင်ရေး



လက်ရှိကာလ ကမ္ဘာတစ်လွှားတွင် သုံးမိနစ်တစ်ကြိမ် ငှက်ဖျားရောဂါကြောင့် လူလေးဦးသေဆုံးနေကြရသည်။ ငှက်ဖျားရောဂါသည် ကပ်ပါးပိုးတစ်မျိုးဖြစ်ပြီး မျိုးကွဲငါးမျိုးရှိသည့် Plasmodium ကြောင့်ဖြစ်ပွားရကြောင်း အများသိရှိကြပြီးဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် အရှေ့တောင်အာရှဒေသသည် အာဖရိကတိုက်ပြီးလျှင် ငှက်ဖျားရောဂါဖြစ်ပွားမှုအများဆုံးဒေသဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်အတွင်း အရှေ့တောင်အာရှဒေသတစ်ခွင် လူဦးရေငါးသန်းခန့် ငှက်ဖျားရောဂါကူးစက်ခံစားခဲ့ကြရပြီး ၉၀၀၀ ခန့် သေဆုံးခဲ့ကြရသည်။

အရှေ့တောင်အာရှနှင့် တောင်အာရှဒေသတစ်ခွင် ငှက်ဖျားဖြစ်ပွားမှု၏ ၈၂ ဒသမ ၅ ရာခိုင်နှုန်းက အိန္ဒိယနိုင်ငံတွင်ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံက ၁၅ ဒသမ ၆ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာလိုက်ပြီး မြန်မာနိုင်ငံက ၁ ဒသမ ၆ ရာခိုင်နှုန်းဖြင့် အရှေ့တောင်အာရှတစ်ခွင် ငှက်ဖျားအဖြစ်အများဆုံးတတိယနေရာတွင်ရှိနေသည်။ ငှက်ဖျားတိုက်ဖျက်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကမ္ဘာလုံးဆိုင်ရာနည်းဗျူဟာ (GTS) ကို ၂၀၁၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်ထိ ချမှတ်ဆောင်ရွက်နေသည်။

အိန္ဒိယနိုင်ငံက အထက်ပါ GTS ဗျူဟာအတွင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံအတွင်း ငှက်ဖျားအမြစ်ပြတ်နိုင်ရန် မျှော်မှန်းဆောင်ရွက်နေသည်။ အများသိကြသည့်အတိုင်း အိန္ဒိယဆိုသည်က ကမ္ဘာ့တိုက်ငယ်တစ်ခု လူဦးရေသန်း ၁၄၀၀ ပြည့်နေပြီဖြစ်သည်။ ပင်လယ်ကမ်းခြေမှအစ သဲကန္တာရအလယ်၊ ဆီးနှင်းဖုံးတောင်တန်းကြီးများအဆုံး နိုင်ငံအတွင်း မြေမျက်နှာသွင်ပြင်မျိုးစုံရှိသည်။ သည်လိုနိုင်ငံကြီးထဲတွင် ငှက်ဖျားရောဂါအမြစ်ပြတ်နိုင်ရန်ဆိုသည်က အလွန်အမင်းကြိုးစားအားထုတ်မှ ရပါလိမ့်မည်။

၂၀၂၀ ပြည့်နှစ်အတွင်း အိန္ဒိယနိုင်ငံ၏ ငှက်ဖျားရောဂါကူးစက်မှုနှုန်းမှာ ၂၀၁၅ ခုနှစ်နှင့် နှိုင်းယှဉ်လိုက်သည့်အခါ ၄၀ ရာခိုင်နှုန်းကျော် ကျဆင်းသွားသည်။ ကိုဗစ်-၁၉ ကပ်ရောဂါလှိုင်းများအတွင်း အိန္ဒိယနိုင်ငံ၏ ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ မည်မျှထိခိုက်ကျဆင်းသွားသလဲဆိုသည်ကို တိတိပပသုတေသနပြုလုပ်ထားကြသည်ကို မတွေ့ရသေးပေ။ Global Fund အဖွဲ့ကြီး၏ ထုတ်ပြန်ချက်များအရ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှ စက်တင်ဘာလအတွင်း ငှက်ဖျားရောဂါပိုးတွေ့ရှိမှုနှုန်းမှာ ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်သည့်အခါ ၅၆ ရာခိုင်နှုန်းထိ ကျဆင်းသွားကြောင်း တွေ့ရသည်။ ထိုသို့ ငှက်ဖျားပိုးတွေ့ရှိမှု ကျဆင်းသွားသည့်နိုင်ငံများထဲတွင် အိန္ဒိယနိုင်ငံလည်း ပါဝင်နေသည်။ အမှန်တကယ်ငှက်ဖျားဖြစ်သူဦးရေ လျော့ကျသွား၍လား၊ ကိုဗစ်ကာလအသွားအလာ ကန့်သတ်မှုများကြောင့် ငှက်ဖျားပိုးတွေ့နှုန်းကျဆင်းသွားခြင်းလား ခွဲခြားသက်သေထူနိုင်ရန်လိုသေးသည်။

ငှက်ဖျားတိုက်ဖျက်ရေး၏ စိန်ခေါ်မှုတစ်ခုမှာ Submicroscopic Infection ဟုခေါ်ကြသည့် အဏုကြည့်မှန်ပြောင်းအောက်တွင် ရှာမတွေ့လောက်သည့်ပမာဏထိ ငှက်ဖျားကပ်ပါးပိုးအနည်းငယ်မျှဖြင့် ရောဂါကူးစက်နေသည့်အန္တရာယ်ဖြစ်သည်။ ဓာတ်ခွဲခန်းပညာရှင်များ၏ အားနည်းချက်မဟုတ်ဘဲ ငှက်ဖျားပိုးပမာဏအနည်းငယ်မျှဖြင့် ကူးစက်မှုရှိနေသည့်ပြဿနာဖြစ်သည်။ ထိုသို့သော ပိုးပျောက်ကူးစက်မှုနှုန်းက အိန္ဒိယနိုင်ငံအတွင်း ၃ ဒသမ ၆ ရာခိုင်နှုန်းခန့်ရှိသည်ဟု ခန့်မှန်းထားကြသည်။ ငှက်ဖျားပိုးမတွေ့သဖြင့် ငှက်ဖျားဆေးမပေးနိုင်လိုက်သော်လည်း ခန္ဓာကိုယ်ထဲ၌ ငှက်ဖျားပိုးရှိနေသည်ဖြစ်ရာ ငှက်ဖျားကူးစက်မှုက ဆက်လက်ရှိနေသည်။ ထိုသို့သောအနေအထားတွင် ငှက်ဖျားပိုးအမြစ်ပြတ်ပျောက်ကွယ်ရန်လည်း ခက်ခဲသွားသည့်သဘောဖြစ်သည်။

ထိုသို့ ပိုးပျောက်ကူးစက်မှုများမဖြစ်စေချင်လျှင် မော်လီကျူးအခြေပြုငှက်ဖျားပိုးစစ်ဆေးနည်းများဖြင့် အစားထိုး၍ရသည်။ ကုန်ကျစရိတ်များသည့်အတွက် ဝင်ငွေနိမ့်နှင့် အလယ်အလတ်ရှိ နိုင်ငံများအတွက် အလျှုရှင်လိုအပ်နေသည်။ အရှေ့တောင်အာရှနိုင်ငံများတွင် ငှက်ဖျားပိုးကူးစက်မှုမှတ်တမ်းတင်ခြင်းကို စာရွက်များပေါ်မှာသာ ရေးမှတ်နေကြရသည်။ ၎င်းငှက်ဖျားပိုးတွေ့သတင်းပို့စနစ်ကို ဒစ်ဂျစ်တယ်စနစ်ဖြစ်အောင်လုပ်ရမည်။ သို့မှသာ အမှားအယွင်းအပျောက်အရှနည်းနည်းဖြင့် ငှက်ဖျားဆိုင်ရာသတင်းအချက်အလက်များကို စုစည်းနိုင်မည်။

ငှက်ဖျားတိုက်ဖျက်ရေးအပေါ် နောက်ထပ်စိန်ခေါ်မှုတစ်ခုက ဆေးယဉ်ပါးငှက်ဖျားပိုးဖြစ်သည်။ ၎င်းပြဿနာကိုကုစားနိုင်ရန် အရှေ့တောင်အာရှနိုင်ငံများတွင် Artemisinin အခြေပြုငှက်ဖျားဆေးသုံးမျိုးစပ်စနစ်ဖြင့် ငှက်ဖျားကုသကြရန် တိုက်တွန်းနေကြသည်။ အာရှတိုက်နေရာအတော်များများတွင်မူ Artemisinin အခြေပြုသုံးမျိုးစပ်ငှက်ဖျားဆေးများက အောင်မြင်ခဲ့ပြီးပြီဖြစ်သည်။

ငှက်ဖျားကပ်ပါးပိုးအမျိုးအစား လေးမျိုးထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် P vivax ငှက်ဖျားပိုးက တီမောနိုင်ငံမှလွဲ၍ ငှက်ဖျားရှိသည့် အရှေ့တောင်အာရှနိုင်ငံများအားလုံးတွင်ရှိနေသည်။ P vivax ၏ ထူးခြားချက်က အသည်းထဲ၌ ပုန်းခိုနေနိုင်စွမ်းရှိခြင်းဖြစ်သည်။ ငှက်ဖျားဆေးများသောက်သုံးသည့်အခါ သွေးထဲမှ ငှက်ဖျားပိုးများသေသွားသော်လည်း အသည်းထဲတွင် အိပ်ပျော်နေသည့် ငှက်ဖျားပိုးလေးများ ကျန်ခဲ့သည်။ ယနေ့အသုံးပြုနေကြပြီဖြစ်သည့် ငှက်ဖျားကာကွယ်ဆေး RTS,S/AS01 အမည်ရသည့်ဆေးက P vivax ကို မနှိမ်နင်းနိုင်ပေ။ အသည်းထဲတွင် ပုန်းခိုရင်းကျန်ခဲ့သည့် P vivax ငှက်ဖျားပိုးများကို သတ်ရန် Primaquine ဆေးကို ၁၄ ရက်သောက်သုံးရသည်။

Primaquine ၏အားနည်းချက်က ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်လေးနှစ်အောက်ကလေးငယ်များကို တိုက်၍မရပေ။ နောက် G6PD deficiency ခေါ်သည့် မွေးရာပါအင်ဇိုင်းတစ်မျိုးအားနည်းနေသူများနှင့်လည်းမတည့်ပေ။ G6PD deficiency ရှိနေသူများကို Primaquine တိုက်လိုက်လျှင် သွေးနီဥများပေါက်ကွဲပြီး သေဆုံးတတ်သည်။ အာရှနိုင်ငံအတော်များများတွင် G6PD deficient ဖြစ်သူများအတော်လေးများသည်။

ထို့ကြောင့် အရှေ့တောင်အာရှနိုင်ငံများအနေဖြင့် ငှက်ဖျားအမြစ်ပြတ်နိုင်ရေးအတွက် လူနာများကို G6PD ကြိုတင်စစ်ဆေးမှုပြုလုပ်ထားရမည်။ ပိုးပျောက်ကူးစက်မှုမဖြစ်စေရန် မိုက်ခရိုစကုပ်နှင့်ဓာတ်ခွဲခန်းနည်းပညာများကို အဆင့်မြှင့်တင်ထားရမည်။ ငှက်ဖျားပိုးတွေ့ရှိနှင့်မကျေနပ်ဘဲ ငှက်ဖျားပိုးမျိုးကွဲအမည်ကိုပါ ဖော်ထုတ်ထားရန်လိုအပ်သည်။

ငှက်ဖျားပိုးအမြစ်ပြတ်နိုင်ရန်က လက်တွေ့ဖြစ်နိုင်သည်။ အကျိုးကျေးဇူးလည်းများသည်။ ၂၀၁၅ ခုနှစ်တွင် မော်လ်ဒိုက်နိုင်ငံ၊ ၂၀၁၆ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံတို့က တောင်အာရှဒေသအတွင်း ပထမဆုံး ငှက်ဖျားကင်းစင်သည့်နိုင်ငံများအဖြစ် စာရင်းဝင်ခဲ့သည်။ သီရိလင်္ကာနိုင်ငံတွင် ၁၉၈၃ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း ပြည်တွင်းစစ်ဖြစ်ပွားနေသည့်

> ❖ သီရိလင်္ကာနိုင်ငံ၏ ငှက်ဖျားတိုက်ဖျက်ရေးစီမံချက်ထဲတွင် ၁-၂-၃ ဗျူဟာရှိသည်။ ငှက်ဖျားပိုးတွေ့ပြီး ပထမရက်တွင် ငှက်ဖျားလူနာသစ်အဖြစ် စာရင်းသွင်းမည်၊ ဒုတိယရက်တွင် အသေးစိတ်ရောဂါ ရှာဖွေစစ်ဆေးမှုများပြုလုပ်ပြီး ကုသမှုစလိုက်သည်၊ တတိယရက်တွင်မှ ကုသမှုစတင်ထားပြီးဖြစ်သည့် လူနာကိုပြန်လည်ချိန်းဆိုပြီး လိုအပ်သည့် ကုသမှုများ ထပ်မံပြုလုပ်သည်။ ၎င်း ၁-၂-၃ ဗျူဟာက ငှက်ဖျား အမြစ်ပြတ်ရေးအတွက် အလွန်အသုံးဝင်ကြောင်း သီရိလင်္ကာနိုင်ငံ က သက်သေထူပြခဲ့ပြီးပြီဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံများ အချင်းချင်း ငှက်ဖျားတိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်သည်။ ❖

တိုင်အောင် ငှက်ဖျားကင်းစင်ရေးဆောင်ရွက်နိုင်ခဲ့ကြသည်ကို အသိအမှတ်ပြုရမည်။

သီရိလင်္ကာနိုင်ငံ၏ ငှက်ဖျားတိုက်ဖျက်ရေးစီမံချက်ထဲတွင် ၁-၂- ၃ ဗျူဟာရှိသည်။ ငှက်ဖျားပိုးတွေ့ပြီး ပထမရက်တွင် ငှက်ဖျားလူနာသစ်အဖြစ် စာရင်းသွင်းမည်၊ ဒုတိယရက်တွင် အသေးစိတ်ရောဂါ ရှာဖွေစစ်ဆေးမှုများပြုလုပ်ပြီး ကုသမှုစလိုက်သည်၊ တတိယရက်တွင်မှ ကုသမှုစတင်ထားပြီးဖြစ်သည့် လူနာကိုပြန်လည်ချိန်းဆိုပြီး လိုအပ်သည့်ကုသမှုများ ထပ်မံပြုလုပ်သည်။ ၎င်း ၁-၂- ၃ ဗျူဟာက ငှက်ဖျားအမြစ်ပြတ်ရေးအတွက် အလွန်အသုံးဝင်ကြောင်း သီရိလင်္ကာနိုင်ငံက သက်သေထူပြခဲ့ပြီးပြီဖြစ်သည်။

အရှေ့တောင်အာရှနိုင်ငံများအချင်းချင်း ငှက်ဖျားတိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်သည်။ လက်ရှိကာလတွင် P vivax အမျိုးအစားငှက်ဖျားပိုးအတွက် ကာကွယ်ဆေးမရှိသေးပေ။ P vivax နှင့် ပတ်သက်သည့်သတင်းအချက်အလက်များကို အရှေ့တောင်အာရှနိုင်ငံများအတွင်း ပြန်လည်မျှဝေနိုင်ကြရန်လိုအပ်သည်။ ရှေ့ဆက်ပြီး P vivax ကို အနိုင်ယူနိုင်မည့်ကာကွယ်ဆေးကို ဆက်လက်ဖော်ထုတ်ကြရမည်။ နမူနာအားဖြင့် ဘူတန်နိုင်ငံနှင့် တီမောနိုင်ငံတို့တွင် ၎င်းတို့နှင့်နယ်နိမိတ်ချင်းထိစပ်နေသည့် အိန္ဒိယ၊ အင်ဒိုနီးရှားနိုင်ငံတို့နှင့်ပူးပေါင်းပြီး နယ်စပ်ဖြတ်ကျော်ငှက်ဖျားကူးစက်မှုများကို ကိုင်တွယ်ထိန်းချုပ်ရန် ဆောင်ရွက်နေကြသည်။

ရောဂါတစ်ခုအမြစ်ပြတ်နိုင်ရန်ဆိုသည်က တိကျခိုင်မာသည့် နိုင်ငံရေးရာမူဝါဒရှိရန်လိုအပ်သည်။ တီမောနိုင်ငံဆိုလျှင် ငှက်ဖျားအမြစ်ပြတ်ရေးအတွက် ပြည်တွင်းမှရရှိသည့်ရန်ပုံငွေ၏ ၄၀ ရာခိုင်နှုန်းကျော်ထိ သုံးစွဲသည်ကိုတွေ့ရသည်။ ဘူတန်နိုင်ငံဆိုလျှင်လည်း ကိုဗစ်-၁၉ ကပ်ဘေးကာလအတွင်းမှာပင် ဝေးလံခေါင်သီသည့်ဒေသများထိ ကျန်းမာရေးစောင့်ရှောက်မှုရပ်တန့်မသွားစေရန် စီစဉ်နိုင်သည်ကို တွေ့ရသည်။ အထူးသဖြင့် အဖျားလူနာမှန်သမျှ လုပ်ဆောင်ပေးရမည့်လုပ်ငန်းစဉ်များအတိုင်း အတိအကျလုပ်ဆောင်ပေးနိုင်သဖြင့် ငှက်ဖျား၊ တီဘီစသည့်လူနာများအတွက်လည်း ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှုလျော့မသွားသည်ကို တွေ့ရသည်။

အင်ဒိုနီးရှားနှင့်ဘူတန်နိုင်ငံတို့မှလွဲ၍ အိန္ဒိယနိုင်ငံအပါအဝင် ကျန်တောင်အာရှဒေသနိုင်ငံများအားလုံးသည် GTS မျှော်မှန်းချက်ဖြစ်သည့် ၂၀၂၀ ပြည့်နှစ်အတွင်း ၂၀၁၅ ခုနှစ်တွင် တွေ့ရှိခဲ့သည့် ငှက်ဖျားပိုးတွေ့နှုန်း၏ ၄၀ ရာခိုင်နှုန်းကျဆင်းရမည်ဟူသော မျှော်မှန်းချက်ကို ပြည့်မီခဲ့ကြသည်။ သို့ပေမဲ့ ပန်းတိုင်မရောက်သေး၍ 'တက်မ'ထောင်လို့မဖြစ်သေးပေ။ ၂၀၃၀ ပြည့်နှစ်အမီ တောင်အာရှတစ်ခွင်တွင် ငှက်ဖျားကင်းစင်နိုင်ရေး အားကုန်တက်ကုန်ဆက်လက်ကြိုးပမ်းကြရဦးမည်ဖြစ်ပါကြောင်း။

**ကိုးကား**

**- 2030 Countdown to malaria elimination in India and southeast Asia from Lancet July 2022.**

**ဒေါက်တာလွှမ်းမိုးဟန်**

# ကျောက်တံတားမြို့နယ် Waterlily Art Space Gallery တွင် ပန်းချီဆရာမ ၁၂ ဦး၏ Glow Ladies အွန်လိုင်းပန်းချီပြပွဲ ပြသမည်



**ရန်ကုန် အောက်တိုဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ Waterlily Art Space Gallery ပန်းချီခန်းမတွင် ပန်းချီဆရာမ ၁၂ ဦး၏ Glow Ladies အွန်လိုင်းပန်းချီ ပြပွဲကို အောက်တိုဘာ ၂၂ ရက်မှ အောက်တိုဘာ ၂၆ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း Waterlily Art Space Gallery ပန်းချီပြခန်းတာဝန်ခံ ဒေါ်အင်ကြင်းဇော်ဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ အွန်လိုင်းပန်းချီပြပွဲတွင် ပန်းချီဆရာမများဖြစ်သည့် ပန်းချီ နှင်းဒါလီအောင်၊ ပန်းချီ နှင်းလဲ့စိုး၊ ပန်းချီ ခင်သုဇာ၊ ပန်းချီ လွင်လွင်လှိုင်ရွှေ၊ ပန်းချီ နေနေထူး၊ ပန်းချီ နီနီဝင်းထွဋ်၊ ပန်းချီ ဖြူဖြူမော်၊ ပန်းချီ သဇင်မြင့်၊ ပန်းချီ သီရိပိုင်ဇော်၊ ပန်းချီ သင်းဇာခြည်၊ ပန်းချီ ယုသီတာနှင့် ပန်းချီ ဟယ်ရီခင် တို့၏ ရေဆေး၊ ဆီဆေး စသည့်လက်ရာစုံဖြင့် ဖန်တီးထားသည့် ပန်းချီကား ၄၈ ကားခန့် ပြသသွားမည်ဖြစ်သည်။

"ဒီပွဲကတော့ ထူးထူးခြားခြား ပန်းချီဆရာမ ၁၂ ယောက်ရဲ့ လက်ရာမြောက်လှတဲ့ ပန်းချီကားပေါင်းများစွာကို ပြသသွားမှာဖြစ်တဲ့အတွက် ပန်းချီချစ်မြတ်နိုးသူတွေနဲ့ မိတ်ဟောင်းမိတ်သစ်တွေ၊ ဝယ်ယူစုဆောင်းလိုသူတွေ အားလုံးကို လာရောက်ကြည့်ရှုကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု ဒေါ်အင်ကြင်းဇော်ဝင်းက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင်ပြသပေးမည့် ပန်းချီကားများ၏အရွယ်အစားများမှာ (၄×၃) ပေ၊ (၃၀×၄၀) လက်မ၊ (၁၈×၂၄)လက်မ၊ (၃×၂) ပေ၊ (၄×၂)ပေ စသည့်အရွယ်အစားစုံ ပန်းချီကားများ ပါဝင်ပြီး ဈေးနှုန်းအနေဖြင့် ငွေကျပ်နှစ်သိန်းမှ ငွေကျပ် ၁၅ သိန်းထိ ရှိကြောင်း သိရသည်။

ASH

# A Man Called Otto ဇာတ်ကား ၂၀၂၃ ခုနှစ်တွင် ရုံတင်ပြသမည်

**နယူးယောက် အောက်တိုဘာ ၂၀**

မင်းသားကြီး တွမ်ဟင့်၏ A Man Called Otto အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် ရုံတင်ပြသမည်ဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၁၉ ရက်တွင် ရေးသားတင်ပြထားသည်။

A Man Called Otto ဇာတ်ကားသည် ဆွီဒင်စာရေးဆရာ ဖရက်ဒရစ်ဘက်မင်း၏ A Man Called Ove အမည်ရှိ ဝတ္ထုကို အခြေခံရိုက်ကူးထားသော ဒရာမာဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားတွင် အော့တိုအမည်ရှိ အဘိုးအိုတစ်ဦးနှင့် အိမ်နီးချင်းမိသားစု တစ်စုကြား ဆက်ဆံရေးကို ရိုက်ကူးပုံဖော်ထားသည့် ဇာတ်ကားဖြစ်သည်။


A Man Called Otto ဇာတ်ကားတွင် မင်းသားကြီး တွမ်ဟင့်နှင့်အတူ မင်းသမီး မာရီယာနာထရီဗီနို၊ ရာချယ်ကယ်လာနှင့် မင်းသား ကင်မရွန်ဘရက်တန် တို့လည်း ပါဝင်သရုပ်ဆောင်ထားသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒေးဗစ်မာဂျီးက ရေးသားပေးထားပြီး ဒါရိုက်တာ မာ့ဖောစတားက ရိုက်ကူးပေးထားသည်။

A Man Called Otto ဇာတ်ကားကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် ရုံမတင်မီ နယူးယောက်နှင့်လော့စ်အိန်ဂျလိစ်တို့၌အကန့်အသတ်ဖြင့် ဦးစွာရုံတင်ပြသမည်ဖြစ်ကြောင်း သိရသည်။

KKO






# အဆိုတော်၊ သရုပ်ဆောင် ဟန်ထူးချာန်၏ Cover Song တေးသီချင်း ကိုယ်လာရင်ကြိုမှာလား Music Video ထွက်ရှိမည်

**ရန်ကုန် အောက်တိုဘာ ၂၀**

အဆိုတော်၊ သရုပ်ဆောင် ဟန်ထူးချာန်၏ Cover Song တေးသီချင်း တစ်ပုဒ်ဖြစ်သည့် ကိုယ်လာရင်ကြိုမှာလား အမည်ရှိ တေးသီချင်း Music Video (MV) ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တေးသီချင်း Music Video (MV) ကို MRVT-4 မှ သရုပ်ဆောင် တစ်ဦးဖြစ်သည့် သုတအောင်နှင့် ရိုက်ကူးလျက်ရှိပြီး နိုဝင်ဘာလအတွင်း ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

"တေးသီချင်း Music Video (MV) တွေက Story Vision နဲ့ သွားထားတာဆိုတော့ တချို့ပရိသတ်တွေက သီချင်းသီးသန့် တောင်းဆိုတာမျိုး ရှိတဲ့အတွက် Music Video (MV) ထွက်ပြီးပြီဆိုတာနဲ့ နောက်ကနေ Music သီးသန့်ထွက်ပေးပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းက ထွက်ခဲ့တဲ့တေးသီချင်း Music Video (MV) မှာလဲ သုတအောင်နဲ့ပဲ ရိုက်ကူးခဲ့ပါတယ်။ သုတအောင်နဲ့က MRTV-4 ရုပ်သံဇာတ်လမ်းတွဲ တစ်ခုဖြစ်တဲ့ မကြေးစည်မှာလဲ တွဲခဲ့ကြတယ်။ နောက်ထပ် ရုပ်သံဇာတ်လမ်းတွဲတစ်ခုမှာ ထပ်ပြီးတော့ တွဲဖက်သရုပ်ဆောင်ထားပါသေးတယ်"ဟု အဆိုတော်၊ သရုပ်ဆောင် ဟန်ထူးချာန်က ပြောပြသည်။



အဆိုတော်၊ သရုပ်ဆောင် ဟန်ထူးချာန်အနေဖြင့် Cover Song အဖြစ် တေးသီချင်း Music Video (MV) များ ရိုက်ကူးသွားရန် တေးသီချင်းများကျန်ရှိနေပြီး အဆိုပါ တေးသီချင်းများကိုလည်း ယခုနှစ်အတွင်း ဆက်တိုက်ထွက်ရှိရန် ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Horizon ဇာတ်ကားတွင် မင်းသား ဝီပက်တန် ပါဝင်လာ

**နယူးယောက် အောက်တိုဘာ ၂၀**

အမေရိကန် အနောက်ပိုင်း သေနတ်သမားလောကနောက်ခံ ရုပ်ရှင်ဇာတ်ကားဖြစ်သည့် Horizon ဇာတ်ကားတွင် မင်းသား ဝီပက်တန် ပါဝင်လာကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၁၉ ရက်တွင် ရေးသား တင်ပြထားသည်။

Horizon ဇာတ်ကားတွင် မင်းသား ဝီပက်တန်သည် မင်းသမီး ဆီအန်နာမီလာ၊ မင်းသား ဆမ်ဝါ့သင်တန်၊ ဂျေမီကမ်းဘဲဘိုဝါတို့နှင့် အတူသရုပ်ဆောင်ရမည်ဖြစ်သည်။

သို့ရာတွင် အဆိုပါဇာတ်ကား၌ မင်းသား ဝီပက်တန် ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို မသိရသေးကြောင်း သိရသည်။

Horizon ဇာတ်ကားသည် အမေရိကန် ပြည်တွင်းစစ်မဖြစ်မီနှင့် ဖြစ်ပြီးကာလ ၁၅ နှစ်တာကာလကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ကမ္ဘာကျော်ဒါရိုက်တာ မင်းသားကြီး ကီဗင်ကော်စနာက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီ ကိုယ်တိုင်လည်းပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

လက်ရှိတွင် Horizon ဇာတ်ကား ရုံတင်မည့်ရက်ကို ထုတ်လုပ်သူများက သတ်မှတ်ရခြင်းမရှိသေးကြောင်း သိရသည်။

KKO



# မိုင်းဖြတ်မြို့နယ် ဆားလို့မိုင်-ဟာကြားမုတိကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မိုင်းဖြတ် အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဆားလို့မိုင်-ဟာကြားမုတိကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲခေါင်၊ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့်တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ဆားလို့မိုင်-ဟာကြားမုတိကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်သော Hero Family ကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ ရှင်းလင်းတင်ပြမှုအပေါ် တာချီလိတ်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲခေါင်က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

မိုင်းဖြတ်မြို့နယ် ဆားလို့မိုင်-ဟာကြားမုတိကျေးရွာ၌ အရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မ ကျောက်ရောမြေခင်းခြင်း၊ ကုန်ထုတ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၉၆ ဒသမ ၉၂ သန်းဖြင့် Hero Family ကုမ္ပဏီက စက်တင်ဘာ ၂၁ ရက်မှ စတင်တာဝန်ယူဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၉ ရက်ထိ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးပါက ကျေးရွာနှစ်ရွာ၊ စိုက်ဧက ၁၀၀၊ အိမ်ခြေ ၅၄ အိမ်၊ လူဦးရေ ၃၁၆ ဦးတို့ကို အကျိုးပြုသွားမည်ဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ပြောပြ၍ သိရသည်။

**ဧင်မာ**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing accepts Credentials of Nepalese Ambassador to Myanmar



Senior General Min Aung Hlaing receives H.E. Mr. Harishchandra Ghimire, newly accredited Ambassador of Nepal to Myanmar.

**Nay Pyi Taw October 20**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing accepted the credentials of Ambassador-Designate of the Kingdom of Nepalese to Myanmar H.E.Mr. Harishchandra Ghimire at the Credentials Hall of the Office of the Chairman of State Administration Council at 10.45 am today.

At the call, they frankly discussed matters related to diplomatic relations and friendship, promotion of commerce and trade and tourism between the two countries.

After the discussions, the Senior General and the ambassador posed for documentary photographs.

Also present at the call were Joint Secretary of SAC Lt-Gen Ye Win Oo, Union Minister for Foreign Affairs U Wunna Maung Lwin and Director General U Wunna Han of the Protocol Department. 100



Senior General Min Aung Hlaing shakes hands with H.E. Mr. Harishchandra Ghimire, newly accredited Ambassador of Nepal to Myanmar.

# SAC Chairman Prime Minister Senior General Min Aung Hlaing accepts Credentials of Belarusian Ambassador to Myanmar



Senior General Min Aung Hlaing receives H.E. Mr. Uladzimir Baravikou, newly accredited Ambassador of Belarus to Myanmar.

**Nay Pyi Taw October 20**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing accepted the Credentials from newly accredited Belarusian Ambassador to Myanmar Mr Uladzimir Baravikou at the Credentials Hall of the Office of the SAC Chairman in Nay Pyi Taw at 10 am today.

Both side discussions focused on enhancement of diplomatic relations between the two countries, exchange of goodwill visits, trade promotion measures, cooperation in science and technology, and further cooperation in defence sector.

After the call, the Senior General and the newly accredited Belarusian Ambassador to Myanmar posed for documentary photos.

Also present at the call were Joint Secretary of the Council Lt-Gen Ye Win Oo, Union Minister for Foreign Affairs U Wunna Maung Lwin and Director General of the Protocol Department U Wunna Han. 100



Senior General Min Aung Hlaing shakes hands with H.E. Mr. Uladzimir Baravikou, newly accredited Ambassador of Belarus to Myanmar.

# National Kandawgyi Garden in PyinOoLwin to host 15th flower festival



Flower arrangements seen in National Kandawgyi Gardens.

**PyinOoLwin October 20**

The 15th flowery festival will take place at National Kandawgyi Garden in PyinOoLwin Township of Mandalay Region on a grander scale, said warden U Zaw Min Tun of the garden.

The festival will last for one month from 15 December 2022 to 15 January 2023 with the entertainment programmes and special sales.

"The festival flower was held for the last time in 2019. Due to outbreak of Vovid-19, the festival missed to hold in 2020 and 2021. This will be the 15th festival. It will last for one month from 15 December 2022 to 15 January 2023. It will comprise the entertainment programme and special sales. Now, the organizers arrange allotment of shops for the festival," said U Zaw Min Tun.

A showroom sector will be included in the programme of the festival to showcase domestic products, sweaters, handiworks, souvenirs and other goods at the festival.

The National Kandawgyi Garden is on the 436.96 acres of land with 366.96 acres of land and some 70 acres of water. It was established in 1924, and now, Htoo Group of Companies is operating the 15-year lease term of the garden as of 2010. ASH

# More than 500 tons of rattan exported till September of 2022-23 FY

**Nay Pyi Taw October 20**

More than 500 tons of rattan was exported till the end of October 2022 of the 2022-23 fiscal year, according to a press release issued by the Ministry of Commerce.

Rattan flows out to China via Lweje border trade camp. According to the statistics of the Ministry of Commerce, Lweje trade camp handled export of 513.90 tons of rattan to China in the first half of the financial year from 1 April to end of September 2022.

In the corresponding period of 2021-22 FY, the trade camp handled 353.40 tons of rattan. Hence, this fiscal year scored 160.5 tons of rattan more than the same period of the previous fiscal year.

These pieces of rattan were extracted from Shwegu, Mabein, Mansi, Momauk, Bhamo Myitkyina, Hsinbo and Talok regions of Kachin State.

Local people who cut rattan from the jungle sold their rattan to purchase centres in Myitkyina, Bhamo and other nearby cities. The centres purchase K400 per piece of rattan. These centres process the rattan and export them to China. In this regard, just a kind of hill rattan is exported to China. Other varieties of rattan are distributed to Yangon and Mandalay markets.

Depending on quality, hill rattan is set at 4,500 to 6,000 yuan per ton. Currently, Myanmar Rattan and Bamboo Entrepreneurs Association arranges export of products made of rattan and bamboo to foreign markets.

There are more than 70 companies engaging in production of handiworks made of rattan and bamboo, earning some US$10 million of income per year. 336



Rattans seen after being harvested.

# Monsoon paddy harvested in Toungoo District, fetching K1 million to K1.1 million per 100 baskets of paddy

**Toungoo October 20**

Bago Region Consumer Affairs Department on 14 October stated that monsoon paddy harvested in Toungoo District fetched K1 million to K1.1 million per 100 baskets of paddy.

A total of 452,170 acres of monsoon paddy are harvested in Toungoo, Yedashe, Htantabin, Ottwin and Pyu townships of Toungoo District, and paddy flows into the market.

Paddy is purchased by rice mills where they keep paddy dry as harvested paddy missed chance to be dried in early October due to storms.

As paddy is high wetness, mills purchase paddy in 54 pounds per basket. Last year, paddy price was set at K630,000 to K650,000 per 100 baskets in monsoon harvesting. This year, although prices of paddy are high, all costs are higher than last year. So, farmers got lesser benefit.

In the third week of October, weather was fine, and paddy can be harvested well. Hence, paddy quality will be higher but price of paddy will be down, according to farmers and rice millers.

At present, rice brokerages in Toungoo sold K101,000 per bag of Shwebo Pawsan, K89,000 Pyapon Pawsan and K44,000 Byawtun in early October. On 14 October, one bag of Shwebo Pawsan was set at K98,000, Pyapon Pawsan K86,000 and Byawtun K41,000. 336

# Indonesia bans all syrup medicines after death of 99 children

**Jakarta October 20**

The deaths of nearly 100 children in Indonesia have prompted the country to suspend sales of all syrup and liquid medication.

It comes just weeks after a cough syrup in The Gambia was linked to the deaths of nearly 70 children.

Indonesia said some syrup medicine was found to contain ingredients linked to acute kidney injuries (AKI), which have killed 99 young children this year.

It is not clear if the medicine were imported or locally produced.

On Thursday, Indonesian health officials said they had reported around 200 cases of AKI in children, most of who were aged under five.

Earlier this month, the The World Health Organization (WHO) issued a global alert over four cough syrups that were linked to the deaths of almost 70 children in The Gambia.

The WHO found the syrups used there - made by an Indian pharmaceutical company - contained "unacceptable amounts" of diethylene glycol and ethylene glycol. The syrups have been "potentially linked with acute kidney injuries", said the organisation.

Indonesia's Health Minister on Thursday said the same chemical compounds were also found in some medicines used locally.

"Some syrups that were used by AKI child patients under five were proven to contain ethylene glycol and diethylene glycol that were not supposed to be there, or of very little amount," said Budi Gunadi Sadikin.

However, he did not disclose how many cases involved the toxic medicines.

Indonesian authorities said the cough syrups used in The Gambia were not sold locally.

One epidemiologist said the true death toll could be even higher than reported.

"When cases like these happen, [what we know is] the tip of the iceberg, which means there could be far more victims," Dicky Budiman, an epidemiologist from Griffith University told BBC Indonesia. BBC

# Black Death 700 years ago affects your health now

**London October 20**

The devastation of the plague pandemic left such an incredible genetic mark on humanity that it's still affecting our health nearly 700 years later.

Up to half of people died when the Black Death swept through Europe in the mid-1300s.

A pioneering study analysing the DNA of centuries-old skeletons found mutations that helped people survive the plague.

But those same mutations are linked to auto-immune diseases afflicting people today.

The Black Death is one of the most significant, deadliest and bleakest moments in human history. It is estimated that up to 200 million people died.

Researchers suspected an event of such enormity must have shaped human evolution. They analysed DNA taken from the teeth of 206 ancient skeletons and were able to precisely date the human remains to before, during or after the Black Death.

The analysis included bones from the East Smithfield plague pits which were used for mass burials in London with more samples coming from Denmark. The standout finding, published in the journal Nature, surrounded mutations in a gene called ERAP2.

If you had the right mutations you were 40% more likely to survive the plague. BBC

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားထံ အီရန်၏မောင်းသူမဲ့လေယာဉ်ပံ့ပိုးမှု ဥရောပသမဂ္ဂ ထိပ်တန်းသံတမန်များ ဆွေးနွေးခဲ့



ဥရောပသမဂ္ဂတွင် ထိပ်တန်းသံတမန်များက ရုရှားထံ အီရန်၏မောင်းသူမဲ့လေယာဉ်များ ပံ့ပိုးမှုအပေါ် အောက်တိုဘာ ၁၇ ရက်က ဆွေးနွေးခဲ့သည်။ ဥရောပသမဂ္ဂနိုင်ငံခြားရေးကောင်စီသည် အီရန်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် တာဝန်ရှိသူများကို ဒဏ်ခတ်အရေးယူရန် ဆုံးဖြတ်ခဲ့ကြသည်။

"ယူကရိန်းပဋိပက္ခမှာ အီရန်ပါဝင်မှုနဲ့ပတ်သက်ပြီး ခိုင်မာတဲ့သက်သေအထောက်အထားတွေကို ကျွန်တော်တို့ ရှာဖွေသွားမှာပါ"ဟု ဥရောပသံတမန်ရေးရာအကြီးအကဲ JosepBorrell က ပြောကြားခဲ့သည်။

ယခုနှစ် ဇူလိုင်လတွင် ရုရှားသမ္မတ ဗလာဒီမာပူတင်၏ တီဟီရန်ခရီးစဉ်မတိုင်မီ အီရန်က UAV များကို ရုရှားနိုင်ငံသို့ ရောင်းချခဲ့သည်ဟု စွပ်စွဲချက်များ ပထမဆုံးအကြိမ် ထွက်ပေါ်လာခဲ့ပြီး အီရန်၏ မောင်းသူမဲ့လေယာဉ်များ တင်ဆောင်လာသည့် ရုရှားကုန်တင်လေယာဉ်များ အီရန်မှပျံတက်သွားခဲ့ကြောင်း ဩဂုတ်လနှောင်းပိုင်းတွင် ဝါရှင်တန်ပို့စ်သတင်းစာက ရေးသားဖော်ပြခဲ့ကြသည်။

ယူကရိန်း လူမှုကွန်ရက်မီဒီယာများတွင် အီရန်ထုတ် UAV ကို ပထမဆုံးအကြိမ် ပစ်ချနိုင်ခဲ့ကြောင်း စက်တင်ဘာ ၁၃ ရက်က ရေးသားဖော်ပြခဲ့သည်။

ထိုအချိန်မှစ၍ ယူကရိန်းကောင်းကင်ယံ၌ အီရန်မောင်းသူမဲ့ လေယာဉ်များ အကြောင်း သတင်းများပုံမှန်တက်လာခဲ့သည်။ ထို့ပြင် အီရန်နိုင်ငံ ကာကွယ်ရေးစက်မှုလုပ်ငန်းသည် ၎င်း၏ Fateh-110 နှင့် Zolfaghar ပဲ့ထိန်းဒုံးကျည်များ၏ ပထမအသုတ်နှင့် နောက်ထပ် Mohajer-6 နှင့် Shahed- 136 မောင်းသူမဲ့လေယာဉ်များကို ရုရှားထံတင်ပို့ပေးရန် အဆင်သင့်ဖြစ်နေကြောင်း ထောက်လှမ်းရေးအချက်အလက်များကို ကိုးကား၍ WaPo သတင်းဌာနက အောက်တိုဘာ ၁၆ ရက်က ရေးသားဖော်ပြခဲ့သည်။

Zolfaghar ပဲ့ထိန်းဒုံးကျည်သည် ကီလိုမီတာ ၇၀၀ အကွာအဝေးရှိ ပစ်မှတ်များကို ပစ်ခတ်နိုင်စွမ်းရှိသော ပဲ့ထိန်းဒုံးကျည်အမျိုးအစားဖြစ်သည်။ ရုရှားတပ်ဖွဲ့များ ရှေ့တန်းဒေသများမှ အဆိုပါဒုံးကျည်များဖြင့် ယူကရိန်းရှိရေယာပစ်မှတ်များကို ပစ်လွှတ်တိုက်ခိုက်နိုင်စွမ်းရှိသည်။ ၁၉၈၈-၂၀၁၉ ခုနှစ်အတွင်း အသက်ဝင်ခဲ့သော တာလတ်နှင့်တာတိုပစ်ပဲ့ထိန်းဒုံးကျည်များဆိုင်ရာ အမေရိကန်နှင့် သဘောတူစာချုပ်အရ ကီလိုမီတာ ၅၀၀ မှ ၅၅၀၀ အကွာအဝေးရှိ မြေပြင်အခြေစိုက်ဒုံးကျည်များ ထုတ်လုပ်ခြင်း သို့မဟုတ် စမ်းသပ်ခြင်းမပြုရန် ရုရှားကို တားမြစ်ထားသည်ဟု စစ်ရေးကျွမ်းကျင်သူ Yury Lyamin က ရုရှားနိုင်ငံ Kommersant သတင်းစာသို့ ပြောကြားခဲ့သည်။

"Fateh-110 ဒုံးကျည်တွေဟာ အကွာအဝေးကီလိုမီတာ ၃၀၀ ထိ ပစ်ခတ်နိုင်ပါတယ်။ အီရန်မှာ အဲဒီလိုဒုံးကျည်မျိုးကွဲတွေ အများအပြားထုတ်လုပ်ထားပါတယ်။ တချို့မှာ ပစ်မှတ်အမျိုးမျိုးပေါ် မူတည်ပြီး တိကျစွာတိုက်ခိုက်နိုင်ရန်အတွက် အာရုံခံကိရိယာမှာ တစ်ပါတည်းတပ်ဆင်ထားပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

မော်စကိုနှင့် တီဟီရန် နှစ်နိုင်ငံစလုံးက မောင်းသူမဲ့လေယာဉ်ပံ့ပိုးမှုများ သို့မဟုတ် ပဲ့ထိန်းဒုံးကျည်များဝယ်ယူနိုင်ခြေကို အတည်မပြုခဲ့ကြပေ။

"နိုင်ငံရေးအရလှုံ့ဆော်တဲ့ သတင်းတွေရှိနေပြီး အဲဒါကို အနောက်နိုင်ငံတွေရဲ့ သတင်းရင်းမြစ်တွေကဖော်ပြနေကြတာပါ" ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ Nasser Kanaani က အောက်တိုဘာ ၁၇ ရက်တွင် ဝါရှင်တန်ပို့စ်သတင်းစာ၏အစီရင်ခံစာအပေါ် မှတ်ချက်ပေးခဲ့သည်။

**Kommersant: EU may punish Iran over drone supplies to Russia ကို ဘာသာပြန်ဆိုပါသည်။**

## မြောက်ကိုရီးယားနိုင်ငံက နယ်စပ်အနီးအနောက်ဘက်ကမ်းရိုးတန်းတွင် အမြောက်များပစ်ခတ်ခဲ့

မြောက်ကိုရီးယားနိုင်ငံသည် နှစ်နိုင်ငံသဘောတူထားသည့် ကြားခံဇုန်တစ်ခုအနီး ပင်လယ်ထဲသို့ ရာနှင့်ချီသောအမြောက်များဖြင့် ပစ်ခတ်ခဲ့ပြီး ၎င်းလုပ်ဆောင်မှုသည် တောင်ကိုရီးယားအတွက် ဆိုးရွားသော သတိပေးချက်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အောက်တိုဘာ ၁၈ ရက်တွင် မြောက်ကိုရီးယားနိုင်ငံသည် ၎င်း၏အနောက်ဘက်ကမ်းရိုးတန်းတွင် အမြောက်ကျည် ၁၀၀ ခန့်နှင့်အရှေ့ဘက်မှ နောက်ထပ်အမြောက်ကျည် ၁၅၀ ခန့်ကို ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးချုပ်ရုံးက အောက်တိုဘာ ၁၈ ရက်က ပြောကြားခဲ့သည်။

၎င်းပစ်လွှတ်မှုသည် တောင်ကိုရီးယား၏ ရေပိုင်နက်အပြင်ဘက်သို့ ကျရောက်ပေါက်ကွဲခဲ့ကြပြီး ၂၀၁၈ ခုနှစ်တွင် သတ်မှတ်ထားသော ရေပိုင်နက်နယ်နိမိတ်အတွင်း၌ နှစ်နိုင်ငံကြား ထိုသို့လုပ်ဆောင်မှုများကို ရှောင်ရှားရန်ဖြစ်သည်ဟု မှတ်ချက်ပြုခဲ့သည်။

မြောက်ကိုရီးယား၏ လုပ်ရပ်များကို ချက်ချင်းရပ်တန့်ရန် အလေးအနက် တိုက်တွန်းကြောင်း၊ မြောက်ကိုရီးယား၏ ရန်စမှုများသည် ကိုရီးယားကျွန်းဆွယ်နှင့် နိုင်ငံတကာအသိုက်အဝန်း၏ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကိုထိခိုက်စေသည့် လုပ်ရပ်များဖြစ်ကြောင်း တောင်ကိုရီးယားစစ်ဘက်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြောက်ကိုရီးယားက ပြီးခဲ့သောသီတင်းပတ်တွင် ကြားခံဇုန်အတွင်းသို့ ဒုတိယအကြိမ် ပစ်လွှတ်စမ်းသပ်မှုဖြစ်ပြီး ပြီးခဲ့သည့် အောက်တိုဘာ ၁၄ ရက်ကလည်း အလားတူ အင်အားပြပစ်ခတ်မှုမျိုး လုပ်ဆောင်ခဲ့သေးသည်။ အမြောက်ကျည် ၁၇၀ ခန့်အပြင် တာတိုပစ်ပဲ့ထိန်းဒုံးကျည်တစ်စင်းကိုပစ်လွှတ်ခဲ့ပြီး စစ်လေယာဉ်များစွာကို အင်အားပြပျံသန်းလေ့ကျင့်ခဲ့ကြသည်။

မြောက်ကိုရီးယားအစိုးရပိုင် Korean Central News Agency (KCNA) မှ မှတ်ချက်များတွင် အမည်မဖော်လိုသူ စစ်ဘက်အရာရှိတစ်ဦးက အဆိုပါစစ်အင်အား ပြသလုပ်ဆောင်နေမှုများသည် "ဆိုးလ်သို့သတင်းစကားပေးပို့ရန်"ရည်ရွယ်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

"နောက်တစ်ကြိမ် သတိပေးချက်တစ်ခုအနေနဲ့ အရှေ့ဘက်နဲ့အနောက်ဘက် စစ်မျက်နှာစာမှာရှိတဲ့ ကိုရီးယားပြည်သူ့တပ်မတော်တပ်ဖွဲ့တွေဟာ ခြိမ်းခြောက်မှုတွေ ပြုလုပ်နိုင်ခဲ့ကြောင်း သေချာစေခဲ့ပါတယ်။ ပြင်းထန်တဲ့ စစ်ရေးအရတန်ပြန်မှုအဖြစ် အောက်တိုဘာ ၁၈ ရက်ညတွင် အရှေ့ဘက်နှင့် အနောက်ပင်လယ်ဘက်သို့ ပစ်ခတ်သတိပေးခဲ့တာလဲ ဖြစ်ပါတယ်" ဟု အဆိုပါတာဝန်ရှိသူကဆိုလျက် မြောက်ကိုရီးယားကိုရည်ရွယ်ပြီး တောင်ကိုရီးယား၏ စစ်ရေးလေ့ကျင့်မှုများအားလုံးကို ဆက်လက်ရှုတ်ချသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။



ဆိုးလ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော Hoguk စစ်ရေးလေ့ကျင့်မှုကို အောက်တိုဘာ ၁၇ ရက်တွင် စတင်ခဲ့ပြီး မြောက်ကိုရီးယား၏ ဒုံးကျည်ခြိမ်းခြောက်မှုများကို တွန်းလှန်နိုင်စွမ်းမြှင့်တင်ရန် ရည်ရွယ်ထားကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုသည် အောက်တိုဘာ ၂၅ ရက်တွင် ပြီးဆုံးမည်ဖြစ်ပြီး အမေရိကန်၊ ဂျပန်တို့နှင့် ပူးပေါင်းစစ်ဆင်ရေးများပါဝင်သည့် မကြာသေးမီရက်သတ္တပတ်များအတွင်း တောင်ကိုရီးယား၏စစ်ရေးလှုပ်ရှားမှုများ နောက်ဆက်တွဲအနေဖြင့် ဆက်လက်လုပ်ဆောင်ခဲ့ခြင်းလည်းဖြစ်သည်။

မြောက်ကိုရီးယားသည် ဒုံးကျည်စမ်းသပ်မှုများ နှစ်အတော်ကြာငြိမ်သက်နေခဲ့ပြီးနောက် ယခုနှစ်တွင် စံချိန်တင်ပြုလုပ်ခဲ့ပြီး ကိုရီးယားကျွန်းဆွယ်၌ သိသာထင်ရှားသော တင်းမာမှုများတိုးမြှင့်လာချိန်တွင် ယခုကဲ့သို့ စစ်ရေးလေ့ကျင့်မှုများ အပြိုင်အဆိုင် ပြုလုပ်လာနေခြင်းလည်းဖြစ်သည်။ လက်နက်စမ်းသပ်မှုများအပြင် မြောက်ကိုရီးယားသည် မကြာသေးမီကမှ ရေလှောင်ကန်အောက်ရှိ ဝှက်ထားသော Silo အတွင်းသို့ နည်းဗျူဟာမြောက်နျူကလီးယားထိပ်ဖူးများ တင်ဆောင်ခြင်းကို ပုံဖော်သည့် စစ်ရေးလေ့ကျင့်မှုတစ်ခု ပြုလုပ်ခဲ့ကြောင်းနှင့် ၎င်း၏နျူကလီးယားတပ်ဖွဲ့များ အဆင်သင့်ရှိစေရန်အတွက် စက်တင်ဘာလတွင် စတင်ခဲ့သော အတွဲလိုက် စစ်ရေးလေ့ကျင့်မှုများ၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်ကြောင်း သိရသည်။

**North Korea fires artillery near border ကိုဘာသာပြန်ဆိုပါသည်။**

**မင်းမျိုး**

# ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၄၁၂၅ ဧက စိုက်ပျိုးမည်



**ငပုတော အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၄၁၂၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ငပုတောမြို့နယ်၌ မတ်ပဲ ၁၀၃၂ ဧက၊ ပဲတီစိမ်း ၇၈၁ ဧက၊ ဘိုကိတ်ပဲ ၂၃၁၂ ဧက စုစုပေါင်း ပဲမျိုးစုံ ၄၁၂၅ ဧကကို နိုဝင်ဘာလတွင် စိုက်ကွက်ပေါင်ဖော် မြေပြုပြင်ပြီး ဒီဇင်ဘာလပထမပတ်တွင် စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲမျိုးစုံဧက ၄၀၀၀ ကျော် စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ လာမဲ့ နိုဝင်ဘာလမှာ မြေယာပြုပြင်တာတွေလုပ်ပြီး ဒီဇင်ဘာလထဲမှာ စိုက်သွားမှာဖြစ်ပါတယ်။ လျာထားဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်သွားမှာဖြစ်တယ်။ လိုအပ်တဲ့ပဲမျိုးစေ့ မျိုးကောင်းမျိုးသန့်တွေကိုလဲ ဝယ်ယူရရှိစေဖို့ ချိတ်ဆက်ကူညီဆောင်ရွက်ပေးနေပါတယ်။ ပဲတွေစိုက်ပျိုးတဲ့အခါ တောင်သူတွေ သွင်းအားစုစရိတ်တွေ အကုန်အကျသက်သာစေဖို့၊ မြေဩဇာချွေတာသုံးစွဲဖို့နဲ့ အထွက်နှုန်းမလျော့ကျစေဖို့လုပ်ငန်းတွေကို ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းသီးနှံအဖြစ် ပဲမျိုးစုံသီးနှံ ၄၁၂၅ ဧကကို တောင်သူတစ်ဦးလျှင် တစ်ဧကမှ သုံးဧကထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါပဲမျိုးစုံသီးနှံ လျာထားချက်ပြည့်မီစေရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# တာချီလိတ်မြို့နယ် ဟွေတောင်းကျေးရွာ၌ ရေပေးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**တာချီလိတ် အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာချီလိတ်မြို့နယ် ဟွေတောင်းကျေးရွာတွင် ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ ၁၉ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးစိုင်းစိုးစိုး၊ တာချီလိတ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရဲခေါင်နှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၁ ဒသမ ၇၇ သန်း ဖြင့်ဆောင်ရွက်သည့် တာချီလိတ်မြို့နယ် မိုင်းဟဲကျေးရွာအုပ်စု ဟွေတောင်းကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို စစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူး ဒေါ်လဲ့လဲ့သင်းနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။



တာချီလိတ်မြို့နယ် မိုင်းဟဲကျေးရွာအုပ်စု ဟွေတောင်းကျေးရွာတွင် ဆောင်ရွက်ပြီးစီးသည့် အရှည်နှစ်မိုင်လေးဖာလုံရှိ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းကို ဇမ္ဗူထိပ်ကုမ္ပဏီက ယခုနှစ် စက်တင်ဘာလပထမပတ်တွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ကျေးရွာတွင်း တစ်နှစ်ပတ်လုံး သောက်သုံးရေလုံလောက်စွာ ရရှိသုံးစွဲနိုင်မည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် တစ်ဖက်တစ်လမ်းက အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# မိုင်းရှူးမြို့နယ် ပန်နောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းရှူး အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်စွဲကျေးရွာအုပ်စု ပန်နောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများ သတ္တမအကြိမ်ထုတ်ချေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးက ကျေးရွာရှိရပ်မိရပ်ဖများ၊ မြစိမ်းရောင် အသင်းသူ၊ အသင်းသားများ၊ ကျေးရွာ စီမံကိန်းလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ပန်နောင်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံသို့ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၂၉၇ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပန်နောင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ သတ္တမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၂၉၇ သိန်းကို ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်မည့်အသင်းသူ၊ အသင်းသား ၃၁ ဦးကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း မိုင်းရှူးမြို့နယ်ဦးစီးမှူး ဦးမင်းဦးက ပြောပြ၍ သိရသည်။

**မောင်နိုင်**

# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၀-၁၀-၂၀၂၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၅၃၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၅၂၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧွဲဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၈၃၅/၅၈၅၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၅၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၇၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၇၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၁၉၈၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၅၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်းအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Chen Hai နှင့် အဖွဲ့ကို လက်ခံတွေ့ဆုံ



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Chen Hai နှင့်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၀**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Chen Hai နှင့် အဖွဲ့ကို ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံအတွင်းသို့ အကြောင်းအမျိုးမျိုးဖြင့် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားများ၏ ပြည်ဝင်ဗီဇာနှင့် နေခွင့်သက်တမ်းဆိုင်ရာ ကိစ္စရပ်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ စီစဉ်ဆောင်ရွက်ပေးမှု၊ တရုတ်နိုင်ငံမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ပစ္စည်းများထောက်ပံ့ပေးမှုနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာသွားသူများပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် ပံ့ပိုးကူညီဆောင်ရွက်ပေးမှု၊ မြန်မာနိုင်ငံရှိ တရုတ်ကုန်သည်ကြီးများအသင်းနှင့် တရုတ်နွယ်ဖွားများနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေး အခြေအနေများ၊ နယ်စပ်ဒေသအပါအဝင် မြန်မာ-တရုတ် နှစ်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြုအသင်းနှင့် ဆုရရှိသူများကို ဂုဏ်ပြုဆုချီးမြှင့်

**နေပြည်တော် အောက်တိုဘာ ၂၀**

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြုအသင်းနှင့် ဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ယနေ့နေ့လယ်ပိုင်းတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ခင်ဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး တိုင်းဒေသကြီးကိုယ်စားပြုအသင်းမှ ဘာသာရပ်အလိုက် ပညာရှင်ကြီးများနှင့် အသင်းနည်းပြများကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ တာဝန်ရှိသူ တစ်ဦးက လက်ခံရယူသည်။

ထို့နောက် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် တိုင်းဒေသကြီးကိုယ်စားပြုအသင်းမှ ဆုရရှိခဲ့သူများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုင်းဒေသကြီးကိုယ်စားပြုအသင်းမှ ဆုရရှိသူများ၏ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တိုင်းဒေသကြီးကိုယ်စားပြုအသင်းမှ ဘာသာရပ်အလိုက် ပညာရှင်ကြီးများနှင့် အသင်းနည်းပြများကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။**



# စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် ရှမ်းပြည်နယ်အတွင်းရှိ စက်ရုံ၊ ဦးစီးဌာနနှင့် စက်မှုဇုန်တို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၀**

စက်မှုလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများအတွက် အဓိကဖြစ်သော သံနှင့်သံမဏိများ ထုတ်လုပ်ရန်လိုအပ်သည့် သံစိမ်းများထုတ်လုပ်ပေးနိုင်ရန် စီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)သို့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် အောက်တိုဘာ ၁၅ ရက်၌ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ရန်ကျန် လုပ်ငန်းများအပေါ် မြေပြင်စစ်ဆေးမှုများဆောင်ရွက်နေမှုနှင့် စီမံကိန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များမှာကြားသည်။



အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်းရှိ အလုပ်ရုံခွဲအသီးသီး၌ စက်ပစ္စည်းများ စစ်ဆေးပြုပြင်နေမှု၊ စွန့်ပစ်အပူသုံးဘွိုင်လာပြုပြင်နေမှု၊ လျှပ်စစ်မီးကြိုးများ လဲလှယ်နေမှုနှင့် ဓာတ်အားခွဲရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန်မှာကြားသည်။

ယင်းနောက် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းလည်ပတ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အေးသာယာစက်မှုဇုန်အတွင်းရှိ စိန်ငွေမြပြောင်းအခြောက်ခံစက်ရုံ၏ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းရှင်များ၏တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အောက်တိုဘာ ၂၀ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၇၃ ဦးတွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၂၀**

အောက်တိုဘာ ၁၉ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂၄၆၂ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၂၇၃ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၂၉၉၂၆ ဦး |
| သေဆုံးသူ | ၁၉၄၇၂ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၃၅၃၄ ဦး |

# လယ်ယာကဏ္ဍဆိုင်ရာ ကျွမ်းကျင်သောလုပ်သားကောင်းအရင်းအမြစ်များ စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ရေးကြိုးပမ်း

**နေပြည်တော် အောက်တိုဘာ ၂၀**

စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးကြိုးပမ်းရာတွင် ထွန်ထယ်ကိရိယာများ ကျွမ်းကျင်စွာ အသုံးပြုနိုင်ရေးသာမက ခေတ်မီလယ်ယာသုံး စက်ကိရိယာများ၊ ရိတ်သိမ်းခြွေလှေ့စက်ကြီးများ၊ ဒရုန်းနည်းပညာများ၊ သိုလှောင်ကြိတ်ခွဲပြုပြင်ထုပ်ပိုးခြင်းဆိုင်ရာ စက်ကိရိယာများကို စနစ်တကျအကျိုးရှိစွာ အသုံးပြုနိုင်ရေးသည်လည်း လိုအပ်လာလျက်ရှိကြောင်း၊ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ စက်မှုလယ်ယာဗဟိုသင်တန်းကျောင်း၌ ဖွင့်လှစ်သည့် လယ်ယာသုံးစက်ကိရိယာကျွမ်းကျင်မှုလက်မှတ်ရသင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ဖွင့်လှစ်ခြင်းဖြစ်သည့် လယ်ယာသုံးစက်ကိရိယာ ကျွမ်းကျင်မှုလက်မှတ်ရသင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သင်တန်းဖွင့်အမှာစကားပြောကြားခဲ့ပြီး စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွန်းအေးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုတို့သည် သင်တန်းသားများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြပြီး သင်တန်းတွင် အသုံးပြုမည့်သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။



လယ်ယာသုံးစက်ကိရိယာ ကျွမ်းကျင်မှုလက်မှတ်ရသင်တန်းသို့ အခြေခံပညာအထက်တန်းပြီးမြောက်သူများ တက်ရောက်နိုင်ပြီး သင်တန်းကာလမှာ တစ်နှစ်ကြာမြင့်မည်ဖြစ်ကာ သင်တန်းပြီးဆုံး၍ အရည်အချင်းပြည့်မီသူများကို မြန်မာနိုင်ငံ ပညာရေးအရည်အသွေးစံသတ်မှတ်ချက်မူဘောင်အဆင့်(၄) Myanmar National Qualification Framework (MNQF) Level (4)ရှိ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ချီးမြှင့်သွားမည်ဖြစ်ပြီး ထူးချွန်သူများကို မြန်မာနိုင်ငံ ပညာရေးအရည်အသွေးစံသတ်မှတ်ချက်မူဘောင်အဆင့်(၅) Myanmar National Qualification Framework(MNQF) Level(5) ဖြစ်သည့် သတ်မှတ် အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများတွင် စက်မှုလယ်ယာနည်းပညာ ပထမနှစ်သို့တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ ယခုဖွင့်လှစ်သည့် လယ်ယာသုံးစက်ကိရိယာ ကျွမ်းကျင်မှုလက်မှတ်ရသင်တန်းအမှတ်စဉ်(၁) သင်တန်းသို့ ပြင်ပသင်တန်းသား ၂၅ ဦး၊ ဌာနတွင်းဝန်ထမ်း ၁၅ ဦး စုစုပေါင်းဦးရေ ၄၀ တက်ရောက်ကြပြီး ပြင်ပသင်တန်းသားဦးရေ ၂၀ အတွက် မြန်မာနိုင်ငံလယ်ယာသုံးစက်ကိရိယာလုပ်ငန်းရှင်အသင်းဝင် ကုမ္ပဏီလေးခုက ပညာသင်စရိတ်ထောက်ပံ့ပေးသွားမည်ဖြစ်ကာ ကျန် ၄ဦးကို စက်မှုလယ်ယာဦးစီးဌာနက ပညာသင်စရိတ်ထောက်ပံ့ပေးနိုင်ရေး စီစဉ်ထားရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အစိုးရနည်းပညာ အထက်တန်းကျောင်း (မိတ္ထီလာ)သို့ရောက်ရှိကြပြီး ပြည်ထောင်စုဝန်ကြီးက လယ်ယာသုံးစက်ကိရိယာအခြေခံသော စက်မှုလက်မှုနည်းပညာဖွံ့ဖြိုးရေးအတွက် ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လုပ်ဆောင်ရေးဆိုင်ရာများကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျွမ်းကျင်သောလူသားအရင်းအမြစ်များဖွံ့ဖြိုးရေးနှင့် နည်းပညာအခြေခံသော အသက်မွေးဝမ်းကျောင်းပညာတတ်လူငယ်များ မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ချက်များကိုလည်းကောင်း ဆွေးနွေးမှာကြားကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မိတ္ထီလာမြို့နယ် ကံဦးစံပြကျေးရွာအနီးရှိ မွေးမြူရေးအသုံးချသုတေသနနှင့် မျိုးထိန်းမျိုးပွားခြံ(သဖန်း)သို့ရောက်ရှိကြပြီး စံပြကန်အမှတ်(၁)နှင့် စံပြကန်အမှတ်(၂)အတွင်း ရေသိုလှောင်ထားရှိမှု၊ စံပြကန်အမှတ်(၃)တူးဖော်မည့်မြေနေရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိတ္ထီလာပညာရေးဒီဂရီကောလိပ်မှ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာဒီပလိုမာသင်တန်း၊ မူလတန်းဆရာအတတ်ပညာသင်တန်း၊ ပညာရေးဘွဲ့စာပေးစာယူသင်တန်းတို့မှ သင်တန်းသား၊ သင်တန်းသူများနှင့် တွေ့ဆုံပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၂၀**

မိတ္ထီလာ ပညာရေးဒီဂရီကောလိပ်မှ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာဒီပလိုမာသင်တန်း(၂၃/၁၈)၊ လုပ်ငန်းခွင်အကြိုမူလတန်း ဆရာအတတ်ပညာသင်တန်း(၈/၂၂)နှင့် ပညာရေးဘွဲ့စာပေးစာယူသင်တန်း(၂/၂၂) သင်တန်းသား၊ သင်တန်းသူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အဆိုပါဒီဂရီကောလိပ် ပညာပါရမီခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ သင်တန်းသား၊သင်တန်းသူဦးရေ ၁၃၀၀ တက်ရောက်ကြပြီး အခမ်းအနားကို ဂုဏ်ပြုသီချင်းဖြင့် သီဆိုဖွင့်လှစ်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် သင်တန်းအောင်မြင်စွာတတ်မြောက်ပြီးပါက ဆရာ၊ ဆရာမများအဖြစ် လုပ်ငန်းခွင်ဝင်ရောက်ကြရမည်ဖြစ်ကြောင်း၊ မိမိရရှိမည့်ဘွဲ့နှင့်ထိုက်တန်သော ကြိုးစားမှု၊ အားထုတ်မှုများကို ကိုယ်တိုင်လုပ်ဆောင်ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများ၏အခန်းကဏ္ဍသည်အရေးပါပြီး အစဉ်အမြဲတိုးတက်နေရမည်ဟု ရည်မှန်းချက်ထားကြိုးစားရမည်ဖြစ်ကြောင်း၊ သင်ယူသူ၏ ဘဝ၊ စိတ်နေစိတ်ထားများကို သိရှိနားလည်ပြီး ဘာသာရပ်အပေါ် စိတ်ဝင်စားမည့်ပုံစံဖြင့် သင်ကြားပေးရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ ဖြစ်သည်နှင့်အညီ ဝန်ထမ်းကျင့်ဝတ် စည်းကမ်းများကို လေးစားလိုက်နာကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းသား၊ သင်တန်းသူများအတွက် ချီးမြှင့်ငွေကျပ်သိန်း ၃၀ ကို ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများထံ ပေးအပ်ကာ သင်တန်းသား၊ သင်တန်းသူများ၏ သီဆိုကပြတင်ဆက်မှုကို ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိတ္ထီလာပညာရေးဒီဂရီကောလိပ် သင်ကြား၊ စီမံဝန်ထမ်းများနှင့် တွေ့ဆုံကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က



သင်ကြားရေး၊ ဝန်ထမ်းရေးဆိုင်ရာ စသည့်ကိစ္စရပ်များနှင့်ပတ်သက်၍ အခက်အခဲများရှိပါက ပွင့်လင်းမြင်သာစွာတင်ပြစေလိုကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်၍ရသည်များကို ချက်ချင်းဆောင်ရွက်ပေးနေကြောင်း၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာကာ တာဝန်နှင့် လုပ်ငန်းအပေါ် စေတနာထားလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း ပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ချီးမြှင့်ငွေကျပ် ၁၃ သိန်းပေးအပ်သည်။

ယင်းနောက် ပင်မစာသင်ဆောင်သုံးထပ်အဆောက်အအုံသစ် တည်ဆောက်မည့်နေရာရှိ ၁၉၅၃ ခုနှစ်က တည်ဆောက်ခဲ့သော ပင်မနှစ်ထပ်စာသင်ဆောင်၏အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငါးကဏ္ဍတိုးချဲ့မွေးမြူထုတ်လုပ်နိုင်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၀**

ရေသတ္တဝါများမွေးမြူရာတွင် နိုင်ငံတကာအစားအစာဘေးအန္တရာယ်ကင်းရှင်းမှု စံချိန်စံညွှန်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် မွေးမြူရေးတောင်သူများကို ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်(GAqP)များကို စနစ်တကျနည်းပညာပေးဆောင်ရွက်ကြစေလိုကြောင်း ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ရေးဆင်းငါးလုပ်ငန်းစခန်းသို့ရောက်ရှိစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောကြားသည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ပြည်ပပို့ကုန် ငါးရှဉ့် မွေးမြူထားရှိမှု၊ ဖားမွေးမြူထားရှိမှုနှင့် အသားတိုးငါးမြစ်ချင်း ငါးမွေးမြူထားရှိမှု၊ ဒေသရာသီဥတု၊ ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီဖြစ်ထွန်းသည့် ငါးမျိုးများဖြန့်ဖြူးပေးနေမှု၊ သဘာဝနှင့်ဆည်တမံများတွင် ငါးမျိုးမသုဉ်းစေရန်၊ ငါးထွက်နှုန်းတိုးတက်စေရေး ဆောင်ရွက်ထားရှိမှု၊ ပြည်တွင်းငါးစားသုံးမှု တိုးတက်စေရေးနှင့် မွေးမြူရေးငါးများ ပြည်ပသို့တိုးချဲ့တင်ပို့နိုင်ရေးအတွက် ငါးသားပေါက်များကို စဉ်ဆက်မပြတ်ဖြန့်ဖြူးနေမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် သမားရိုးကျလုပ်ရိုးလုပ်စဉ်ကဲ့သို့ သဘောမထားဘဲ မိမိဒေသရေမြေရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိစေပြီး ဈေးကွက်အလားအလာရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်များ ထုတ်လုပ်နိုင်ရေးစီမံဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ဒေသနေပြည်သူများ၏ ဝင်ငွေနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးကို မျှော်မှန်းဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်ပပို့ကုန် ဖားမွေးမြူထားရှိမှု၊ ငါးရှဉ့်မွေးမြူထားရှိမှုနှင့် အသားတိုးငါးမြစ်ချင်းငါး မွေးမြူထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ခရီးသွားလုပ်ငန်းနှင့် ဆန်းသစ်တီထွင်ဖန်တီးနိုင်စွမ်းရှိသော စီးပွားရေးခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေးပွဲကျင်းပ





ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် ခရီးသွားလုပ်ငန်းနှင့် ဆန်းသစ်တီထွင် ဖန်တီးနိုင်စွမ်းရှိသော စီးပွားရေးခေါင်းစဉ်ဖြင့်ကျင်းပသည့် အသိပညာပေးဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၀**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ၏ ဆန်းသစ်တီထွင်မှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဆန်းသစ်တီထွင်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ယနေ့ နံနက်ပိုင်းတွင် ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသော ခရီးသွားလုပ်ငန်းနှင့် ဆန်းသစ်တီထွင်ဖန်တီးနိုင်စွမ်းရှိသော စီးပွားရေးခေါင်းစဉ်ဖြင့် ကျင်းပသည့် အသိပညာပေးဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲသို့ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်းများ၊ စက်မှုဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနတို့မှ ဖိတ်ကြားထားသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ၊ ဆရာမများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများမှ တာဝန်ခံများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီးက ယနေ့ဆွေးနွေးပွဲတွင် ခရီးသွားလုပ်ငန်းနှင့် ဆန်းသစ်တီထွင် ဖန်တီးနိုင်စွမ်းရှိသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးရလဒ်ကောင်းများ ပေါ်ထွက်လာမည်ဟု ယုံကြည်ပါကြောင်းနှင့် ဆွေးနွေးပြောကြားမည့် ပုဂ္ဂိုလ်များအနေဖြင့် ပြည့်ပြည့်စုံစုံ တင်ပြဆွေးနွေးသွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးတို့က ခရီးသွားလုပ်ငန်းနှင့် တီထွင်ဖန်တီးမှုနှင့်ဆိုင်သောလုပ်ငန်းများ၏ သဘောသဘာဝများ၊ စွန့်ဦးတီထွင်မှုလုပ်ငန်းရှင်များနှင့် ဆန်းသစ်တီထွင်မှုများ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ၎င်းတို့၏ ဒေသတွင်းစီးပွားရေးလုပ်ငန်းများအပေါ် အထောက်အကူပြုမှုများကို ဆွေးနွေးတင်ပြကြသည်။ ဆွေးနွေးတင်ပြချက်များအပေါ် တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး H.E Mr. Harishchandra Ghimire ကို ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံတို့အကြား တိုက်ရိုက်လေကြောင်းလိုင်းများ ပျံသန်းပြေးဆွဲခြင်းဖြင့် နှစ်နိုင်ငံခရီးသွားဧည့်သည်များ အပြန်အလှန် တိုးမြှင့်လည်ပတ်လာမည့်အခြေအနေနှင့် ခရီးသွားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ အစိုးရဌာနအချင်းချင်း တွေ့ဆုံဆွေးနွေးရေးအစီအမံများ ထူထောင်ရေးအပြင် ပုဂ္ဂလိကကဏ္ဍအချင်းချင်း ထိတွေ့ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ နှစ်နိုင်ငံအကြား တူညီသောယဉ်ကျေးမှုနှင့် ကိုးကွယ်ယုံကြည်မှုများကို အခြေခံ၍ လုမ္ဗိနီ-ရန်ကုန်(သို့မဟုတ်) လုမ္ဗိနီ-မန္တလေး ညီအစ်မခရီးသွားမြို့တော် ထူထောင်ရေးကိစ္စနှင့် ယခင်သဘောတူညီခဲ့သည့် မြန်မာ-နီပေါ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာအရ နှစ်နိုင်ငံခရီးသွားမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကျောက်မဲမြို့ ဗဟိုဈေးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**ကျောက်မဲ အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ ဗဟိုဈေးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်းနှင့် နှာခေါင်းစည်း(Mask)များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက ဈေးတွင်း၊ ဈေးပြင်ပတွင် ဆောင်ရွက်ခဲ့ကြောင်း ကျောက်မဲမြို့နယ် စည်ပင်သာယာရေးဌာနမှ သိရသည်။

ထိုသို့ ကွင်းစစ်ဆေးဆောင်ရွက်ရာတွင် ကျောက်မဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးညွန့်ရွှေ၊ ကျောက်မဲမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် တာဝန်ရှိသူများက ဗဟိုဈေးတွင်း၊ ဈေးပြင်တွင် ရောင်းချလျက်ရှိသော ဈေးရောင်း၊ ဈေးဝယ်သူများကို ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ နှာခေါင်းစည်း(Mask)များ စနစ်တကျတပ်ဆင်ရောင်းချရန်၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို သတ်မှတ်အကြိမ်ရေပြည့်မီအောင်ထိုးနှံကြရန် မှာကြားကာ နှာခေါင်းစည်း(Mask)များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ဗဟိုဈေးပြင်ပရှိ လမ်းမကြီးတစ်လျှောက် ဒေသခံပြည်သူများကို နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်း၊ စနစ်တကျတပ်ဆင်စေခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးဌာနဝန်ထမ်းများ၊ ကျန်းမာရေးဌာနဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာနဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များစုပေါင်း၍ ဆောင်ရွက်ပေးခဲ့ကြောင်း ဦးစိုးနိုင်ဦးက ပြောပြ၍ သိရသည်။

ကျော်ဇောဦး(မောရှမ်းမြေ)

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဥပဒေရေးရာနှင့်တိုင်ကြားစာများဌာနကြီး ညွှန်ကြားရေးမှူးချုပ် ဦးဟန်မင်းအောင်အား ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂ ရက်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးသိန်းလွင် | ညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| (ခ) ဦးဝင်းလှိုင် | ညွှန်ကြားရေးမှူးချုပ်<br>ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |

# အင်းစိန်ထောင်မိုင်းပေါက်ကွဲမှုဖြစ်စဉ်နှင့်ပတ်သက်၍ နာမည်ပျက်စာရင်းသွင်းခံထားရသည့် မီဒီယာအမည်ခံ ပြည်ဖျက်လိုသူတချို့က မဟုတ်မမှန်စွပ်စွဲထုတ်လွှင့်

**မေး။** ။ အင်းစိန်ထောင်မှာ မိုင်းပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားခဲ့တယ်လို့သိရပါတယ်။ မိုင်းပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ဝန်ထမ်းအချို့ ဒဏ်ရာရရှိမှုတွေရှိခဲ့ပြီး အရပ်သားပြည်သူတချို့လည်း သေဆုံးခဲ့တယ်လို့ သိရပါတယ်။ ဒီလိုသေဆုံးမှုအပေါ်မှာ တချို့မီဒီယာတွေက လုံခြုံရေးတပ်ဖွဲ့ဝင်တွေကပစ်ခတ်လို့ ထောင်ဝင်စာလာတွေ့တဲ့ အရပ်သားပြည်သူတွေသေဆုံးရတယ်လို့ ဖော်ပြနေတာ တွေ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဖြစ်စဉ်အမှန်ကိုဖြေကြားစေလိုပါတယ်။




**ဖြေ။** ။ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီ လောက်မှာ အင်းစိန်ဗဟိုအကျဉ်းထောင်ရဲ့ ထောင်ဝင်စာလက်ခံတဲ့နေရာမှာ မိုင်းပေါက်ကွဲမှုဖြစ်စဉ်ဖြစ်ပွားခဲ့ပါတယ်။ ဒီဖြစ်စဉ်ကြောင့် ဝန်ထမ်း သုံးဦး၊ ကလေးအပါအဝင် အရပ်သားပြည်သူ ငါးဦး သေဆုံးခဲ့ပါတယ်။ ဒဏ်ရာရတာကတော့ ဝန်ထမ်း ငါးဦးနဲ့ အရပ်သားပြည်သူ ၁၃ ဦးဖြစ်ပါတယ်။ ဒီလိုဖြစ်ပွားခဲ့တာကို အမည်ပျက်စာရင်းကြေညာခံထားရတဲ့ မီဒီယာတချို့က မိုင်းပေါက်ကွဲမှုဖြစ်စဉ်အပြီးမှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ပစ်ခတ်လို့ ပြည်သူတွေသေဆုံးရတယ်လို့ မဟုတ်မမှန် ထုတ်လွှင့်နေတာတွေရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးသေဆုံးသွားတဲ့ ပြည်သူတွေ၊ ဝန်ထမ်းတွေရဲ့ ရင်ခွဲစစ်ဆေးချက်အဖြေအရ လက်နက်ငယ်ဖောက်ဝင်ဒဏ်ရာကြောင့် သေဆုံးခဲ့သူတစ်ဦးတစ်ယောက်မျှမရှိဘဲနဲ့ မိုင်းပေါက်ကွဲချိန်မှာ မိုင်းစထိမှန်သေဆုံးခဲ့ခြင်းဖြစ်ပါတယ်။ လက်ရှိမိုင်းပေါက်ကွဲတဲ့နေရာနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်များနေရာယူထားတဲ့နေရာမှာ အကွာအဝေးအရဆိုရင် ဒီလိုပစ်ခတ်ဖို့ အကွာအဝေးမဟုတ်သလို အတွင်းခန်းအဆောက်အအုံထဲမှာ မိုင်းပေါက်ကွဲမှုဖြစ်တဲ့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်တွေနေရာယူထားတဲ့နေရာနဲ့ဆိုရင် ကျည်ကွယ်မျက်ကွယ်နေရာမျိုးဖြစ်ပါတယ်။ ပစ်ခတ်မယ်ဆိုရင်တောင် ဒီလိုထိခိုက်နိုင်တဲ့အနေအထား မရှိတဲ့နေရာဖြစ်ပါတယ်။ ဒီအချက်တွေအရ သေဆုံးဒဏ်ရာရသူတွေရဲ့ ရင်ခွဲစစ်ဆေးချက်တွေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ဖြန့်ခွဲနေရာယူထားတဲ့အနေအထားကို ကြည့်မယ်ဆိုရင် နာမည်ပျက်စာရင်းသွင်းခံထားရတဲ့ မီဒီယာအမည်ခံ ပြည်ဖျက်လိုသူတချို့ရဲ့ မဟုတ်မမှန်စွပ်စွဲချက်တွေသာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

# တရားမဝင်သစ်မျိုးစုံ၊ စားသုံးဆီ၊ စားသောက်ကုန်၊ လူသုံးကုန်၊ လုပ်ငန်းသုံး၊ ကွန်ပျူတာဆက်စပ်ပစ္စည်း၊ မော်တော်ယာဉ်အပိုပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ










**နေပြည်တော် အောက်တိုဘာ ၂၀**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၈ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့သောင်းမြို့နယ် အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းများနှင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့က ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက် ကားကြီးဝင်းအတွင်း ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ခရီးသည်တင်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် စားသုံးဆီ ၁၈၂ ဖာ အပါအဝင် စားသောက်ကုန်ပစ္စည်းမျိုးစုံ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၃၂၀၀၀၊ မော်တော်ဆိုင်ကယ် ၁၂ စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၇၂၀၀၀၀ နှင့် အဆိုပါ အကောက်ခွန်မဲ့ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၂၅၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ကိုင်းမြို့ တကောင်းရပ်ကွက် ရတနာပုံတံတားအနီးတွင် Toyota Crown အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊သစ်တောဦးစီးဌာန ဦးဆောင်သောပူးပေါင်းအဖွဲ့က ကသာ-အင်းတော်သွားလမ်း မိုင်တိုင်အမှတ်(၃/၂) မြို့ဝင်မုခ်ဦးအနီးတွင် တရားမဝင်သစ်မျိုးစုံ ၂ ဒသမ ၁၀၂၈ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၇၈၄၈ ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၈၇၈၄၈ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၈ ရက်တွင် ပဲခူးမြို့နယ် အကောက်ခွန်ဦးစီးဌာန ဦးဆောင်သောစစ်ဆေးရေးအဖွဲ့က မြဝတီမြို့မှ ရန်ကုန်မြို့သို့သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်၌ စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော အားကစားပစ္စည်းများ၊ Cable ကြိုးခွေများ၊ ချည်အရှုပ်များ၊ မော်တော်ကားအပိုပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၈၇၆၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu အမျိုးအစား မော်တော်ယာဉ်တစ်စီးခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၀၀၀၀၀၀ ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းအရလည်းကောင်း၊ ယနေ့တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သောပူးပေါင်းအဖွဲ့က တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ခပေါင်းကြိုးဝိုင်းအတွင်း တရားမဝင်ကျွန်းသစ် ၁၁ ဒသမ ၉၇၃၈ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၈၆၀၈ ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၉၉၆၂၀၈ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ အောက်တိုဘာ ၁၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီးရှိ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာသုံးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်နှင့်ကိုက်ညီမှုမရှိသည့် Waving Machine၊Edge Film Tapeနှင့်ကွန်ပျူတာဆက်စပ်ပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၆၉၇၅၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နေပြည်တော်ကောင်စီနယ်မြေ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လယ်ဝေးမြို့နယ် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးမြို့နယ်အတွင်း တရားမဝင်ကျွန်းသစ် ၃ ဒသမ ၀၈၈၀ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၁၅၈၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၁၈ ရက်မှ ယနေ့ထိ ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၂၁မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၈၂၁၅၁၃၆ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသမီးများကို တရုတ်ယောကျ်ားထံ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၁၀နှစ် ချမှတ်

**နေပြည်တော် အောက်တိုဘာ ၂၀**

အမျိုးသမီးများကို တရုတ်ယောကျ်ားထံ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ အမှတ်(၂)ရပ်ကွက်နေ လှမြိုင်(ခ)ဇေလှဝနှင့် ၎င်း၏ဇနီး မိညက်(ခ)ဝင်းတင်တို့က တစ်မြို့တည်းနေ မ ---၊ ၁၅/ ၂၀၁၉ နှစ်၊ မ ---၊ ၁၃/ ၂၀၁၉ နှစ်၊ မ ---၊ ၂၄/ ၂၀၁၉ နှစ်တို့ကို မူဆယ်မြို့ကားကြီးဝင်းအနီးရှိ အလုပ်ရုံတစ်ခုတွင် အဝတ်ခေါက်လုပ်ငန်း၌ တစ်လလျှင် ငွေကျပ်နှစ်သိန်းရမည်ဟုပြောဆိုစည်းရုံး၍ တရုတ်ယောကျ်ားထံ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်များ ရယူခဲ့သဖြင့် ကျောင်းကုန်းမြို့မရဲစခန်း(ပ) ၄၅၈/ ၂၀၁၉ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်၍ ပုသိမ်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဖေဖော်ဝါရီ ၁၄ ရက်တွင် တရားခံ မိညက်(ခ)ဝင်းတင်အား အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ပြီး တရားခံ လှမြိုင်(ခ)ဇေလှဝကို ကျင့် ၂၅၈(၁)အရ အမှုမှ တရားသေလွှတ်ခဲ့မှုအပေါ် အယူခံတက်ရောက်ခဲ့ရာ တိုင်းဒေသကြီး တရားလွှတ်တော်မှ ရာဇဝတ်အယူခံ အမှုအမှတ် ၆၀/ ၂၀၂၂ ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး အောက်တိုဘာ ၁၄ ရက်တွင် တရားခံ လှမြိုင်(ခ) ဇေလှဝကို လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ဈေးရပ်ကွက်နေ ဟန်လင်းနိုင်(ခ)ဖိုးသားသည် ၎င်းအသုံးပြုသည့် "Han Lin Naing" Facebook အကောင့်၊ ကျောက်တံတားမြို့နယ် အမှတ်(၁)ရပ်ကွက်နေ အောင်အောင်(ခ) မင်းဦးသည် ၎င်းအသုံးပြုသည့် " Min Oo" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် မိုးကွဲကျေးရွာနေ ဇင်နှင်းအောင်သည် ၎င်းအသုံးပြုသည့် "Zin Hnin Aung" Facebook အကောင့်၊ ပေါင်းတည်မြို့ ဈေးရပ်ကွက်(၂)နေ စိုးဝင်းသည် ၎င်းအသုံးပြုသည့် " Soe Win" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUGနှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# မူးယစ်ဆေးဝါးရောင်းချသည့်နေအိမ်ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်း

စိန်လှိုင်ပိုလ်



ဥပဒေပြဋ္ဌာန်း၍ တားမြစ်ထားသော မူးယစ်ဆေးဝါးကို ရောင်းချရန်အလို့ငှာ နေအိမ်တွင် သိုလှောင်ထားရှိရာမှ ဖမ်းဆီးခံရသည်။ တရားခံသည် ထိုအိမ်ကို ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုပါက ပြည်သူ့ဘဏ္ဍာအဖြစ် နေအိမ်ကိုသိမ်းဆည်းရန် သင့်၊ မသင့်ဟူသော ပြဿနာတစ်ရပ်ပေါ်ပေါက်ခဲ့ဖူးသည်။ အကြောင်းမှာ အိမ်ရှင်သည် တရားစွဲဆိုစဉ်က တရားခံအဖြစ် ပါဝင်ခဲ့သော်လည်း စစ်ဆေးပေါ်ပေါက်ချက်အရ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ခြင်းမရှိ၍ အမှုမှ လွတ်မြောက်သွားသည်။ သို့ရာတွင် နေအိမ်ကို နိုင်ငံ့သဏ္ဍာအသိမ်းခံရ၍ အပြစ်မရှိသူ ၎င်းအနေဖြင့် နစ်နာကြောင်း၊ နေအိမ်ကို မသိမ်းဆည်းသင့်ကြောင်း တရားရုံးသို့ လျှောက်ထားခဲ့သော အမှုတစ်ခုအကြောင်းကို ဥပဒေဗဟုသုတအလို့ငှာ ရေးသားတင်ပြပါဦးမည်။

**အမှုဖြစ်စဉ်အကျဉ်း**

အမှုဖြစ်ပွားပုံမှာ ၁၉၉၇ ခုနှစ် ဒီဇင်ဘာ ၁၄ ရက် ၁၂ နာရီတွင် အောင်တံခွန်စီမံချက်အရ ရဲအုပ်စိုးလှမြင့်နှင့်အဖွဲ့သည် တာချီလိတ်မြို့ ဆန်ဆိုင်းအထက်ရပ်ကွက် ဗိုလ်ချုပ်လမ်း အမှတ်(၇၂) နေ ဒေါ်အီရှဲန်တစ်၏နေအိမ်သို့ သက်သေများနှင့်အတူ သတင်းအရ ဝင်ရောက်ရှာဖွေရာ ဒေါ်အီရှဲန်တစ်၏ သမက် စိုင်းဆိုင်လှိုင်၏ အိပ်ခန်းခုတင်ပေါ်ရှိ ပိကော့ ထမင်းပေါင်းအိုးစက္ကူဖာအတွင်းမှ ပလတ်စတစ်ဖြင့် ထည့်ထားသည့် စိတ်ကြွဆေးပြားအထုပ်ငယ် ၄၅ ထုပ်၊ ဆေးပြားအရေအတွက် ၉၂၀၀၀၊ အလေးချိန် ကိုးကီလို၊ တန်ဖိုးငွေကျပ် ၁၃၈ သိန်း၊ ယိုးဒယားစာတန်းပါ သတ္တုဖာအတွင်းမှ စိတ်ကြွဆေးပြားအထုပ်ငယ် ၆၅ ထုပ်၊ ဆေးပြားအရေအတွက် ၁၃၀၀၀၀၊ အလေးချိန် ၁၃ ကီလို၊ တန်ဖိုးငွေကျပ် ၁၉၅ သိန်း၊ ငွေဟောင်းပြား ၂၂ ပြား၊ ထိုင်းနိုင်ငံသုံးဘတ်ငွေ ၂၄၁၅၀၊ မြန်မာငွေကျပ် ၇၉၀၀၊ ရွှေထည်လက်ဝတ်လက်စားများ၊ ဆယ်လူလာဖုန်းတစ်လုံး၊ မော်တော်ကားနှစ်စီး၊ မော်တော်ဆိုင်ကယ်နှစ်စီး သိမ်းဆည်းရမိသည်။

အိမ်ရှင် ဒေါ်အီရှဲန်တစ်၏ အိပ်ခန်းအတွင်းမှ ရွှေထည်လက်ဝတ်လက်စားများ၊ ဘတ်ငွေ၊ မြန်မာငွေများကိုလည်းကောင်း၊ အိုက်ကျောက်ထံမှ ဘတ်ငွေများကိုလည်းကောင်း သိမ်းဆည်းရမိ၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူပေးရန် ရဲအုပ်စိုးလှမြင့်က တာချီလိတ်မြို့နယ် ရဲစခန်းတွင် တိုင်ကြားရာမှ ပေါ်ပေါက်လာသောအမှုဖြစ်သည်။

ရှမ်းပြည်နယ်တရားရုံး တာချီလိတ်ခရိုင်၏ ပြစ်မှုကြီးအမှတ် (၄၉/၉၇) တွင် တရားခံ ဒေါ်အီရှဲန်တစ် ပါ လေးဦးအပေါ် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ တရားစွဲဆိုရာ (၁) တရားခံ ဒေါ်အီရှဲန်တစ်နှင့် (၃) တရားခံ အိုက်ကျောက်တို့ကို အမှုမှ အပြီးအပြတ်လွှတ်ပြီး (၂) တရားခံ စိုင်းဆိုင်လှိုင်ကို ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ-၁၉(က) အရ အလုပ်နှင့် ထောင်ဒဏ်နှစ် ၃၀၊ (၄) တရားခံ နန်းခမ်းတစ်ကို ၎င်းဥပဒေပုဒ်မ-၁၉(က)/၂၁ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်သည်။ **ထိုသို့ အမိန့်ချမှတ်ရာတွင် သက်သေခံပစ္စည်း မြေနှင့် အိမ်ကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ခဲ့သည်။**

သက်သေခံပစ္စည်းမြေနှင့် အိမ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် ချမှတ်သောအမိန့်ကို အိမ်ပိုင်ရှင် ဒေါ်အီရှဲန်တစ်က မကျေနပ်၍ တရားရုံးချုပ် (မန္တလေးရုံးထိုင်)တွင် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုလျှောက်ထားရာ အကျဉ်းနည်းဖြင့် ပလပ်ခဲ့သည်။ ထိုအမိန့်ကို မကျေနပ်၍ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူးအယူခံ)ကို ဆက်လက်လျှောက်ထားရာ-

"ဒေါ်အီရှဲန်တစ်အား အမှုမှ အပြီးအပြတ်လွှတ်ခဲ့သဖြင့် ရှာဖွေပုံစံသက်သေခံ(ည)အဖြစ် သိမ်းဆည်းခဲ့သော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို ဒေါ်အီရှဲန်တစ်သို့ ပြန်လည်ပေးအပ်စေရမည်ဖြစ်သော်လည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် ချမှတ်ထားသည့်အမိန့်သည် ဥပဒေနှင့်ညီ၊ မညီ"ဟူသောပြဿနာကို စုံညီခုံရုံး(ယခုအထူးအယူခံခုံရုံး) ဖြင့် ကြားနာရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်။

**အထူးအယူခံခုံရုံး၏ ခိုင်မာသောဆုံးဖြတ်ချက်**

ဤအမှုတွင် ဒေါ်အီရှဲန်တစ်ပိုင်သည့် နေအိမ်တွင်နေထိုင်သော သမက်ဖြစ်သူ အမှတ်(၂) တရားခံ စိုင်းဆိုင်လှိုင်နှင့် သမီးဖြစ်သူ အမှတ် (၄) တရားခံ နန်းခမ်းတစ်တို့၏ အိပ်ခန်းအတွင်းမှ စိတ်ကြွဆေးပြားများ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၃၈ သိန်းကို သိမ်းဆည်းရမိခဲ့ကြောင်း အငြင်းမပွားပေ။ စိုင်းဆိုင်လှိုင်၏ အိပ်ခန်းနှင့် ယောက္ခမဖြစ်သူ ဒေါ်အီရှဲန်တစ်၏ အိပ်ခန်းမှာ ကပ်လျက်ရှိသည်။ ရဲအုပ်စိုးလှမြင့်တို့အဖွဲ့က ဒေါ်အီရှဲန်တစ်၏နေအိမ်ကို ရှာဖွေရာ ဒေါ်အီရှဲန်တစ်လည်း အခန်းနားတွင်ရှိကြောင်း၊ ၎င်းအခန်းနားတွင်ရှိနေကြောင်း ရယကဥက္ကဋ္ဌ ဦးအိုက်ဆော (လိုပြ-၂) က ထွက်ဆိုထားသည်ကို အထူးခုံရုံးက စိစစ်ခဲ့သည်။

ဤအခြေအနေတွင် အိမ်ရှင်ဖြစ်သူ ဒေါ်အီရှဲန်တစ်ကို အမှုမှ အပြီးအပြတ်လွှတ်လိုက်သည်ဆိုရုံမျှဖြင့် ထိုအိမ်သည် ပြစ်မှုနှင့် သက်ဆိုင်သောပစ္စည်းမဟုတ်ဟု ဆိုနိုင်မည်မဟုတ်ကြောင်း၊ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ-၂၄(ခ) တွင် ပြစ်မှုနှင့်သက်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းဟု ဖော်ပြထားရာ **မူးယစ်ဆေးဝါးတွေ့ရှိသောအိမ်သည် ပြစ်မှုနှင့်သက်ဆိုင်သောပစ္စည်းဖြစ်သည်မှာ ယုံမှားဖွယ်မရှိကြောင်း၊** ထို့ပြင် အချင်းဖြစ်အိမ်တွင် စိတ်ကြွဆေးပြားများကို ရောင်းချရန်အတွက် လက်ဝယ်ထားရှိသောနေရာအဖြစ် အသုံးပြုခဲ့သည်မှာလည်း ထင်ရှားကြောင်း အထူးခုံရုံးက စိစစ်သုံးသပ်ခဲ့သည်။

အယူခံတရားလို၏ ရှေ့နေက အချင်းဖြစ်သက်သေခံပစ္စည်းများကို ဒေါ်အီရှဲန်တစ်၏ လက်ဝယ်မှရမိခြင်းလည်းမဟုတ်၊ ဒေါ်အီရှဲန်တစ်၏အစီအမံဖြင့် ထားရှိရာမှ ရမိခြင်းလည်းမဟုတ်သဖြင့် ဒေါ်အီရှဲန်တစ်ကို တရားသေလွှတ်ခဲ့ခြင်းဖြစ်ရာ အချင်းဖြစ်သက်သေခံပစ္စည်းများသည် ဒေါ်အီရှဲန်တစ်နှင့် လုံးဝပတ်သက်ခြင်းမရှိသဖြင့် အိမ်မှာလည်း အမှုနှင့် လုံးဝအကျုံးဝင်ခြင်းမရှိကြောင်း၊ စိုင်းဆိုင်လှိုင်ပြုလုပ်မှုများသည် ဒေါ်အီရှဲန်တစ်နှင့် သက်ဆိုင်ခြင်းမရှိသဖြင့် အိမ်ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းမှာ လျော်ကန်ခြင်းမရှိကြောင်း လျှောက်လဲတင်ပြခဲ့သည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံးညွှန်ကြားရေးမှူးက ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသက်ဆိုင်သောပစ္စည်းဖြစ်ကြောင်း၊ ၎င်းအိမ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းမှာ ဥပဒေအရ မှန်ကန်ကြောင်း လျှောက်လဲတင်ပြပါသည်။

တရားခံကို အမှုမှ အပြီးအပြတ်လွှတ်သောအမှုမျိုးတွင် သိမ်းဆည်းခဲ့သော သက်သေခံပစ္စည်းကို အသိမ်းခံရသူများသို့ ပြန်လည်ပေးအပ်ရန် တရားရုံးက အစဉ်တစိုက် လက်ခံကျင့်သုံးသည်ဟု အယူခံတရားလို၏ ရှေ့နေက ကိုးကားတင်ပြသော **ဒေါ်စင်ရပါ ၂ နှင့် ဦးအုန်းမောင်ပါ ၅ ၁၉၆၅ ခုနှစ်၊ မ.တ.စ စာ-၆၂၀၊ ဦးမြမောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁၉၇၄ ခုနှစ်၊ မ.တ.စ စာ-၅၅ နှင့် ဒေါ်အုန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၅ ၁၉၈၄ ခုနှစ်၊ မ.တ.စ စာ-၄၉ စီရင်ထုံးများမှာ** ဤအမှုဖြစ်ရပ်နှင့်မတူကြောင်း၊ ၎င်းအမှုများမှ **သက်သေခံပစ္စည်းများမှာ မူးယစ်ဆေးဝါးနှင့် သက်ဆိုင်သောပစ္စည်းများမဟုတ်ဘဲ** အစုရှယ်ယာ၊ ရွှေထည်ပစ္စည်းနှင့် စိန်ထည်ပစ္စည်းများသာဖြစ်ပြီး လက်ရှိထားခွင့်ရှိသူကို ပြန်ပေးခြင်းဖြစ်ကြောင်း အထူးခုံရုံးက စိစစ်ဖော်ထုတ်သုံးသပ်ခဲ့သည်။

မူးယစ်ဆေးဝါးကို ရောင်းချရန်အလို့ငှာ နေအိမ်တွင် သိုလှောင်ထားရှိသဖြင့် ပြစ်မှုထင်ရှားစီရင်သောအမှုတွင် **အိမ်ပိုင်ရှင် မည်သူမည်ဝါဖြစ်သည်ဆိုသောအချက်မှာ အဓိကအချက်မဟုတ်ကြောင်း၊ အိမ်တွင်နေထိုင်သူတစ်ဦးဦးက ထိုအိမ်ကို ပြစ်မှုကျူးလွန်ရာတွင် အသုံးပြု၊ မပြုသာ အဓိကဖြစ်ကြောင်း၊** ထိုအိမ်ကို မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားရာတွင် အသုံးပြုကြောင်းပေါ်ပေါက်ပါက ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ-၂၄(ခ) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်ကြောင်း အထူးအယူခံခုံရုံးက တိတိကျကျစိစစ်သုံးသပ်ခဲ့သည်။

ထို့ကြောင့် ရှာဖွေပုံစံ သက်သေခံ (ည)အဖြစ်

> ❖ မူးယစ်ဆေးဝါးကို ရောင်းချရန်အလို့ငှာ နေအိမ်တွင် သိုလှောင်ထားရှိသဖြင့် ပြစ်မှုထင်ရှားစီရင်သောအမှုတွင် အိမ်ပိုင်ရှင်မည်သူမည်ဝါဖြစ်သည်ဆိုသောအချက်မှာ အဓိကအချက်မဟုတ်ကြောင်း၊ အိမ်တွင်နေထိုင်သူတစ်ဦးဦးက ထိုအိမ်ကို ပြစ်မှုကျူးလွန်ရာတွင် အသုံးပြု၊ မပြုသာ အဓိကဖြစ်ကြောင်း၊ ထိုအိမ်ကို မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားရာတွင် အသုံးပြုကြောင်းပေါ်ပေါက်ပါက ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ-၂၄(ခ) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်ကြောင်း အထူးအယူခံခုံရုံးက တိတိကျကျစိစစ်သုံးသပ်ခဲ့သည်။ ❖

ဆိုင်ရာဥပဒေပုဒ်မ-၂၄(ခ) တွင် ပြစ်မှုနှင့်သက်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းဟု ဖော်ပြထားကြောင်း၊ ထို့ကြောင့် အိမ်ရှင်ဟုတ်၊ မဟုတ် အဓိကမဟုတ်ကြောင်း၊ အချင်းဖြစ်နေအိမ်နှင့် ဝိုင်းမြေပေါ်မှ စိတ်ကြွဆေးပြားများကို တွေ့ရှိရကြောင်း၊ ဒေါ်အီရှဲန်တစ်သည် သမက်တော်စပ်သူ တရားခံစိုင်းဆိုင်လှိုင်နှင့်အတူ နေထိုင်သူဖြစ်ကြောင်း၊ သက်သေခံအမှတ် (ည) ဖြင့် သိမ်းဆည်းသောနေအိမ်သည် ပြစ်မှုနှင့် သိမ်းဆည်းထားသော မြေနှင့်အိမ်ကို ရှမ်းပြည်နယ်တရားရုံး(တာချီလိတ်ခရိုင်)က ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းခြင်းမရှိသဖြင့် အထူးအယူခံခုံရုံးက အထူးအယူခံမှုကို ပလပ်လိုက်သည်။ (ဒေါ်အီရှဲန်တစ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၀၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် (၁) (မန္တလေး) ကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။)

# နယူးဇီလန်နိုင်ငံတွင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုအလိုက် အခွန်ပေးဆောင်ရမည့်မူဝါဒကို တောင်သူများ ဆန္ဒထုတ်ဖော်




**ဝယ်လင်တန် အောက်တိုဘာ ၂၀**

နယူးဇီလန်အစိုးရအဖွဲ့သည် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးအတွက် မူဝါဒသစ်များ ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး အဆိုပါမူဝါဒအရ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏအပေါ် မူတည်၍ တောင်သူများကို အခွန်ကောက်ခံသွားမည်ဖြစ်သောကြောင့် ၎င်းမူဝါဒနှင့်ပတ်သက်ပြီး နယူးဇီလန်တောင်သူများက အောက်တိုဘာ ၁၉ ရက်က ဆန္ဒထုတ်ဖော်မှုများပြုလုပ်ခဲ့ကြောင်း NZ Herald သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မူဝါဒနှင့်ပတ်သက်ပြီး နယူးဇီလန်ဝန်ကြီးချုပ် ဂျာစင်ဒါက သက်ဆိုင်ရာအဖွဲ့အစည်းများထံမှ တုံ့ပြန်မှုကို နားစွင့်သွားမည်ဖြစ်သလို တောင်သူများ၏ အကျိုးအမြတ်နှင့် နိုင်ငံ၏ အနာဂတ်အတွက် ပိုမိုကောင်းမွန်သည့်မူဝါဒကို ရေးဆွဲနိုင်ရန် အလေးထားဆောင်ရွက်နေကြောင်း ပြောကြားခဲ့သည်။

“ဒီလိုအခွန်တွေ ကောက်ခံဖို့သတ်မှတ်လိုက်ခြင်းအားဖြင့် နယူးဇီလန်တောင်သူတွေနဲ့ နယူးဇီလန်နိုင်ငံအတွက် ဘယ်လိုအကျိုးအမြတ်ရှိမလဲဆိုတာကို ပြန်လည်သုံးသပ်သင့်တယ်။ လေထုညစ်ညမ်းမှုပြဿနာကိုဖြေရှင်းဖို့အတွက် နည်းလမ်းကောင်းတွေ ရှာဖွေသင့်တယ်။ ပြဿနာကိုဖြေရှင်းဖို့အတွက် အခွန်ကောက်ခံဖို့ဆုံးဖြတ်လိုက်တာ မှန်ကန်တဲ့ဖြေရှင်းနည်းတော့ မဟုတ်ပါဘူး”ဟု ဆန္ဒထုတ်ဖော်သူများကို ဦးဆောင်သည့် Groundswell New Zealand အဖွဲ့အစည်းကို တည်ထောင်သူ ဘရိုင်စီမက်ကင်ဇီက ပြောကြားခဲ့သည်။

စားသောက်ကုန် ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်လာစေရေးကိုလည်း အလေးထား ဆောင်ရွက်မည်ဖြစ်သည့်အတွက် ဝန်ကြီးချုပ်အနေဖြင့် ဆန္ဒထုတ်ဖော်နေသည့်တောင်သူများ၏ မကျေနပ်ချက်ကို ဖြေရှင်းသွားဖွယ်ရှိနေကြောင်း သိရသည်။

**ခိုင်းဆက်**

# အိုဒီရှာပြည်နယ်တွင် ခရိုင်ခုနစ်ခရိုင် ဆိုင်ကလုန်းမုန်တိုင်းအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိ

**နယူးဒေလီ အောက်တိုဘာ ၂၀**

အိန္ဒိယနိုင်ငံ အိုဒီရှာပြည်နယ်တွင် ခရိုင်ပေါင်း ခုနစ်ခရိုင်ထိ ဆိုင်ကလုန်းမုန်တိုင်းအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း အိန္ဒိယမိုးလေဝသဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု Lastesly သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မုန်တိုင်းသည် ဘင်္ဂလားပင်လယ်အော်ဘက်မှ အစပျိုးလာမည်ဖြစ်ပြီး မုန်တိုင်းအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့် ခရိုင်များမှာ ဂန်ဂျမ်ခရိုင်၊ ပူရီခရိုင်၊ ကာရ်ဒါခရိုင်၊ ဂျာဂတ်ဆင်ဟ်ပူရ်ခရိုင်၊ ဘာဒရက်ခရိုင်၊ ကန်ဒရာပါရာခရိုင်နှင့် ဘာလာဆောခရိုင်တို့ဖြစ်ကြောင်း သိရသည်။

“ဘင်္ဂလားပင်လယ်အော်ကနေ အစပျိုးလာတဲ့ မုန်တိုင်းဟာ အိုဒီရှာပြည်နယ်ကို ဝင်ရောက်လာဖို့ရှိပါတယ်။ မုန်တိုင်းအန္တရာယ်နဲ့ ရင်ဆိုင်ရဖွယ်ရှိနေသည့် ခရိုင်ပေါင်း ခုနစ်ခရိုင်ရှိနေတယ်။ မုန်တိုင်းအန္တရာယ်နဲ့ ရင်ဆိုင်ရဖွယ်ရှိနေတဲ့ ခရိုင်တွေမှာ မိုးရွာသွန်းတာတွေ၊ လေပြင်းတိုက်ခတ်တာတွေဖြစ်ပေါ်နေပါတယ်။ မုန်တိုင်းဟာ နောက်အကျဆုံးအောက်တိုဘာ ၂၃ ရက်မှာ စတင်ဝင်ရောက်လာဖွယ်ရှိနေပြီးတော့ အောက်တိုဘာ ၂၅ ရက်ထိ ကြာမြင့်သွားနိုင်ပါတယ်။ မုန်တိုင်းဟာ အိုဒီရှာပြည်နယ်ကို ဝင်ရောက်တိုက်ခတ်ပြီးရင် အနောက်မြောက်ဘက်ကို ဆက်လက်ဦးတည်တိုက်ခတ်သွားနိုင်ပါတယ်”ဟု အိန္ဒိယမိုးလေဝသဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



မုန်တိုင်းအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့်ခရိုင်များမှာ ကမ်းခြေများနှင့်နီးကပ်သည့်ခရိုင်များဖြစ်ကြပြီး ပြန်လည်ထူထောင်ရေးအထူးကော်မရှင်အဖွဲ့ကလည်း ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်နေကြောင်း၊ မိုးလေဝသဦးစီးဌာန၏ ခန့်မှန်းတွက်ချက်မှုအရ ဆိုင်ကလုန်းမုန်တိုင်းသည် နောက်အကျဆုံး အောက်တိုဘာ ၂၃ ရက်တွင် ဝင်ရောက်လာဖွယ်ရှိနေပြီး အောက်တိုဘာ ၂၅ ရက်ထိ ကြာမြင့်နိုင်ကြောင်း သိရသည်။

**ခိုင်းဆက်**

# ကမ္ဘာ့လေထုညစ်ညမ်းမှုနှုန်းအမြင့်ဆုံးမြို့အဖြစ် ဆက်တယ်မြို့ရပ်တည်

**ဝါရှင်တန် အောက်တိုဘာ ၂၀**

အမေရိကန်နိုင်ငံ ဆက်တယ်မြို့တွင် လေထုညစ်ညမ်းမှုဖြစ်ပေါ်နေပြီး လေထုညစ်ညမ်းမှုပမာဏသည် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေနိုင်သည့် အဆင့်ဖြစ်ကြောင်း အမေရိကန်လေထုသန့်စင်မှုတိုင်းတာရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ST သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဆက်တယ်မြို့တွင်ဖြစ်ပေါ်နေသည့် လေထုညစ်ညမ်းမှုပမာဏမှာ ကမ္ဘာ့မြို့ကြီးများအနက် လေထုညစ်ညမ်းမှုပမာဏ အမြင့်မားဆုံးအခြေအနေသို့ရောက်ရှိနေကြောင်း သိရသည်။

အမေရိကန် လေထုသန့်စင်မှုတိုင်းတာရေးအဖွဲ့အစည်းက ဆက်တယ်မြို့၏ လေထုညစ်ညမ်းမှုပမာဏကို အောက်တိုဘာ ၁၉ ရက်က တိုင်းတာခဲ့ခြင်းဖြစ်ပြီး တိုင်းတာစစ်ဆေးချက်ရလဒ်အရ ကမ္ဘာ့လေထုညစ်ညမ်းမှုအမြင့်မားဆုံးသော မြို့ ၁၀ မြို့ စာရင်း၏ နံပါတ်(၁)နေရာတွင်ရပ်တည်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါစာရင်းအရ ဆက်တယ်မြို့၏နောက် ဒုတိယနေရာတွင် ပါကစ္စတန်နိုင်ငံ လာဟိုးမြို့က ရပ်တည်နေပြီး အိန္ဒိယနိုင်ငံ နယူးဒေလီမြို့က တတိယနေရာတွင် ရပ်တည်နေကြောင်း သိရသည်။

လေထုညစ်ညမ်းမှုပြဿနာကြောင့် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများနှင့် ကိုယ်ဝန်ဆောင်မိခင်များကို အဆုတ်နှင့် နှလုံးဆိုင်ရာရောဂါဝေဒနာများ ဖြစ်ပေါ်စေလျက်ရှိကြောင်း၊ ဆက်တယ်မြို့၏ လေထုညစ်ညမ်းမှုပမာဏကြောင့် ဆက်တယ်မြို့အတွင်း အမိုးအကာမရှိသည့်ဧရိယာများတွင် အလုပ်တာဝန်ထမ်းဆောင်နေသည့် ပုဂ္ဂလိကဝန်ထမ်းများနှင့် အစိုးရဝန်ထမ်းများကို အမိုးအကာအတွင်းရွှေ့ပြောင်းအလုပ်လုပ်ရန် ဆက်တယ်အာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားခဲ့ကြောင်း သိရသည်။

သို့သော်လည်း လာမည့်ရက်ပိုင်းအတွင်း ပစိဖိတ်သမုဒ္ဒရာပိုင်းမှ လေတိုက်နှုန်း မြင့်မားလာဖွယ်ရှိနေသလို မိုးရွာသွန်းဖွယ်လည်းရှိနေသည့်အတွက် လေထုညစ်ညမ်းမှုပမာဏ ကျဆင်းလာဖွယ်ရှိနေကြောင်း သိရသည်။ **ခိုင်းဆက်**

# အာဖရိကတွင် မိုးခေါင်မှုနှင့် ငတ်မွတ်မှုကြောင့် အမျိုးသမီးနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှု ပိုမိုဆိုးရွားလာ

**နိုင်ရိုဘီ အောက်တိုဘာ ၂၀**

အာဖရိကဦးချိုဒေသတွင် မိုးခေါင်ရေရှားမှုနှင့်ငတ်မွတ်ခေါင်းပါးမှုပြင်းထန်လာသည်နှင့်အမျှ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုပိုမိုဆိုးရွားလာကြောင်း ကုလသမဂ္ဂလူဦးရေဆိုင်ရာလုပ်ရှားမှုရန်ပုံငွေအဖွဲ့၏ စစ်တမ်းအရ သိရသည်ဟု Humangal Media သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

မိုးခေါင်ရေရှားရာသီရှည်လာသည်နှင့်အမျှ သောက်သုံးရေရှားပါးမှုသည် ကင်ညာရှိအမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု (SGBV) ဖြစ်နိုင်ခြေကို တိုးမြင့်လာစေကြောင်း ကုလသမဂ္ဂလူဦးရေဆိုင်ရာလုပ်ရှားမှုရန်ပုံငွေအဖွဲ့ (UNFPA)က ထုတ်ပြန်ထားသည်။

UNFPA၏အဆိုအရ ထောင်နှင့်ချီသောလူများသည် အသက်ရှင်သန်ရေးအတွက် တရားမဝင်ရွှေ့ပြောင်းနေထိုင်မှုများတွင် ပါဝင်လျက်ရှိပြီး ထိခိုက်လွယ်သောအမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် အရေးကြီးသောကျန်းမာရေးအထောက်အကူပြု အဆောက်အအုံများ သို့မဟုတ် အကာအကွယ်နှင့်ထောက်ပံ့ရေးဝန်ဆောင်မှုများကို အလွန်လိုအပ်လျက်ရှိကြောင်း သိရသည်။

လုံလောက်သောကျန်းမာရေးစောင့်ရှောက်မှုအကာအကွယ်နှင့် ပံ့ပိုးကူညီမှုဝန်ဆောင်မှုများမရှိခြင်းကြောင့် မိခင်နှင့် မိန်းကလေးကျန်းမာရေးကိစ္စများအပါအဝင် အထွေထွေကျန်းမာရေးကိစ္စများကို ထိခိုက်စေလျက်ရှိကြောင်း သိရသည်။

အမျိုးသမီးများလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် အရွယ်မတိုင်ခင်လက်ထပ်မှုများ ပိုမိုများပြားလာကြောင်း Samburu County Referral Hospital မှ ဂျက်ကလင်းဂျိုမိုနီက ပြောကြားခဲ့သည်။

အချို့ဒေသများတွင် နှစ်နှစ်အတွင်း မိုးရာသီလေးခုဆက်တိုက် မိုးခေါင်ရေရှားသဖြင့် မြေပြင်ရှိရေ ၉၀ ရာခိုင်နှုန်းမှာခန်းခြောက်လျက်ရှိပြီး ယခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိလည်း ဆက်လက်မိုးခေါင်နိုင်ခြေရှိကြောင်း နိုင်ငံတကာအသိုင်းအဝိုင်းက သတိပေးထားကြောင်း သိရသည်။

AZH

# အနာဂတ်တွင်ဖြစ်ပွားမည့်ကပ်ရောဂါများက ရေခဲမြစ်များအရည်ပျော်ရာမှဖြစ်လာနိုင်

**အော့တဝါ အောက်တိုဘာ ၂၀**

အာတိတ်ဒေသရှိ ရေကန်များကို ဆန်းစစ်မှုများအရ ရေခဲထဲတွင် ပိတ်မိနေသော ဗိုင်းရပ်စ်များနှင့် ဗက်တီရီးယားများသည် တောရိုင်းတိရစ္ဆာန်များမှတစ်ဆင့် ကပ်ရောဂါအသွင် ကူးစက်လာနိုင်ကြောင်း ကနေဒါနိုင်ငံ အော့တဝါတက္ကသိုလ်မှ သုတေသနအဖွဲ့တစ်ဖွဲ့၏အဆိုအရ သိရသည်ဟု သည်ဂါးဒီယမ်သတင်းစာက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ကနေဒါနိုင်ငံ အော့တဝါတက္ကသိုလ်မှ စတီဖင်အဲရစ်ဘရှိဆိုနှင့် ပညာရှင်များသည် ရေခဲမြစ်များမှ အရည်ပျော်ကျလာသည့် သေးငယ်သောရေခဲမြစ်များ စီးဆင်းလာရာအနီးမှ မြေဆီလွှာနမူနာများကို စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် အကြီးဆုံးရေချိုကန်ဖြစ်သည့် Lake Hazen မှ မြေဆီလွှာနှင့် အနည်အနှစ်များကို မျိုးရိုးဗီဇခွဲခြမ်းစိတ်ဖြာမှုအရ ဗိုင်းရပ်စ်ပိုးသည် ပထမဆုံးအကြိမ်အဖြစ် ကူးစက်နိုင်သောအန္တရာယ်ရှိပြီး ရေခဲမြစ်များ အရည်ပျော်သည့်နေရာနှင့် အနီးဆုံးတွင်ပိုများနိုင်ကြောင်း သိရသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် ကမ္ဘာ့အပူချိန်များ မြင့်တက်လာသည်နှင့်အမျှ ရေခဲမြစ်များနှင့် Permafrost များတွင် ပိတ်မိနေသောဗိုင်းရပ်များနှင့် ဗက်တီရီးယားများသည် အထူးသဖြင့် ဒေသခံတောရိုင်းတိရစ္ဆာန်များမှတစ်ဆင့် ပြန်လည်နိုးထကူးစက်နိုင်ခြေပိုများလာကြောင်းနှင့် ၂၀၁၆ ခုနှစ်နောက်ပိုင်း ဆိုက်ဘေးရီးယားမြောက်ပိုင်းတွင် ကလေးငယ်တစ်ဦးသေဆုံးပြီး အခြားခုနစ်ဦးထက်မနည်းကူးစက်ခဲ့သော Antrax ပိုးကူးစက်မှုသည် Permafrost အရည်ပျော်ပြီး သမင်အုပ်မှတစ်ဆင့် ရောဂါကူးစက်ခဲ့ခြင်းဖြစ်နိုင်ကြောင်း သုံးသပ်ထားသည်။

ကနေဒါသုတေသနအဖွဲ့၏အဆိုအရ နောက်ထပ်ကပ်ရောဂါကူးစက်မှုများသည် လင်းနို့များ သို့မဟုတ် ငှက်များမှမဟုတ်ဘဲ ရေခဲများအရည်ပျော်သည့်နေရာမှ လာခြင်းဖြစ်ကြောင်း အချက်အလက်အသစ်များအရ သိရသည်။

AZH

ခရီးသွားဆောင်းပါး

# မိုးကုတ်မှအပြန်

သက်နိုင်(ပြင်ဦးလွင်)

ဒီတစ်ခေါက်ခရီးစဉ်ဖြစ်တဲ့ မိုးကုတ်ခရီးက တစ်ညအိပ်နှစ်ရက် စနေ၊ တနင်္ဂနွေရက်တွေမှာပါ။ ရောက်တဲ့ရက် စနေနေ့ညမှာ ကောင်းကောင်းအိပ်မပျော်ခဲ့ပေမဲ့ မနက်စောစောပြန်နိုးလာခဲ့ရတယ်။ လည်ပတ်လေ့လာရေးခရီးစဉ်မဟုတ်ဘဲ စာသင်ရင်း၊ ဟောပြောရင်း ပရဟိတခရီးတစ်ခုဖြစ်တဲ့အတွက်ကြောင့် မနက် ၆ နာရီထိုးတာနဲ့ စာသင်ခန်းတွေထဲမှာ အသင့်စောင့်ဆိုင်းနေပြီဖြစ်တဲ့ ကျောင်းသား၊ ကျောင်းသူတွေရှိရာကို သွားရောက်သင်ကြားရတော့တယ်။ မနက် ၇ နာရီ မိနစ် ၃၀ ထိ သင်ကြားပို့ချပေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူတွေ မနက်စာ စားသောက်နေကြတဲ့အချိန်မှာ လက်ဖက်ရည်သောက်ရင်း၊ ဈေးဝယ်ရင်း၊ လေ့လာကြည့်ရှုကြဖို့အတွက် မိုးကုတ်မြို့တွင်းကို ထွက်လာခဲ့ကြတယ်။ ရောက်ဖူးနေတဲ့မြို့တစ်မြို့ဖြစ်ပေမဲ့ နယ်မြေကျွမ်းကျင်မှုမရှိတာကြောင့် လက်ဖက်ရည်ကောင်းတဲ့ဆိုင်ကို မေးမြန်းရှာဖွေပြီးမှ ရောက်လာခဲ့ရတယ်။

လက်ဖက်ရည်သောက်ပြီးတာနဲ့ အဓိကဝယ်ယူလိုကြတဲ့ဒေသထွက် ကျောက်မျက်ရတနာတွေကို လိုက်လံရှာဖွေခဲ့ကြတာ ထီးအမိုးလေးတွေဖွင့်ပြီး ရောင်းတဲ့ ကျောက်မျက်ဈေးကလဲပိတ်၊ မြို့တွင်းမှာရှိနေတဲ့ဆိုင်အားလုံးကလဲမဖွင့်နဲ့ မြို့တစ်မြို့လုံးပတ် ကားမောင်းနေရသလို တဝဲလည်လည်ဖြစ်နေရတယ်။ ဆိုင်တွေမဖွင့်လို့ ဝယ်မရလဲ ပြန်ကြတော့မယ်ဆိုပြီး ကျောင်းတိုက်ရှိရာကို ပြန်လာကြတဲ့အခါ လမ်းတစ်နေရာမှာ ကျောက်မျက်အရောင်းဆိုင်နှင့် ပန်းထိမ်လုပ်ငန်းဆိုတဲ့ လမ်းညွှန်ဆိုင်းဘုတ်တစ်ခုကို တွေ့လိုက်ရလို့ ညွှန်ပြထားတဲ့လမ်းအတိုင်း ကားမောင်းသွားခဲ့တာအတက်လမ်း၊ အဆင်းလမ်းတွေ မက်စောက်လွန်းလှတဲ့တောင်ပေါ် လူနေရပ်ကွက်တစ်ခုအတွင်း ရောက်ရှိလာကြတယ်။ လမ်းအနေအထားက ရှေ့ဆက်သွားလို့မရအောင် ဆုံးနေပြီဖြစ်ပေမဲ့ လမ်းညွှန်ဆိုင်းဘုတ်က ဆက်လက်ပြသထားတာကြောင့် ကားကိုရောက်တဲ့နေရာမှာ ရပ်ထားခဲ့ပြီး ကွန်ကရစ်ခင်းလမ်းကျဉ်းလေးအတိုင်း တက်ရောက်လာတဲ့အခါ လမ်းညွှန်ထားတဲ့ဆိုင်ကိုတွေ့လိုက်ရတယ်။ ဆိုင်ဆိုပေမဲ့ ကြီးကျယ်ခမ်းနားတဲ့ဆိုင်မျိုးမဟုတ်ဘဲ လူနေအိမ်၊ ပန်းထိမ်အလုပ်ခန်းတွေနဲ့ တွဲလျက်ဖွင့်လှစ်ထားတာပါ။

ဆိုင်ရှေ့မှာတွေ့ရတဲ့ လူခေါ်ခေါင်းလောင်းလေးကို တီးလိုက်မှ ပိတ်ထားတဲ့တံခါးတွေ ပွင့်လာပြီး ဆိုင်ရှင်ဖြစ်သူက အထဲကိုဖိတ်ခေါ်ပါတယ်။ ရောင်းချဖို့အတွက် မှန်ကောင်တာအတွင်းမှာ ခင်းကျင်းပြသထားတဲ့ကျောက်မျက်တွေကိုကြည့်ရင်း လိုချင်တာတွေကိုမေးရင်းမြန်းရင်း စကားပြောဆိုကြရင်းနဲ့အကြောင်းအမျိုးမျိုး၊ အခြေအနေအမျိုးမျိုးကြောင့် မိုးကုတ်မြို့မှာရှိတဲ့ကျောက်မျက်ရတနာ၊ ရွှေငွေဆိုင်အားလုံးပိတ်ထားကြရကြောင်း၊ အချို့အနည်းငယ်သောဆိုင်လေးတွေ ဖွင့်လှစ်ထားကြပေမဲ့ ခင်းကျင်းပြသရောင်းချထားတာမျိုးမရှိကြောင်း၊ ဝယ်သူလာပြီး စိတ်ချရမှ ဝယ်ယူလိုတဲ့ ပစ္စည်းကို ထုတ်ယူပြသရောင်းချရကြောင်း စတာတွေကို ပြောပြတော့မှ တစ်မြို့လုံးကို ကားပတ်မောင်းနေရပြီး ဆိုင်တွေရှာမတွေ့ဘဲ တဝဲလည်လည်ဖြစ်နေရတဲ့ အကြောင်းရင်းကိုသိရှိသွားခဲ့ရတယ်။ ဆိုင်က ပန်းထိမ်လုပ်ငန်းနဲ့အတူတွဲပြီး ဖွင့်လှစ်ထားတဲ့ ပင်ရင်းဆိုင်တစ်ဆိုင်ဖြစ်နေတာကြောင့် မြို့တွင်းဈေးတွေမှာရှိတဲ့ ဆိုင်တွေထက် ပိုမိုပြီး ဈေးနှုန်းသက်သာနေတယ်။ အလိုရှိတဲ့ ကျောက်မျက်တွေကိုလဲ လိုချင်တဲ့ပုံစံအနေအထားအတိုင်း ပြုပြင်ပေးတာတွေ၊ သွေးပေးတာတွေ၊ မွမ်းမံပုံဖော်ပေးတာတွေကို ပန်းထိမ်ခန်းထဲမှာ တစ်ခါတည်း စိတ်တိုင်းကျပြုလုပ်ပေးတာကြောင့် အဆင်ပြေကြရတယ်။ ကျောက်မျက်ဆိုင်မှာလိုချင်တဲ့ ပစ္စည်းလေးတွေကို ဝယ်ယူလာခဲ့ကြပြီး ကျောင်းတိုက်ကို ပြန်ရောက်တော့ ၉ နာရီထိုးနေပါပြီ။

ကျောင်းကိုပြန်ရောက်တာနဲ့ဆရာတော်က စာသင်ကြားပို့ချတာတွေကို နေ့လယ်စာထမင်းစားချိန်အပြီး လက်စသတ်သင်ကြားပေးဖို့နဲ့ ထမင်းစားပြီးရင် မိုးကုတ်မြို့မှာ လေ့လာသင့်၊ လေ့လာထိုက်တဲ့နေရာတွေ၊ ဘုရားစေတီတွေ၊ ဈေးတွေရှိရာကို လိုက်လံပို့ဆောင်ပေးမည်ဖြစ်ကြောင်း မိန့်ကြားလာတယ်။ အရင်တုန်းက မိမိတို့သဘောနဲ့စဉ်းစားဆုံးဖြတ်ထားတာက စာသင်ကြားတာကို ညနေကျောင်းဆင်း ၄ နာရီထိသင်ကြားပေးပြီးမှ ပြင်ဦးလွင်မြို့ကို အေးအေးဆေးဆေးပြန်ကြဖို့ပါ။ ဆရာတော်ကလဲ စေတနာထားပြီး လိုက်လံပို့ဆောင်ပေးချင်နေတဲ့ ဆန္ဒရှိနေတာကြောင့် ဆရာတော်ရဲ့ဆန္ဒလဲပြည့်၊ ကျောင်းသား၊ ကျောင်းသူတွေကိုလဲ အကျိုးရှိရှိပြည့်ပြည့်ဝဝသင်ကြားပေးနိုင်ခဲ့အောင် စာသင်ကြားတာကို မွန်းလွဲ ၂ နာရီမှာ အဆုံးသတ်ကြဖို့သဘောတူလိုက်ကြရတယ်။ ဒီလိုနဲ့ နေ့လယ်စာထမင်းကို မြန်မြန်သွက်သွက်စားသောက်ခဲ့ရပြီး လိုအပ်တဲ့သင်ကြားပေးမှုတွေကိုလဲ မွန်းလွဲ ၂ နာရီမှာ အဆုံးသတ်ခဲ့ကြရတယ်။




စာသင်ကြားပြီးတာနဲ့ ဆရာတော်ကိုယ်တိုင် ကျောင်းတိုက်ကကားနဲ့ မိုးကုတ်မြို့ရဲ့အထင်ကရ ဘုရားစေတီတစ်ဆူဖြစ်တဲ့ ချမ်းသာကြီးဘုရားကို လိုက်လံပို့ဆောင်ပေးတယ်။ ချမ်းသာကြီးဘုရားက တောင်ပေါ်အမြင့်ပိုင်းမှာရှိနေတာကြောင့် ဘုရားဖူးရင်းနဲ့ မိုးကုတ်မြို့အလှရှုခင်းတွေကို တဝကြီးကြည့်ရှုခံစားနိုင်ကြသလို ဘုရားအတွင်းပြတိုက်ထဲမှာ ခင်းကျင်းပြသထားတဲ့ ဒေသထွက်ကျောက်မျက်ရတနာမျိုးစုံကို လေ့လာကြည့်ရှုခဲ့ရတယ်။

ချမ်းသာကြီးဘုရားကို ဖူးမြော်ပြီးတာနဲ့ မြို့ရဲ့အရှေ့ဘက်အထွက် တစ်နေရာမှာရှိတဲ့ ရှုခင်းသာကို လိုက်ပို့ပေးပါတယ်။ ရှုခင်းသာကလဲ အမြင့်ပိုင်းနေရာတစ်ခုမှာတည်ရှိနေတာကြောင့် မိုးကုတ်တစ်မြို့လုံးကို အပေါ်စီးကနေ လှလှပပမြင်တွေ့နေရတယ်။ အရင်အခေါက်တွေတုန်းက ရှုခင်းသာကိုရောက်ခဲ့ရာမှာ အအေးဆိုင်လေးတွေ၊ မုန့်ဆိုင်လေးတွေရှိနေလို့ အအေးသောက်ရင်း၊ မုန့်စားရင်း၊ အမောဖြေရင်း မြို့အလှရှုခင်းကို ထိုင်ခုံလေးတွေပေါ်မှာထိုင်ပြီး ကြည့်ရှုနိုင်ခဲ့ကြပေမဲ့ အခုတစ်ကြိမ်လာရောက်တဲ့အခါမှာ ဘာဆိုင်မှမရှိကြတော့ပါဘူး။ ရှုခင်းသာနေရာက အရှေ့ဘက်မြို့အဝင်၊ အထွက်နေရာမှာရှိနေလို့ မြို့ဝင်ကြိုဆိုရေးဆိုင်းဘုတ်တွေ၊ နှုတ်ခွန်းဆက်သတဲ့ဆိုင်းဘုတ်တွေနဲ့အတူ အမှတ်တရဓာတ်ပုံရိုက်လို့ရနေတယ်။ ဒါပေမဲ့ အရင်တုန်းကလို သန့်သန့်ရှင်းရှင်း၊ သာသာယာယာမရှိတော့ဘဲ အမှိုက်တွေပြည့်နှက်နေတာကို စိတ်မကောင်းစရာမြင်တွေ့နေရတယ်။ အမှတ်တရဓာတ်ပုံမှတ်တမ်းတွေရိုက်ယူကြတဲ့အခါမှာလဲ အမှိုက်သရိုက်တွေ ကင်းလွတ်နေတဲ့မြို့အဝင်၊အထွက် ဆိုင်းဘုတ်တွေနဲ့သာ ရိုက်ယူခဲ့ကြရတော့တယ်။ အရင်တုန်းက သပ်သပ်ရပ်ရပ်သာသာယာယာရှိခဲ့တဲ့ ရှုခင်းသာက အတိတ်မှာကျန်နေရစ်ခဲ့ပါပြီ။

ရှုခင်းသာကနေ ထွက်လာခဲ့ကြပြီး မြို့လယ်ရေကန်ကြီးအနီးမှာရှိတဲ့ အအေးဆိုင်ကြီးတစ်ဆိုင်ကို ရောက်လာခဲ့ကြတယ်။ အအေးဆိုင်ကိုခေတ်နဲ့အညီဆွဲဆောင်မှုကောင်းကောင်းနဲ့ တည်ဆောက်မွမ်းမံထားပြီး အပေါ်ထပ်၊ အောက်ထပ်တွေနဲ့အတူ သက်သက်သာသာ စားသောက်အနားယူနိုင်အောင်၊ အလင်းရောင်နဲ့ လေဝင်၊ လေထွက်ကောင်းအောင်၊ မြို့အလှရှုခင်းတွေကို ကြည့်ရှုခံစားနိုင်အောင် ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားဖြစ်နေပေမဲ့ ထိုင်စရာနေရာမရှိတော့လို့ ပြန်ထွက်လာခဲ့ကြရတယ်။ ဆိုင်ရှေ့မှာ ကားရပ်စရာနေရာမရှိအောင်၊ ဆိုင်တွင်းမှာထိုင်စရာနေရာမရှိအောင် စည်ကားလွန်းလှတဲ့မိုးကုတ်မြို့က အအေးဆိုင်တစ်ဆိုင်အဖြစ် ရောက်ရှိတွေ့မြင်ခဲ့ရပါတယ်။ ဒီလိုဆိုင်မျိုးကို ဆရာတော်က တကူးတကလိုက်လံပို့ဆောင်ပေးပြီး ဧည့်ခံကျွေးမွေးစားသောက်စေလိုခဲ့ပေမဲ့ စားသောက်ခွင့်မရကြတော့ပါဘူး။

ထိုင်စရာနေရာမရှိတော့တဲ့ အအေးဆိုင်ကနေ ထွက်လာခဲ့ကြပြီး မြို့မစည်ပင်သာယာဈေးကြီးရှိရာကို ရောက်လာခဲ့ရတယ်။ ဒါပေမဲ့ ဈေးကလူရှင်းနေပြီး ခြောက်ကပ်နေတယ်။ ဈေးကိုရောက်တုန်းရောက်ခိုက် မိုးကုတ်မြို့ရဲ့ နာမည်ကျော်ထွက်ကုန်ပစ္စည်းတစ်ခုဖြစ်တဲ့ လက်ဖက်နဲ့အကြော်ဆန်တွေကို အိမ်ပြန်လက်ဆောင်အဖြစ်ဝယ်ယူဖို့ ကြည့်ရှုရွေးချယ်လိုက်ကြပေမဲ့ ဆရာတော်က ကျသင့်ငွေအားလုံးကို စိုက်ထုတ်ပေးချေနေလို့ အားနာရတော့တယ်။ ဒါကြောင့်လဲ ဆရာတော်ဝယ်ခြမ်းပေးသမျှကို လက်မခံတော့ဘဲ သင့်တော်သလောက်ကိုသာ ဝယ်ယူလာခဲ့ကြတယ်။ မိုးကုတ်ဒေသထွက် လက်ဖက်နဲ့အကြော်ဆန်က နာမည်ကျော်ကြားသလောက် စားလို့လဲကောင်းပါတယ်။ ဈေးတစ်ခုလုံး လက်ဖက်နဲ့အကြော်ဆန်ဆိုင်မှာသာ ဝယ်ယူသူတွေ ဝိုင်းအုံစည်ကားနေတာကိုလဲ တွေ့မြင်နေရတယ်။

ဈေးဝယ်ပြီးတာနဲ့ ဆရာတော်က ရွှေလိပ်ပြာဟိုတယ်ကိုလိုက်ပို့ပေးတယ်။ ရွှေလိပ်ပြာဟိုတယ်က မိုးကုတ်မြို့နဲ့ ကျပ်ပြင်ကြားမှာရှိနေလို့ ဟိုတယ်ကိုလာရောက်ကြတဲ့အခါ မိုးကုတ်မြို့တွင်းကို ဖြတ်သန်းလာခဲ့ရတယ်။ အတက်အဆင်း အကွေ့အကောက်တောင်ပေါ်လမ်းအတိုင်းလာခဲ့ပြီးမှ ဟိုတယ်ကိုရောက်လာကြတယ်။ ဟိုတယ်ရှေ့မျက်နှာစာတစ်ခုလုံးကို လိပ်ပြာပုံထွင်းထုပုံဖော်ထားပြီး ရွှေရောင်သုတ်လိမ်းထားတာကြောင့် ဟိုတယ်အမည်နဲ့လိုက်ဖက်နေသလို ရွှေရောင်လိပ်ပြာပုံကြီးကလဲ အသက်ဝင်လှပ၊ အနုပညာလက်ရာမြောက်နေပါတယ်။ မိုးကုတ်မြို့ကိုလာရောက်လည်ပတ်ကြသူတိုင်း ဟိုတယ်အရှေ့ကိုရောက်ရင် လိပ်ပြာရုပ်ကြီးနဲ့အမှတ်တရဓာတ်ပုံရိုက်ကြသလို အခုရောက်ရှိလာတဲ့အခါမှာလဲ ဓာတ်ပုံရိုက်နေသူတွေကိုတွေ့မြင်နေရတယ်။ ဟိုတယ်က မိုးကုတ်-ကျပ်ပြင် လမ်းဘေးမှာရှိနေလို့လဲ ဓာတ်ပုံရိုက်ရတာလွယ်ကူအဆင်ပြေနေတယ်။ မိုးကုတ်မြို့သူ၊ မြို့သားတွေက မိုးကုတ်ကို အရှေ့ပိုင်း၊ ကျပ်ပြင်ကို အနောက်ပိုင်းဆိုပြီး သတ်မှတ်ခေါ်ဆိုကြတယ်။ ရှေးယခင်တုန်းကတော့ မိုးကုတ်နဲ့ကျပ်ပြင်ကို 'မိုးကုတ်ကျပ်ပြင်'လို့ တွဲဖက်ခေါ်ဆိုခဲ့ကြတယ်။ ဒါပေမဲ့ မိုးကုတ်ဒေသက မိုးကုတ်၊ ကျပ်ပြင် နှစ်ခုတည်းမဟုတ်ဘဲ မိုးကုတ်၊ ကျပ်ပြင်၊ ကသည်းဆိုပြီး နယ်သုံးနယ်ကို ပေါင်းစပ်ပါဝင်စေထားတာပါ။

ရွှေလိပ်ပြာဟိုတယ်ကိုရောက်တုန်းအတွင်းထဲထိဝင်ရောက်လေ့လာကြည့်ရှုကြဖို့ ဆရာတော်က စီစဉ်ထားပေမဲ့ ပြင်ဦးလွင်ကိုပြန်ရမဲ့အချိန်နောက်ကျနေမှာစိုးတာကြောင့် ဟိုတယ်အရှေ့မှာပဲ အမှတ်တရဓာတ်ပုံတွေရိုက်ခဲ့ကြပြီး ကျောင်းတိုက်ရှိရာကို ပြန်လာခဲ့ကြတယ်။ ကျောင်းတိုက်ကိုရောက်တော့ ညနေ ၄ နာရီကျော်နေပါပြီ။ ပစ္စည်းတွေနဲ့အဝတ်အစားတွေ သိမ်းဆည်းအပြီး ပြင်ဦးလွင်ကိုပြန်ဖို့အတွက် အခန်းထဲကနေ ပြန်ထွက်လာတော့ ကျောင်းဝင်းအတွင်း ကားလမ်းဘေးတစ်လျှောက်မှာ လက်အုပ်ကလေးတွေချီပြီး ငုတ်တုတ်ထိုင်နေကြတဲ့ ကျောင်းသား၊ ကျောင်းသူလေးတွေကိုမမျှော်လင့်ဘဲတွေ့လိုက်ရတယ်။ အပြင်ကပြန်လာပြီး အခန်းထဲကိုဝင်သွားတဲ့အချိန်တုန်းက "ကျောင်းသား၊ ကျောင်းသူတွေ ဆရာတို့ပြန်ကြတော့မယ်။ ကန်တော့ကြရအောင်"ဆိုပြီး ဆရာတော်ရဲ့အသံကို ကြားမိလိုက်ပေမဲ့ ဒီလိုပုံစံ၊ ဒီလိုအနေအထားနဲ့ ကန်တော့ကြလိမ့်မယ်လို့ ထင်မထားမိခဲ့ပါဘူး။ လက်ဆွဲအိတ်ကိုယ်စီဆွဲပြီး ကားပေါ်ကိုတက်ခါနီးမှာ ကလေးအားလုံးက ကန်တော့ကြတယ်။ သူတို့ထိုင်ကန်တော့နေကြတာက လမ်းဘေးမြေပြင်ပေါ်မှာဖြစ်ပြီး အားလုံးရဲ့မျက်နှာလေးတွေကလဲ ညှိုးငယ်နေတာကို တွေ့မြင်လိုက်ရတာကြောင့် ရင်ထဲမှာဆို့နစ်သွားရတယ်။

ပြင်ဦးလွင်ကို ပြန်ကြဖို့အတွက် အချိန်ကလဲနောက်ကျနေ၊ ခရီးကလဲဝေးကွာ၊ ဆုံးမဆုပေးစကားတွေကို ပြောဖို့လဲအချိန်မရှိ၊ တွေ့မြင်နေရတဲ့မြင်ကွင်းကြောင့် ပြောဆိုစရာစကားတွေလဲ ရင်ထဲမှာကွယ်ပျောက်သွားခဲ့ပြီဖြစ်လို့ ဆရာတော်ကို လက်အုပ်ချီပြီး ကန်တော့နှုတ်ဆက်၊ ကလေးတွေရှိရာကို တစ်ချက်ငဲ့ကြည့်ရင်း ကားပေါ်ကိုတက်၊ ကားစက်နိုးပြီး ကျောင်းဝင်းထဲကနေ တစ်လိမ့်ချင်းကားမောင်းထွက်လာခဲ့တဲ့အခါမှာ ကားနောက်ကြည့်မှန်ထဲကနေ ကလေးတွေရှိရာကို ပြန်ကြည့်လိုက်တဲ့အချိန်မှာလဲ လက်အုပ်ကလေးတွေချီပြီး မလှုပ်မယှက်ထိုင်နေကြသေးတာကို မြင်တွေ့နေရတယ်။ ဒီမြင်ကွင်းထဲက ကျောင်းဝင်းအပြင်ကိုရောက်ပြီး တစ်ဆစ်ချိုးလမ်းမပေါ် ကွေ့တက်လိုက်တဲ့အချိန်ရောက်မှ ပျောက်ကွယ်သွားခဲ့ရတယ်။ ကလေးတွေအားလုံးကလဲ မိမိတို့ရဲ့ကားကို တွေ့မြင်နေသေးသမျှ သူတို့ရဲ့ မြင်ကွင်းထဲကနေ ကွယ်ပျောက်မသွားသေးသမျှ လက်အုပ်ချီပြီး ထိုင်နေကြဆဲဖြစ်နေမှာကို ယုံမှားသံသယမရှိစွာနဲ့ မြင်ယောင်နေမိတယ်။

မိုးကုတ်မြို့ကနေ အပြန်ခရီးကတိတ်ဆိတ်ခြောက်ကပ်နေသလို ပြင်ဦးလွင်မြို့ကို အချိန်မီရောက်ဖို့အတွက်လဲ ဂရုတစိုက်နဲ့ မြန်မြန်မောင်းနှင်နေရတယ်။ ခရီးစဉ်ရဲ့ရည်မှန်းချက်က နေရောင်မကွယ်၊ အလင်းရောင်မပျောက်ခင် မိုးကုတ်မြို့နယ်အတွင်းက ထွက်ပြီး ပြင်ဦးလွင်မြို့နယ်ထဲ ဝင်ရောက်လာကြဖို့ပါ။

ဘယ်လိုပဲဖြစ်ဖြစ် ည ၈ နာရီကျော်မှာ အန္တရာယ်ကင်း၊ ဘေးရှင်းစွာနဲ့ ပြင်ဦးလွင်မြို့ကိုပြန်လည်ရောက်ရှိလာကြတယ်။ နောက်တစ်ပတ် ကျောင်းအားရက်တွေမှာ ပြက္ခရွှေတောင်၊ ကင်းတားဆည်နဲ့ပြဒါးလင်းဂူရှိရာတွေကို သွားရောက်လေ့လာလည်ပတ်ကြဖို့ နှစ်ယောက်သားတိုင်ပင်ထားလိုက်ကြတယ်။ ဒီခရီးစဉ်တွေကတော့ ပျော်ရွှင်စရာခရီးတွေဖြစ်မှာ သေချာပါတယ်။

0 w Kv d @

# ရက်လည်မတိုင်မီ

ကိုဖော်(စာပညာသား)



(၁)

ခန္ဓာကိုယ်သည် ပေါ့ပါးလွတ်လပ်လွန်းနေခဲ့သည်။ ကိုက်ခဲနာကျင်နေသော ဝေဒနာတို့သည်လည်း ပျောက်ဆုံးနေ၏။ သယ်ဆောင်လှုပ်ရှားရခြင်းတို့အတွက် ပင်ပန်းခက်ခဲလျက်ရှိသော ခြေလက်တို့သည်လည်း သွက်လက်လွယ်ကူလွန်းစွာပင်ရှိနေသည်။ ဒီနေ့သည် အလွန်သာယာသောနေ့လေးတစ်နေ့ပင်ဖြစ်မည်။

အိမ်တွင် လူအတော်များများ ရှုပ်၍နေလေသည်။ မည်သည့်အကြောင်းကိစ္စရှိနေသည်မသိ။ သုတ်သုတ်ပျာပျာဖြင့် အလုပ်ရှုပ်နေကြဟန်ရှိသော လူအစုစုတို့သည် တစ်စုံတစ်ခုကို သယ်ဆောင်ယူလာကြလေသည်။

"ဟာ အခေါင်းကြီးပါလား"

ပန်းခြောက်များဖြင့်လှပစွာမွမ်းမံထားသော မှန်အလုံပိတ်အခေါင်းတလားကြီးတစ်ခုကို လူလေးယောက်ခန့် ဝိုင်းဝန်းသယ်ပိုးလာနေကြသည်ကိုတွေ့ရသည်။

"လုပ်ဟ လုပ်ဟဖြည်းဖြည်းထည့်ကြ ဖြည်းဖြည်း"

မှန်ခေါင်းတလားကြီးကို အသာချ၍ ဘေးကပ်လျက်မှ လဲလျောင်းနေသော ခန္ဓာတစ်ခုကို လူအများဝန်းဝိုင်းကာ သယ်ဆောင်ခြင်းပြုနေသည့် မြင်ကွင်းသည် ကျွန်တော့်ကို ထိတ်လန့်တုန်လှုပ်သွားစေခဲ့သည်။ ထိုရုပ်ခန္ဓာသည်ကား ကျွန်တော်၏ရုပ်သွင်ဖြစ်၍နေသည်လေ။

"ဟာ "

ပါးရိုးအစုံသည် ထောင်မတ်ငေါထွက်လျက် နှုတ်ခမ်းအစုံသည်လည်း သွေ့ခြောက်ဟပြဲ၍နေကာ အရိုးအရွဲတို့သည် စီးကျနေလေသည်။ ခြောက်သွေ့သောဆံပင်တို့၌ ယင်ကောင်၊ ဖြုတ်ကောင်တို့သည် ဝဲပျံနားခိုလျက်ရှိသည်။ မျက်စိတို့သည် စေ့ပိတ်၍နေသော်ငြား အနည်းငယ်ဟ၍နေလေတော့သည်။

"သနားပါတယ်ဟယ် ငယ်ငယ်ရွယ်ရွယ်ရှိသေးတာကို"

"အဲဒါပြောတာပေါ့အေ သေမင်းက လူမရွေးဘူးဆိုတာလေ။ ငယ်ငယ်ကြီးကြီး သေနေ့စေ့ သေရမှာချည်းပဲ"

"အို. . . အသက်ကို ဉာဏ်စောင့် ဥစ္စာကို ကံစောင့်တဲ့ဟဲ့။ ကယ်ရီသမားပီပီ အမောင်းကြမ်းတာကိုး"

အိမ်ရှေ့မှ အသံတချို့ကြားရသည်မို့ ကျွန်တော် အိမ်အပြင်သို့ထွက်ရန်ပြင်လိုက်သည်။

"ဟိုက်"

လှမ်းရွယ်ဟန်ပြုရုံရှိသေးသည် အိမ်ရှေ့သို့ရောက်ရှိနေခဲ့ပြီဖြစ်သည်မို့ အံ့ဩရပြန်သည်။ စိတ်မှန်းဖြင့် ကြံစည်တောင့်တရုံဖြင့် လိုရာရောက်နိုင်သည့် ယခုအဖြစ်သည် ကျွန်တော့်အတွက် ဆန်းကြယ်လွန်းနေခဲ့သည်။ အစီအရီတန်းစီခင်းကျင်းထားသော ပလတ်စတစ်ထိုင်ခုံများတွင် ရပ်ကွက်ထဲမှ အန်တီကြီးများ ထိုင်နေကြသည်။ တချို့သည် ယပ်တောင်တဖျပ်ဖျပ်ခတ်လျက်၊ တချို့သည် နေကြာစေ့ထည့်ထားသောပန်းကန်ကိုကိုင်လျက် စကားစမြည်ဆိုကာ တတောက်တောက်ဝါးနေကြသည်။ ထိုအချိန်၌ အိမ်ရှေ့ဝင်းတံခါးသို့ သုံးဘီးတစ်စီးထိုးရပ်လေသည်။

တစ်ခါသောက် ရေဘူးကတ်ကလေးများကြားတွင် အမေသည်ထိုင်လျက်လိုက်ပါလာလေ၏။ ဖျင်တဘက်ကလေး ပခုံးပေါ်တင်ကာ ညှိုးငယ်သော မျက်နှာထားဖြင့် အိမ်ပေါ်သို့ လှမ်းမျှော်ကြည့်ရှုနေလေသော အမေ့ကို အားရဝမ်းသာဖြင့် ပြုံးပြမိသည်။ သို့သော် အမေသည် သတိထားမိဟန်မတူ ချက်ချင်းပင် အကြည့်လွှဲသွားလေသည်။

"ဟော ရေဘူးတွေလာပြီ ဝေလိုက်ကြအုံးဟေ့ ဝေလိုက်ကြအုံး"

ဆယ်အိမ်မှူး ဦးကြည်အေး၏ အသံထွက်ပေါ်၍လာခဲ့လေသည်။ ရပ်ကွက်မှ ကာလသားကလေးများ ပြေးထွက်လာရောက်ကာ ရေဘူးကတ်ကလေးများကို တစ်ဘူးစီဖွဲ့ခြေ၍ စောင့်ဆိုင်းနေကြဟန်ရှိသော လူအစုစုတို့ကို လိုက်လံဝေငှနေလေသည်။

(၂)

အမေ့အနီးအနားသို့ ကျွန်တော်ရောက်ရှိနေပြီဖြစ်ပါသော်ငြား အမေသည် သတိထားမိပုံမပေါ်ပေ။ စာရွက်အပိုင်းအစလေးကိုဖြန့်၍သာ ကြည့်နေလေသည်။ ဘောင်ချာစာရွက်ဖြစ်ဟန်တူသည်။

"ဟဲ့ သိန်းကြည် ဘယ်လောက်ကုန်ခဲ့သလဲ"

"ရေဘူးဖိုးရယ်၊ ယပ်တောင်ရိုက်ခရယ် ပြီးတော့ သုံးဘီးငှားခရယ် အားလုံးပေါင်း ခုနစ်သောင်းစွန်းစွန်းပဲတော် ဈေးတွေတက်လို့လို့တော့ပြောတာပါပဲ"

"အေးဟဲ့ အဲဒါထက် ညည်း သင်္ဂြိုဟ်စရိတ်ပေးစရာကော ကျန်သေးရဲ့လား။ သင်္ချိုင်းရောက်ရင် တန်းပေးရမှာနော်။ ပြီးတော့ ညည်း ဧည့်သည်တွေလိုက်ဖို့ သုံးဘီးတွေ၊ ဘာတွေကော စီစဉ်ထားပြီးပြီလား"

ဖျင်တဘက်လေးအသာယူကာ မျက်နှာပေါ်သို့ သုတ်ဖယ်၍နေလေသည်မှာ ချွေးစက်များလား၊ မျက်ရည်စများလား ကျွန်တော် သဲကွဲစွာမမြင်မိပါ။

"ခြောက်သောင်းကျော်လောက်တော့ ကျန်ပါသေးတယ်။ သုံးဘီးလဲ သုံးစီးတော့ ငှားခဲ့တာပဲ။ လူအစေ့လောက်ကောင်းပါရဲ့"

"နာရေးကူငွေကော အုပ်ကြီးက လာပေးပြီလား"

"ပေးပြီးသွားပါပြီ မလောက်ပါဘူးတော်။ ကျုပ်လဲရှိတဲ့နားကပ်ကလေး တစ်လက်စတည်း ဈေးဝင်ပြီးအပေါင်ထားခဲ့လိုက်တယ်"

အမေပြောမှ သတိထားမိသည်။ အမေဝတ်နေကျ ကျောက်စီနားကပ်ကလေး မမြင်မိတော့ပေ။ နားပေါက်ဟောင်းလောင်းကလေးနှင့်အမေ့ကိုကြည့်ပြီး ကျွန်တော်စိတ်မကောင်းဖြစ်မိသည်။

"အေးပေါ့ ညဖဲဝိုင်းကောင်းရင်တော့ ညည်း နားကပ်ကလေး မနက်ဖြန်သွားပြန်ရွေးချေပေါ့အေ"

"လူဆိုတဲ့အမျိုးကလေ မွေးလာလဲ ပိုက်ဆံကုန်တာပဲ၊ သေသွားလဲ ပိုက်ဆံကုန်တာပဲဟဲ့။ ငါတော့ ဘဝအဆက်ဆက် လူကိုမဖြစ်ချင်တော့တာပါအေ"

ရပ်ကွက်ထဲက အဒေါ်ကြီးများနှင့် စကားဆိုနေပါသော အမေ့မျက်ဝန်းအိမ်တို့တွင် အရည်ကြည်များဝေ့ဝဲလျက်ရှိနေသည်ကို ကျွန်တော် ထင်ရှားစွာပင်မြင်လိုက်ရပြီဖြစ်သည်။

(၃)

"ဟေ့ ဟေ့ လူစုံပြီလားဟေ့ တက်ကြဟေ့။ သုံးဘီးတွေလဲ ရောက်ပြီဟေ့"

ကျယ်လောင်သောဆော်ဩသံထွက်ပေါ်လာသည်နှင့်တစ်ပြိုင်နက် လူအများသည် သုံးဘီးများပေါ်သို့ အစီအရီတက်လိုက်ကြလေတော့သည်။

"ဟဲ့ ဟိုဘက်တိုးပါအုံး ကျပ်တာအေ"

"ဟော်တော် ဒီမှာလဲ ကျပ်ညပ်နေတာပဲကို"

"အမယ်လေးဟယ် မသာတစ်ခေါက် ကျောင်းဆယ်ခေါက် ဆိုရိုးကြောင့်သာ အပို့လိုက်တာတော် ကောက်ညှင်းထုပ်ကို ဖြစ်ကရောပဲ"

"ဟုတ်ပါ့တော်ရေ ဒေါ်သိန်းကြည်တို့လဲနော် လေးဘီးကားကလေးတောင် မငှားနိုင်ဘူးလားမသိဘူး။ သေတဲ့သူ သေပန်းမလှထားတာအေ"

"ဪ. . . ကောင်မရယ် သူ့ခမျာ မုဆိုးမလေ။ သားလေးတစ်ယောက်ရှိတာ ကယ်ရီဆွဲရင်း အခုသေသွားပြီ။ ဒီလောက် စီစဉ်လုပ်ကိုင်ပေးနိုင်တာကိုပဲ တော်လှနေပြီ"

တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုးဆိုနေကြပါသော စကားတို့သည် ကျွန်တော့်နားထဲတွင် အဆက်မပြတ်ကြားနေရလေသည်။ ကျွန်တော်၏ ခန္ဓာဖြစ်တည်မှုသည် အခွံသက်သက်သာ ရှိနေလေတော့သည်။ တစ်နည်းဆိုရသော် ကျွန်တော်သည် သေလွန်ပြီးသော ဝိညာဉ်တစ်ခုသာ ဖြစ်နေခဲ့ပေသည်။

အမေ အမေ့ကို ကျွန်တော်တစ်ယောက်တည်း ထားခဲ့ရတော့မည်။ ခက်ခဲကျပ်တည်းလွန်းပါသော လောကအလယ်၌ အမေတစ်ယောက်တည်း ရုန်းကန်လှုပ်ရှားကျင်လည်နေရပေတော့မည်။ အသက် ၅၀ ကျော်နေပြီဖြစ်သော အမေ့အတွက် ကျွန်တော်စိတ်ပူသည်။ လုပ်ကိုင်ရှာဖွေကျွေးမွေးမည့် တစ်ဦးတည်းသော သားဖြစ်သူ ကျွန်တော်သည် မရှိတော့ပြီမို့ အမေ့စားဝတ်နေရေးအတွက် မည်သူစီမံပေးပါမည်နည်း။ ကျွန်တော်တွေးရင်း ငိုမိသည်။ အမေ့ကို လိုက်ရှာမိသည်။ အမေသည်ကား ကျွန်တော့်ခန္ဓာအဟောင်းတည်ရှိရာမှန်ခေါင်းတလားအနီးတွင် တရှုပ်ရှုပ်ငိုရှိုက်၍သာ နေလေသည်။

"ကဲ. . . သိန်းကြည်ရေ သွားကြရအောင် တော်နေကြာ သင်္ချိုင်းမှာ မသာကားတွေ စုံနေရင် ထပ်စောင့်နေရအုံးမယ် သွားရအောင်ပါအေ"

(၄)

ကျွန်တော့်ရုပ်ခန္ဓာကို နာရေးကားပေါ်သို့ သယ်ယူတင်ဆောင်လိုက်ကြသည်ကိုကြည့်ကာ အမေသည် ရင်ကွဲမတတ်ပင် ချုံးပွဲချငိုကြွေးနေလေတော့သည်။

"အမေ အမေမငိုပါနဲ့ဗျာ။ အမေပင်ပန်းပါတယ်။ မငိုပါနဲ့တော့ဗျာ။ ကျွန်တော် ဒီမှာ ရှိနေပါတယ်"

ဒူးထောက်ပုံလျက်သားဖြင့် ငိုကြွေးနေပါသော အမေ့ကို ဖက်တွယ်ဖြေသိမ့်ပေးချင်ပါသော်ငြား အမေ့ကို ထိတွေ့ကိုင်တွယ်၍ မရပေ။ အော်ဟစ်ကျယ်လောင်စွာ ပြောဆိုနေပါသော ကျွန်တော့်ငိုကြွေးသံတို့သည်လည်း အမေ့နားထဲသို့ ဝင်ရောက်နိုင်ခြင်းမရှိပါချေ။

ကျွန်တော်သည် မှန်ခေါင်းတလားအပေါ်၌ ထိုင်လျက်သာ လိုက်ပါလာခဲ့သည်။ လမ်းတစ်လျှောက် လူအများစုကိုတွေ့ရသည်။ အတော်များများသည် မှန်ခေါင်းတလားပေါ် ထိုင်နေသောကျွန်တော့်ကို သတိပြုမိကြဟန်မတူပေ။ သို့သော် အချို့သူများသည် ကျွန်တော့်ကို မြင်တွေ့နိုင်ကြသည်ထင်၏။ လက်ဝှေ့ယမ်းပြကြလေသည်။

သုသာန်ဝင်ပေါက်သို့ရောက်ရှိ၍ လာသောအခါ လူအများသည် ကျွန်တော့်ဆီသို့ ဝိုင်းအုံ၍ ပြေးတက်လာကြလေသည်။ တချို့သည် ကျွန်တော့်ကို ဆွဲယူခေါ်ငင်ကြလေသည်။ တချို့သည်ကား လက်ခုပ်လက်ဝါးတီးကာ ပျော်ရွှင်ဟန်ပြုကြလေသည်။ တချို့သည်ကား ကြောက်မက်ဖွယ်အကြည့်စူးစူးများဖြင့် ကြည့်၍နေကြလေသည်။ ကြောက်ရွံ့ထိတ်လန့်လွန်းရသည်မို့ မှန်ခေါင်းတလားထဲသို့ ဝင်ရောက်ပုန်းကွယ်နေမိသည်။ မှန်ခေါင်းတလားအပေါ်သို့ ဝိုင်းအုံတွယ်တက်ကာ ကျွန်တော့်ကိုငုံမိုး၍ ကြည့်နေကြလေသည်။

"ကဲ. . . သိန်းကြည်ရေ နင့်သားကို နောက်ဆုံးအကြိမ်ကြည့်လှည့်အုံး"

အမေသည် ကျွန်တော့်အသက်မဲ့ခန္ဓာကို ပွေ့ဆွဲငိုကြွေးလျက် ထိတွေ့ကိုင်တွယ်ပွတ်သပ်နေလေသည်။

"သားလေး သားလေးရယ် အီးဟီးဟီး"

(၅)

ကျွန်တော့်အသက်မဲ့ခန္ဓာသည် မီးတောက်မီးလျှံများဖြင့် ရဲရဲနီလျက်ရှိသော အခန်းကျဉ်းအတွင်းသို့ တွန်းပို့ခြင်းခံရလေသည်။ အလျှံအခိုးအငွေ့များကြားမှ ကျွန်တော်ရုန်းကန်ပြေးထွက်မိလိုက်သည်။ သုံးဘီးများသည် စတင်ထွက်ခွာနေကြပြီဖြစ်သည်။ ကျွန်တော်သည်လည်း အမေလိုက်ပါစီးနင်းသွားသည့် သုံးဘီးအပါးသို့ ဒရောသောပါးအပြေးနှင့်လိုက်ခဲ့သည်။ သုသာန်ဝင်ပေါက်သို့ကျော်လွန်သွားသည့်အခါ

မခံမရပ်နိုင်သည်ထိ **စာမျက်နှာ ၂၇သို့ ➤**

**➤ စာမျက်နှာ ၂၆မှအဆက်**

ပြင်းပြပူလောင်သောစပ်ဖျင်းမှုကို ခံစားရလေသည်။ ထပ်မံလိုက်ပါပြေးထွက်ရန် အားအင်တို့သည်လည်း ကုန်ဆုံးသွားလေသကဲ့သို့ အားအင်ချည့်နဲ့နေလေတော့သည်။ ထိုစဉ်ခဏ ကြည်လင်ပြတ်သားသော အသံတစ်ခုသည် ကျွန်တော့်အနီးအနားမှ တိုးကပ်၍ ပြောနေသကဲ့သို့ပင် ရှင်းလင်းစွာကြားနေရလေသည်။

"၁၃ ရက် သောကြာနေ့ ည ၇ နာရီခန့်က ဆုံးပါးကွယ်လွန်သွားပါသော တနင်္လာသား မောင်ကျော်ကြီး တို့နဲ့အတူလိုက်ခဲ့ပါ"

အသံလာရာဆီသို့ဖဟိုပြုကာ အပြေးနှင်လိုက်သည်။ သစ်ကိုင်းခြောက်ငယ်တစ်ခုကို ကိုင်ဆောင်ရွတ်ဆိုနေသော လူနှစ်ယောက်သည် ဆိုင်ကယ်ခွလျက်သားဖြင့် စက်နှိုးကာ မောင်းနှင်နေလေပြီဖြစ်သည်။ ကျွန်တော်သည်လည်း ထိုဆိုင်ကယ်အပေါ်သို့ လိုက်ပါခဲ့လိုက်သည်။ အချိန်သည်ကား မှောင်ရီပျိုးစပြုနေလေပြီဖြစ်သည်။ အိမ်ရှေ့မြေကွက်လပ်တွင် လူတချို့သည် အမိုးအကာများထိုးရန် ပြင်ဆင်နေကြလေသည်။ တချို့ကား မီးလုံးမီးအိမ်များချိတ်ဆွဲနေကြပေသည်။

"သား ငကျော် မင်းကြိုက်တတ်တဲ့ အမဲသားကြော်လေးနဲ့ ဆီ၊ ဆားလေးနယ်ပေးထားတယ်ကွယ်။ သားကြီး စားနော် အီးဟီးဟီး"

ရှိုက်ငိုသံနှင့်အတူ အမေ့အသံသည် ကျွန်တော့်နားထဲသို့ တိုးဝင်လာခဲ့လေသည်။ ကျွန်တော်သည်လည်း အမေ့အပါးသို့ ချက်ချင်းပင်ရောက်ရှိခဲ့သည်။ အမေသည်ကား ထမင်းပန်းကန်တစ်ချပ်နှင့် ရေခွက်ကလေးကို ပလတ်စတစ်ခုံအပုလေးတစ်ခုပေါ်သို့ တင်ဆောင်ကာ ငိုကြွေးလျက်သာရှိနေလေတော့သည်။

"အမေ အမေရယ် မငိုပါနဲ့ဗျာ အမေ"

ကျွန်တော်သည်လည်း အမေ့အနီးအပါးသို့ကပ်လျက် အော်ဟစ်ငိုကြွေးနေမိသည်။ လည်ချောင်းတစ်လျှောက် ခြောက်ကပ်လာသည်ထိ အော်ဟစ်မြည်တမ်းနေမိသည်။ အမေသည်ကား အိမ်အောက်သို့ဆင်း၍ သွားလေပြီဖြစ်သည်။ ထမင်းပန်းကန်ကိုကိုင်ဆောင်၍ စားဟန်ပြင်လေသောအခါ ထိတွေ့ယူငင်ခြင်းငှာ မစွမ်းသာပေ။ ပန်းကန်အတွင်းသို့ ခေါင်းငုံ့ကာ လျှာဖြင့်သပ်ယူကာ စားသုံးရလေသည်။

**(၆)**

"ဟကောင် ကျော်ကြီးရေ လုပ်ထားအုံးကွ"

"ဟေး ကျော်ကြီး ကောင်လေး"

လူအများစုသည် ကျွန်တော့်နာမည်ကို အော်ဟစ်မြည်တမ်းနေကြသည်ကို ကြားနေရသည်မို့ အသံလာရာဆီသို့ သွားရပြန်သည်။ ဖဲကစားနေကြသောသူများပင်ဖြစ်သည်။ ကစားဝိုင်းသုံးဝိုင်းရှိသည့်အနက် အသံခေါ်ရာဝိုင်းသို့ ပြေးလွှားသွားရောက်နေရသည်မှာ ပင်ပန်းလွန်းလှသည်။

"ဟေ့ကောင်တွေ နိုင်တဲ့အခါ အကောက်ကလေးတော့ ပိုပိုသာသာလေးပေးကြကွ။ ဘွားတော်ကြီးခမျာ မင်းတို့ပေးတဲ့အကောက်ကလေးနဲ့ သူ့သားရက်လည်ကို စည်ကားအောင်လုပ်ရမှာ"

"အို. . . ရော့ဗျာ တစ်ထောင်။ နိုင်လို့ကတော့ ထပ်ပေးအုံးမှာ ကျော်ကြီးရေ လုပ်ထားအုံးဟ"

ကမ်း၍ပေးသော ငွေစက္ကူကလေးများကို အမေသည် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလေသည်။ ကျွန်တော်သည်လည်း အမေ့ကို အကောက်ငွေ ပိုပိုသာသာပေးသောကစားသမားအနီးအပါးတွင်သာ အများဆုံးနေလျက်ရှိသည်။ ထိုသူသည် သူ့အနီး၌ ကျွန်တော်ရှိနေသဖြင့် ဖဲစီးသည်ဟုဆိုကာ ငွေရွှင်သကဲ့သို့ အမေသည်လည်း အကောက်ငွေပို၍ ရလေသည်။ နေ့အချိန်တွင်တော့ ကျွန်တော်သည် အိမ်အတွင်း၌သာ နေသည်။ ဟိုဟိုသည်သည် ဝေ့ဝဲလျှောက်သွားမိသည်။ အမေ့ကိုစကားများပြောသည်။ အမေ့ကို လွမ်းကြောင်း၊ ချစ်ကြောင်းများ အားပါးတရပြောနေပါသော်ငြား အမေသည် တုံ့ပြန်ခြင်းမရှိ ငိုကြွေးလျက်၊ ငေးငိုင်လျက်ပင်။

ညအခါတွင်တော့ ကစားသမားများအနီးအပါး၌သာနေသည်။ အကောက်ငွေများများပေးသူအပါးရွေးချယ်ကာနေသည်။ သို့မှသာ အမေ့အတွက် ငွေကြေးအဆင်ပြေမည်လေ။

"ငါ အိမ်ပြန်ပြီး ပိုက်ဆံသွားယူအုံးမယ်ကွာ"

"အေး ရှိတာအကုန်သာ ယူလာခဲ့ဟေ့။ ဒီညနောက်ဆုံးညကွ။ မိုးအလင်းရိုက်မှာ၊ မနက်မုန့်ဟင်းခါးစားပြီးမှပြန်မယ်"

ကစားသမားတစ်ဦးသည် အိမ်ဝင်းအပြင်သို့ ဆိုင်ကယ်ဖြင့် စီးနင်းထွက်ခွာနေသည်ကိုတွေ့ရသည်။ ကျွန်တော်သည်လည်း ကစားဝိုင်းအနီးနေရသည်မှာ ငြီးငွေ့လာသည်မို့ အပြင်သို့ လိုက်ပါထွက်ခွာရန် ပြင်လိုက်သည်။ လမ်းခရီးတစ်လျှောက်တွင် ညှိုးငယ်သောမျက်နှာထားများနှင့် လူအများကို နေရာအနှံ့ပင် တွေ့ရလေသည်။ တချို့သည်ကား ကားလမ်းမဘေးတစ်လျှောက်တွင် ငုတ်တုတ်ထိုင်လျက်၊ တချို့သည်ကား မတ်တတ်ရပ်လျက်ပင်။ အပင်အိုကြီးများအောက်တွင်လည်း တချို့သည် လဲလျောင်း၍နေကြလေသည်။ သစ်ကိုင်းသစ်ခက်များပေါ်၌ ဇောက်ထိုးတွဲလောင်းချကာ နေကြသူများလည်းရှိလေသည်။ မြင်သမျှ၊ တွေ့သမျှသည် ကျွန်တော့်အတွက် ထူးဆန်းလွန်းနေခဲ့ရသည်။

**(၇)**

"ဟာ ဟေ့လူ ရှေ့မှာ ရှေ့မှာ"

ကျွန်တော်လိုက်ပါလာသောဆိုင်ကယ်အရှေ့မှ ဖြတ်ပြေးနေကြသည်မို့ ကျွန်တော်သည် ဆိုင်ကယ်မောင်းနှင်သူကို အော်ဟစ်ပြောဆိုရပြန်သည်။ သို့သော် ထိုသူသည် သတိထားမိဟန်မတူ ဟန်မပြတ်မောင်းနှင်မြဲသာပင်။ ကားလမ်းမအလယ်ကောင်၌ ကန့်လန့်ဖြတ်၍ လဲလျောင်းအိပ်စက်နေသောသူများကို တွေ့ရပြန်သည်မို့ ကျွန်တော်သည်လည်း သိလိုဇောဖြင့် မေးမြန်းချင်မိသည်။ ဆိုင်ကယ်ပေါ်မှ ခုန်ဆင်းကာ လဲလျောင်းနေကြသောသူများအနီးသို့ အသာကပ်၍သွားလိုက်သည်။

"ဟေ့လူတွေ ခင်ဗျားတို့ ဘာလို့ ဒီလိုကြီးတွေ အိပ်နေကြတာတုံး"

အများစုသည် ကျွန်တော့်အပါးသို့ ပြုတိုးဝိုင်းအုံလာကြလေတော့သည်။

"အေး မင်းလဲနောက်ရက်ဆို ငါတို့လိုဘဝရောက်တော့မှာပါ။ အဲဒီအခါကျမှ သိလိမ့်မယ် ဟုတ်ပြီလား"

ထို့နောက် နေမြဲအတိုင်းပင် ပြန်လည်၍ လဲလျောင်းအိပ်စက်နေကြပြန်သည်။ ကျွန်တော်သည်လည်း ထိုသူများအနီးအပါးမှ ထွက်ခွာ၍ အိမ်သို့ပြန်ရန် ဦးတည်လိုက်သည်။ ထိုစဉ်ခဏ အနည်းငယ်ကြီးမားသော အပင်ကြီးအောက်မှ လူတစ်ယောက်သည် ကျွန်တော့်ကို လက်ယပ်ခေါ်နေသည်ကို တွေ့ရလေသည်။

"ဟိုးမှာ တွေ့လား"

ကားလမ်းမ၏ အစွန်းနှစ်ဖက်ဆီသို့ ဟိုမှသည် မရပ်မနားပြေးလွှားနေကြသူများကို ညွှန်ပြလေသည်။

"အဲဒီကောင်တွေ ဘာလို့ အဲဒီလိုပြေးနေကြသလဲ သိလား"

ကျွန်တော်ခေါင်းခါပြလိုက်မိသည်။

"အေး ကျွတ်ရာလွတ်ရာဘုံဘဝကို ကူးပြောင်းချင်လို့ကွ။ ကံနိမ့်တဲ့သူတွေ သူတို့ကို တိုက်မိလိုက်လို့ သေဆုံးသွားကြရင် သူတို့အတွက် အစားထိုးအလဲလှယ်လုပ်ပေးမဲ့သူ ရနိုင်တာမို့လေ"

"မင်းအခုမြင်နေရတာတွေအကုန်လုံးက နာနာဘာဝတွေပဲ။ မင်းက ဝိညာဉ်အဆင့်ပဲရှိသေးလို့ မင်းအိမ်ကိုဝင်ထွက်ခွင့်ရနေတာ။ မင်းလဲ တို့လိုဘဝမျိုးရောက်လာရင် အခုမြင်နေရတဲ့ အဲဒီကောင်တွေလိုပဲနေရမှာ"

"သွား နေခွင့်ရတုန်း အိမ်ပြန်နေချေတော့"

**(၈)**

ကျွန်တော်သည် အိမ်သို့ပြန်လည်၍ရောက်ရှိလာခဲ့သည်။ ကစားဝိုင်းသည်လည်း တိတ်ဆိတ်ငြိမ်သက်၍နေလေပြီဖြစ်သည်။ မီးဖိုဘေး၌ ချက်ပြုတ်ပြင်ဆင်နေကြသူအနည်းငယ်သာ လှုပ်ရှားမှုရှိလေသည်။ အမေသည်ကား ကျွန်တော့်အတွက် ပြင်ဆင်ထားပေးသောအိပ်ရာပုံဘေး၌ ကွေးကွေးလေးအိပ်ပျော်၍နေလေသည်။

နံနက်အရုဏ်ဦးမိုးသောက်ချိန်သို့ ရောက်လေပြီဖြစ်သည်။ သံဃာငါးပါး၏ တရားစာရွတ်ဖတ်ပူဇော်သံသည် ပြင်းထန်ပူလောင်လွန်းလှသည်မို့ ကျွန်တော်အိမ်အပြင်ဘက်သို့ ပြေးထွက်နေရလေသည်။

"လွန်လေပြီးသည့် ၁၃ရက် သောကြာနေ့ ည ၇ နာရီခန့်က ဆုံးပါးကွယ်လွန်သွားပါသော တနင်္လာသား မောင်ကျော်ကြီးနှင့်တကွ ဝေနေယျသတ္တဝါအားလုံး ကုသိုလ် အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့"

"သာဓု သာဓု သာဓု"

ဧည့်ပရိသတ်များ၏ သာဓုခေါ်ဆိုသံနှင့်အတူ ကျွန်တော်သည်လည်း လိုက်ပါခေါ်ဆိုမိသည်။ ထို့နောက် လူအများသည် တိုး၍ တိုး၍ ရောက်ရှိလာကြလေကုန်သည်။

"မုန့်ဟင်းခါးလေး ကောင်းလိုက်တာ ဘယ်သူချက်တာတုံးတော့"

"စားကောင်းတာနောက်ထား ညည်းအကူငွေဘယ်လောက်ထည့်ခဲ့တုံး"

"အိုတော် တစ်ထောင်ပေါ့။ ဘယ်လောက်များထည့်ရမှာမို့တုံး။ လမ်းထိပ်က မုန့်ဟင်းခါးတောင် တစ်ပွဲမှ ငါးရာရှိသာ ငါးဖယ်တောင်ပါသေး"

လူအမျိုးမျိုးတို့၏ စကားသံများသည် တီးတိုးစကားဆိုနေကြသော်လည်း ကျွန်တော့်နားထဲတွင် ရှင်းလင်းစွာကြားနေရလေသည်။

"ကဲ. . . ကျော်ကြီးရေ တို့နဲ့ပြန်လိုက်ခဲ့တော့ဟ"

ကျွန်တော့်ကို အိမ်သို့ခေါ်လာသော လူနှစ်ယောက်ပင်ဖြစ်သည်။ သစ်ကိုင်းတိုလေးကိုကိုင်ဆောင်ကာ ဆိုင်ကယ်စက်နှိုးထားလျက်ဖြင့် ကျွန်တော့်နာမည်ကို ခေါ်ဆိုနေပြန်သည်။ လိုက်ပါလိုစိတ်အလျင်းမရှိပါသော်ငြား အလိုအလျောက်ပင် ထိုသူနှစ်ဦးအပါးသို့ ရောက်ရှိခဲ့လေသည်။ လမ်းခရီးတစ်လျှောက်တွင် ကျွန်တော်သည် ယခင်အချိန်များကဲ့သို့ လွတ်လပ်ပေါ့ပါးခြင်းမရှိ။ လေးလံထိုင်းမှိုင်းလွန်းနေရသည်။ သုသာန်ဝင်ပေါက်သို့ပင် ရောက်ရှိ၍ လာခဲ့ပြီဖြစ်သည်။

**(၉)**

"ကဲ. . . ကျော်ကြီးရေ မင်းနေရာက ဒီမှာပဲ နေရစ်ခဲ့တော့ကွာ"

ထိုသူနှစ်ဦးသည် ကိုင်ဆောင်ထားသော သစ်ကိုင်းခြောက်ကလေးကို သုသာန်အတွင်းသို့ ပစ်ချထားခဲ့ကာ မောင်းနှင်ထွက်သွားကြလေတော့သည်။ ကျွန်တော်သည် ထိုသူနှစ်ဦးစီးနင်းသွားရာဆိုင်ကယ်နောက်သို့ အပြေးလိုက်မိသည်။ သို့သော် သုသာန်ဝင်ပေါက်အကျော်သို့ ခြေတစ်လှမ်းမျှ ချမိရုံရှိသေးသည် ပြင်းစွာသောအပူမီးသည် တောက်လောင်၍ လာလေသည်။ ခြေလှမ်းတို့ကို ပြန်လည်ရုပ်သိမ်းကာ အရှိန်အဟုန်ဖြင့် မောင်းနှင်သွားကြပြီဖြစ်သော ထိုသူနှစ်ဦး၏ မှုန်ပျပျကျောပြင်ကိုသာ ငေးမောကြည့်ရှုကာ နေရလေတော့သည်။

## သာယာအေးစေ တို့ဌာနေ

\- အဖိုးတန် မြန်မာအလှနဲ့
သဘာဝ တောတောင်စုံ၊
ရွှေအိုရောင် တိမ်ပန်းချီများက
ထူးခြားလှပုံ၊
မြစ်မင်းတို့ပျော်ရာဘုံ
ရာသီကုန်အလှကြူး၊
ဘယ်ပန်းချီတုကာရေးလည်း
ဆေးမမီဘူး။

\- ရိုးရာအမွေ အလှူမပျက်လို့
ကုသိုလ်ဆက် နတ်ပြည်မျှော်၊
သံဃာတော် ဂုဏ်ရည်မှန်းကာ
လှူဒါန်းလို့ပျော်၊
ထူးပါပေ့အခါတော်
ဇမ္ဗူကျော် ပြိုင်စံရှား၊
ပြည်မြန်မာ တောင်ကျွန်းက
ထွန်းတဲ့လူများ။

\- မြတ်စေတီပေါ်ကြွယ်လှသမို့
ဖူးမြော်ကြ နယ်တကာ၊
အလည်လာ တစ်မြေခြားတို့
များလှစုံစွာ၊
မက်မောကြပြည်မြန်မာ
ကြည်နူးကာ ရှုမဆုံး၊
မင်္ဂလာနှုတ်ဆက်တေးရယ်နဲ့
နွေးတဲ့အပြုံး။

\- အညာမြေ တစ်ခေါက်လှမ်းလို့
ကြည့်စမ်းအုံးမြင်စေချင်၊
ယာတစ်ခွင် ထွန်ယက်ပျိုး
ပြည့်ဖြိုးစုံလင်၊
အညာအလှပီပီပြင်
ထနောင်းပင် စီကာတန်း၊
ဘေးဝဲယာ တမာရိပ်နဲ့
ချွေးသိပ်မဲ့လမ်း။

\- ရှုမျှော်ကာ ဘယ်မဆုံးပဲ့
အလှဆုံးတောင်တန်းမြေ၊
အေးချမ်းနေ တိုင်းရင်းသားတို့
များပြားစုဝေ၊
ချယ်ရီပန်းတို့ပွင့်ကာလေ
တို့မြန်ပြည်ဘယာဝေး၊
သွေးစည်းစေ လမ်းညွှန်ပြလို့
ချမ်းမြမြအေး။ ။

**သာလွန်(နတ်မောက်)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ရေနံနှင့် ရေနံထွက်ပစ္စည်းသိုလှောင်ခွင့် လုပ်ငန်းလိုင်စင်များ သက်တမ်းတိုးမြှင့်မှုကို နိုဝင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အတွင်း လျှောက်ထားရမည်



**နေပြည်တော် အောက်တိုဘာ ၂၀**

ရေနံနှင့် ရေနံထွက်ပစ္စည်း သိုလှောင်ခွင့် လုပ်ငန်းလိုင်စင်များ သက်တမ်းတိုးမြှင့်မှုကို နိုဝင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ အတွင်း လျှောက်ထားရမည်ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ သတ္တုတွင်းဦးစီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်း သိုလှောင်ခွင့်လုပ်ငန်းလိုင်စင်များကို သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခွင့်ပြုထုတ်ပေးလျက်ရှိကြောင်း၊ ထိုသို့ခွင့်ပြုထုတ်ပေးထားသည့် ရေနံနှင့်ရေနံထွက်ပစ္စည်းသိုလှောင်ခွင့်လုပ်ငန်းလိုင်စင်များသည် ယခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းလိုင်စင်များသည် ရေနံနည်းဥပဒေ ၁၁၉ အရ သက်တမ်းကုန်ဆုံးသော နေ့ရက်မတိုင်မီ နှစ်လကြိုတင်၍သက်တမ်းတိုးမြှင့် လျှောက်ထားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရေနံနှင့်ရေနံထွက်ပစ္စည်း သိုလှောင်ခွင့်လုပ်ငန်းလိုင်စင်များ သက်တမ်းတိုးမြှင့်မှုကို ယခုနှစ် နိုဝင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အတွင်း လျှောက်ထားကြရမည်ဖြစ်ကြောင်း သိရသည်။

၎င်းလုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်လျှောက်ထားမှုကို သတ်မှတ်ကာလအတွင်း ဆောင်ရွက်ရန်ပျက်ကွက်လျှင် ရက်လွန်ဒဏ်ကြေးအဖြစ် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ တစ်ရက်လျှင် သိုလှောင်ခွင့်လိုင်စင်ကြေး၏ နှစ်ရာခိုင်နှုန်း ပေးဆောင်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့် လျှောက်ထားရာတွင် သက်တမ်းတိုးလျှောက်လွှာ၊ သတ္တုတွင်းဦးစီးဌာနက ထုတ်ပေးထားသော သိုလှောင်ခွင့်လိုင်စင်မူရင်း၊ သတ္တုတွင်းဦးစီးဌာနက နောက်ဆုံး ကွင်းဆင်းစစ်ဆေးခဲ့သည့် ကွင်းဆင်းစစ်ဆေးချက်မှတ်တမ်းမိတ္တူ၊ စက်သုံးဆီအရောင်းဆိုင်နှင့်သိုလှောင်ကန်၊ သိုလှောင်ရုံများ၏ လက်ရှိအခြေအနေအတိုင်း ရိုက်ကူးထားသည့် မှတ်တမ်းဓာတ်ပုံများကို ပူးတွဲတင်ပြလျှောက်ထားရမည်ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

SKL

# ကျောက်ပန်းတောင်းမြို့နယ် ကန်ရဲကျေးရွာ၌ ရေပေးရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ကျောက်ပန်းတောင်း အောက်တိုဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆုံရွာကျေးရွာအုပ်စု ကန်ရဲကျေးရွာတွင် ကျေးလက်ရေပေးရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ကန်ရဲကျေးရွာ၌ ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်အချိန်ပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ကျောက်ပန်းတောင်းမြို့နယ် ကန်ရဲကျေးရွာ၌ သောက်သုံးရေ ဖူလုံစွာရရှိစေရေးအတွက် အကျယ်လေးလက်မ၊ အနက်ပေ ၇၀၀ ခန့်ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့်ရှစ်ပေ ရေစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၃၈ ဒသမ ၀၈ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးက တာဝန်ယူ၍ ဩဂုတ် ၁၂ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၆ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကန်ရဲကျေးရွာရှိ အိမ်ခြေ ၆၃ အိမ်မှ လူဦးရေ ၃၁၅ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် လာမည့်နွေကာလတွင် သောက်သုံးရေ အခက်အခဲများ အဆင်ပြေသွားမည်ဖြစ်ကြောင်း ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

**ကိုဖြည်**

# စနေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေထဲက ထိပ်တိုက်တွေ့ဆုံမှုမှာ အသာရထားတဲ့ ချဲလ်ဆီး၊ အင်တာမီလန်၊ ဗလင်စီယာအသင်းတို့ကို ရွေးချယ်ရမှာပါ

M L



ဥရောပအမှတ်ပေးပြိုင်ပွဲတွေဟာ ပွဲစဉ်(၁၀)ကျော်လာတာကြောင့် အသင်းတိုင်းက ကစားကွက်ပိုင်းအထိုင်ကျလာသလို ဘောလုံးပိုင်ဆိုင်မှု အသာပေးကစားလာကြတာကို တွေ့ရမှာပါ။ ကြားရက်မှာတော့ ပရီးမီးယားလိဂ်၊ လာလီဂါတို့က အမှတ်ပေးပွဲစဉ်တွေ ကစားခဲ့ပြီး ဂျာမန်ဘွန်ဒက်လီဂါနဲ့ စီးရီးအေကတော့ ပြည်တွင်းဖလားပြိုင်ပွဲတွေကို ကစားခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် အသင်းအများစုဟာ ပွဲပန်းမှုရှိနိုင်တာကြောင့် လာမဲ့ပွဲစဉ်တွေမှာ အလှည့်ကျကစားသမားအသုံးပြုမှုတွေနဲ့ ဂိုးသွင်းနှုန်းတွေ ကျဆင်းသွားမှာပါ။ အဲဒီထဲက စနေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေမှာတော့ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေနဲ့ အိမ်ကွင်းနိုင်ပွဲရှာရမဲ့အသင်းတွေကိုပဲ ရွေးချယ်သွားမှာပါ။

## ချဲလ်ဆီးအသင်းနဲ့လက်တွဲရမှာပါ

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ချဲလ်ဆီးအသင်းနဲ့ မန်ယူအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ နောက်ဆုံးထိပ်တိုက်တွေ့ဆုံမှု လေးကြိမ်မှာ သရေရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ လက်ရှိနည်းပြအပြောင်းအလဲပြုလုပ်ပြီးနောက်ပိုင်း ချဲလ်ဆီးအသင်းက ခြေစွမ်းပိုင်းထက်မြက်နေတာဖြစ်ပါတယ်။ ဒါ့ပြင် သူတို့အသင်းနည်းပြ ဂရာဟမ်ပေါ်တာဟာ ဘရိုက်တန်အသင်းကို တာဝန်ယူစဉ်ကတည်းက မန်ယူအသင်းနဲ့ဆိုရင် နိုင်ပွဲရအောင် စွမ်းဆောင်ထားနိုင်တာကို သတိပြုရမှာပါ။ လက်ရှိမှာလဲ ချဲလ်ဆီးအသင်းဟာ နည်းပြဂရာဟမ်ပေါ်တာ လက်ထက်မှာ သရေတစ်ပွဲပဲရှိထားပြီး ကျန်ပွဲစဉ်အားလုံးနိုင်ပွဲရရှိထားတာကို တွေ့ရမှာပါ။ ဒါ့ပြင် ပုံစံကောင်းရရှိနေတဲ့ ချဲလ်ဆီးအသင်းဟာ ပရီးမီးယားလိဂ် ၁၀ ပွဲအပြီးမှာ ခြောက်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်နဲ့ ရမှတ် ၂၀ ရရှိခဲ့ပြီး အမှတ်ပေးဇယားအဆင့်(၄) မှာ ရောက်ရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းထက်မြက်လာတဲ့အပြင် ခံစစ်ပိုင်းကလဲ နောက်ဆုံးငါးပွဲမှာ ပေးဂိုးတစ်ဂိုးပဲရှိခဲ့တာကို သတိပြုရမှာပါ။ အခုပွဲစဉ်မှာ ကန့်တီ၊ ရီစီဂျိမ်း၊ ဖိုဖန်နာတို့ မပါနိုင်ပေမဲ့ ချဲလ်ဆီးအသင်းကစားအားကျဆင်းသွားမှာမဟုတ်ပါဘူး။

မန်ယူအသင်းဟာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိပေမဲ့ နောက်ဆုံးငါးပွဲမှာ လေးပွဲနိုင်၊ တစ်ပွဲသရေ ရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့နယူးကာဆယ်အသင်းနဲ့ ပွဲစဉ်မှာ ဖိအားပေးကစားနိုင်ပေမဲ့ ထိရောက်တဲ့ဂိုးပေါက်ခြိမ်းခြောက်မှုကိုတော့ နယူးကာဆယ်အသင်းကလုပ်နိုင်ခဲ့တာကို တွေ့ရမှာပါ။ မန်ယူအသင်းဟာ အခုရာသီမှာ အသင်းကြီးတွေကို အိမ်ကွင်းမှာ ညှိခံခဲ့တဲ့ပွဲစဉ်တွေမှာ ရှုံးပွဲမရှိခဲ့ပေမဲ့ အဝေးကွင်းမှာတော့ မန်စီးတီးအသင်းကို ခြောက်ဂိုး သုံးဂိုးနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ လက်ရှိနည်းပြသစ် တန်ဟတ်အနေနဲ့လဲ အပြောင်းအရွှေ့မှာ ကစားသမား အများအပြားခေါ်ယူခဲ့ပေမဲ့ ကစားပုံတိုးတက်အောင် စွမ်းဆောင်နိုင်ခြင်းမရှိသေးပါဘူး။ နည်းပြတန်ဟတ်ရဲ့ကစားပုံဟာ အဝေးကွင်းပွဲစဉ်တွေမှာ ခံစစ်အားပြုကစားပြီး တန်ပြန်တိုက်စစ်ကနေ နိုင်ပွဲရဖို့ကြိုးစားပေမဲ့ တိုက်စစ်ပိုင်းကောင်းတဲ့အသင်းတွေနဲ့ဆို ဦးဆောင်ဂိုးတွေ ခွင့်ပြုလိုက်ရပြီး ဖိအားအောက်ကကစားခဲ့ရလို့ ရလဒ်တွေ ဆိုးရွားခဲ့တာကို သတိပြုရမှာပါ။ အခုပွဲစဉ်မှာလဲ ခြေစွမ်းပိုင်းတည်ငြိမ်နေတဲ့ ချဲလ်ဆီးအသင်းကို အဝေးကွင်းသွားရောက်ယှဉ်ပြိုင်ရမှာဖြစ်သလို တွေ့ဆုံမှုအစဉ်အလာမှာလဲ နောက်ဆုံးငါးပွဲမှာ နိုင်ပွဲမရခဲ့ပါဘူး။ ဒါကြောင့် နိုင်ပွဲဆက်မှုကို ဆက်လက်ထိန်းသိမ်းမဲ့ အိမ်ရှင်ချဲလ်ဆီးအသင်းနဲ့ပဲ လက်တွဲရမှာပါ။

### ချဲလ်ဆီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ချဲလ်ဆီး | ၃ | - | ၀ | အေစီမီလန် |
| ချဲလ်ဆီး | ၃ | - | ၀ | ဝုဝ် |
| အေစီမီလန် | ၀ | - | ၂ | ချဲလ်ဆီး |
| အေဗီလာ | ၀ | - | ၂ | ချဲလ်ဆီး |
| ဘရန့်ဖို့ဒ် | ၀ | - | ၀ | ချဲလ်ဆီး |

### မန်ယူအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| နီကိုရှား | ၂ | - | ၃ | မန်ယူ |
| အဲဗာတန် | ၁ | - | ၂ | မန်ယူ |
| မန်ယူ | ၁ | - | ၀ | နီကိုရှား |
| မန်ယူ | ၀ | - | ၀ | နယူးကာဆယ် |
| မန်ယူ | ၂ | - | ၀ | စပါး |

## အင်တာမီလန်အသင်း ရလဒ်ကောင်းမှာပါ

စနေနေ့ညမှာကစားမဲ့စီးရီးအေပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတာကတော့ ဖီအိုရင်တီးနားနဲ့ အင်တာမီလန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဖီအိုရင်တီးနားအသင်းဟာ ခြေစွမ်းပိုင်းအတက်အကျ မြန်နေတာကြောင့် စီးရီးအေ ၁၀ ပွဲအပြီးမှာ နှစ်ပွဲနိုင်၊ လေးပွဲသရေ၊ လေးပွဲရှုံးရလဒ်နဲ့ ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းအနိုင်ရခဲ့တာကလဲ အိမ်ကွင်းပွဲစဉ်မှာ ခရီမိုနန်စီ၊ ဗီရိုနာတို့ကိုပဲ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ကစားသမားစုဖွဲ့မှုကောင်းတဲ့ ဂျူဗင်တပ်၊ နာပိုလီတို့ သရေရလဒ်ကစားနိုင်ခဲ့ပေမဲ့ လာဇီယိုအသင်းကိုတော့ အိမ်ကွင်းမှာ လေးဂိုးပြတ်ရှုံးနိမ့်ခဲ့တာကို သတိပြုရမှာပါ။ သူတို့အသင်းနည်းပြ အီတာလီယာနိုရဲ့ ကစားကွက်အခင်းအကျင်းဟာ တိုက်စစ်ပိုင်းထက်မြက်တဲ့ အသင်းတွေကိုတော့ ဟန့်တားနိုင်ခြင်းမရှိဘဲ ပေးဂိုးတွေများနေတာကြောင့် လက်ရှိခြေစွမ်းပိုင်းတည်ငြိမ်မှုရှိလာတဲ့ အင်တာမီလန်ရဲ့တိုက်စစ်ကိုလဲ ထိန်းချုပ်ဖို့မဖြစ်နိုင်ပါဘူး။ လက်ရှိ သူတို့အသင်းတိုက်စစ်ကိုတော့ ကာအမီက ဦးဆောင်နေပြီး သွင်းဂိုးနှစ်ဂိုးနဲ့ ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်နိုင်ခဲ့တာကို တွေ့ရမှာပါ။

အင်တာမီလန်အသင်းဟာ ရာသီအစပိုင်းမှာ ရုန်းကန်ခဲ့ရပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းတည်ငြိမ်လာတာကြောင့် ပြီးခဲ့တဲ့ငါးပွဲမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ် ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ငါးပွဲမှာ ခြေစွမ်းပိုင်းကောင်းတဲ့အသင်းတွေနဲ့ တွေ့ဆုံခဲ့ပေမဲ့ ကွင်းလယ်ကစားသမားတွေနဲ့ တိုက်စစ်မှူးတွေ ဂိုးသွင်းအားကောင်းလာတာကြောင့် နိုင်ပွဲတွေရရှိခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ရိုးမားကို ရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်း ဘာစီလိုနာ၊ ဆက်ဆူအိုလိုတို့လို အသင်းကြီးတွေကို ရှုံးပွဲမရှိကစားခဲ့တဲ့ ခြေစွမ်းပိုင်းက အားရစရာပါ။ သူတို့အသင်းအနေနဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ နောက်တစ်ဆင့်တက်ရောက်ဖို့ သေချာနေတာကြောင့် အခုပွဲစဉ်ဟာ ချန်ပီယံဆုအတွက် ရမှတ်စုဆောင်းရမှာဖြစ်လို့ အဓိကကစားသမားအစုံအလင်နဲ့ ပွဲထွက်လာမှာသေချာပါတယ်။ အခုပွဲစဉ်မှာလဲ ကွင်းလယ်ကစားပုံကောင်းတဲ့ အင်တာမီလန်အသင်းကို ဖီအိုရင်တီးနားအသင်း မထိန်းချုပ်နိုင်ရင် ပေးဂိုးတွေများသွားနိုင်ပြီး ဂိုးပြတ်ရှုံးနိမ့်သွားနိုင်ပါတယ်။ ဒါ့ပြင် အင်တာမီလန်အသင်းဟာ ဖီအိုရင်တီးနားကို အဝေးကွင်းမှာ ကစားခဲ့တဲ့ပွဲစဉ်တွေမှာ အသာရလေ့ရှိတာကြောင့် ခြေစွမ်းပိုင်းကောင်းနေတဲ့ အင်တာမီလန်အသင်းပဲ ရလဒ်ကောင်းမှာပါ။

### ဖီအိုရင်တီးနားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အတ္တလန္တာ | ၁ | - | ၀ | ဖီအိုရင်တီးနား |
| ဟက် | ၀ | - | ၃ | ဖီအိုရင်တီးနား |
| ဖီအိုရင်တီးနား | ၀ | - | ၄ | လာဇီယို |
| ဖီအိုရင်တီးနား | ၅ | - | ၁ | ဟက် |
| လက်ချီ | ၁ | - | ၁ | ဖီအိုရင်တီးနား |

### အင်တာမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အင်တာမီလန် | ၁ | - | ၂ | ရိုးမား |
| အင်တာမီလန် | ၁ | - | ၀ | ဘာစီလိုနာ |
| ဆက်ဆူအိုလို | ၁ | - | ၂ | အင်တာမီလန် |
| ဘာစီလိုနာ | ၃ | - | ၃ | အင်တာမီလန် |
| အင်တာမီလန် | ၂ | - | ၀ | ဆလာနီတာနာ |

## ဗလင်စီယာအသင်းကို ရွေးချယ်ရမှာပါ

စနေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတာကတော့ ဗလင်စီယာအသင်းနဲ့ မာယော့ကာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဗလင်စီယာအသင်းဟာ ကစားပုံကောင်းလာပေမဲ့ တိုက်စစ်မှူးတွေက အခွင့်အရေးတွေကို အသုံးမချနိုင်ခဲ့လို့ ပြီးခဲ့တဲ့နှစ်ပွဲဆက်မှာ သရေရလဒ်ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ ဗလင်စီယာအသင်းဟာ နည်းပြ ဂတ်တူဆို တာဝန်ယူပြီးနောက်ပိုင်း ခြေစွမ်းပိုင်းတိုးတက်လာပေမဲ့ သရေရလဒ်တွေများနေတာကြောင့် ရမှတ်ဆုံးရှုံးမှုတွေရှိခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းတိုက်စစ်ပိုင်းကို ကာဗာနီ၊ ကလိုက်ဘက်၊ လီနိုတို့ ဦးဆောင်နေပြီး ကာဗာနီက နောက်ဆုံးနှစ်ပွဲမှာ သွင်းဂိုး သုံးဂိုးထိ ခြေစွမ်းပြ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် သူတို့အသင်းတိုက်စစ်ဟာ ပြီးခဲ့တဲ့ငါးပွဲမှာ ငါးပွဲစလုံးဂိုးရရှိခဲ့ပြီး သွင်းဂိုး ၁၀ ဂိုးထိသွင်းယူနိုင်ခဲ့တာကို သတိပြုရမှာပါ။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တဲ့ငါးပွဲမှာလဲ ဗလင်စီယာက သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်နဲ့ အသာရခဲ့တာကို တွေ့ရမှာပါ။

မာယော့ကာအသင်းဟာ အဓိက ကစားသမားဖြည့်တင်းမှုမပြုလုပ်နိုင်ခဲ့သလို ကစားသမားစုဖွဲ့မှု အားနည်းချက်ကြောင့်လဲ ၁၀ ပွဲအပြီးမှာ နှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ ငါးပွဲရှုံးနဲ့ ရမှတ်ကိုးမှတ်ပဲ ရရှိခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ နောက်ဆုံးကစားခဲ့တဲ့ပြိုင်ပွဲစုံ ငါးပွဲမှာလဲ တစ်ပွဲပဲ အနိုင်ရခဲ့ပြီး ခံစစ်ပိုင်းက ပေးဂိုးလေးဂိုးထိရှိခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းနည်းပြ အဂွီရီကတော့ အသင်းကြီးတွေနဲ့ဆို ခံစစ်အသားပေးကစားပေမဲ့ ဒုတိယပိုင်းရောက်ရင် ကစားအားကျဆင်းသွားတာကြောင့် ဂိုးပေးလိုက်ရပြီး ကျဉ်းမြောင်းတဲ့ ရလဒ်တွေနဲ့ရှုံးနိမ့်သွားခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ ကစားသမားသုံးယောက် ဒဏ်ရာကြောင့် မပါဝင်နိုင်တာကလွဲရင် ကျန်ကစားသမားအားလုံးပါဝင်ကစားနိုင်မှာဖြစ်ပေမဲ့ ဗလင်စီယာလို အိမ်ကွင်းကစားပုံတည်ငြိမ်တဲ့အသင်းကို အနိုင်ရဖို့ထက် မရှုံးနိမ့်ရေးကိုသာ အဓိကကစားရမှာပါ။ ဒါ့ပြင် ဗလင်စီယာအသင်းရဲ့ ကာဗာနီ၊ ကလိုက်ဘက်၊ လီနိုတို့တိုက်စစ်အတွဲကို ပွဲချိန်ပြည့် မထိန်းချုပ်နိုင်ရင်တော့ ပေးဂိုးတွေများသွားမှာပါ။ ဒါကြောင့် အိမ်ကွင်းမှာ နိုင်ပွဲရှာဖို့ကြိုးစားလာမဲ့ ဗလင်စီယာအသင်းကိုပဲရွေးချယ်ရမှာပါ။

### ဗလင်စီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဗလင်စီယာ | ၃ | - | ၀ | ဆယ်တာဗီဂို |
| အက်စ်ပန်ညို | ၂ | - | ၂ | ဗလင်စီယာ |
| အိုဆာဆူနာ | ၁ | - | ၂ | ဗလင်စီယာ |
| ဗလင်စီယာ | ၂ | - | ၂ | အယ်ချီ |
| ဆီဗီလာ | ၁ | - | ၁ | ဗလင်စီယာ |

### မာယော့ကာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မာယော့ကာ | ၁ | - | ၀ | အယ်မာရီယာ |
| မာယော့ကာ | ၀ | - | ၁ | ဘာစီလိုနာ |
| အယ်ချီ | ၁ | - | ၁ | မာယော့ကာ |
| မာယော့ကာ | ၀ | - | ၁ | ဆီဗီလာ |
| ဆိုစီဒက် | ၁ | - | ၀ | မာယော့ကာ |

## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
## (လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန)
## သင်တန်းလျှောက်လွှာများခေါ်ယူခြင်း

| | | |
|---|---|---|
| ၁ | **သင်တန်းအမည်** | **Diploma in English Course No. 61 (Basic Level)** |
| | ပညာအရည်အချင်း | တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီးသူ ဖြစ်ရမည်။ |
| | ပုံစံစစ်ရန် နှင့် ဝင်ခွင့်စာမေးပွဲ ကြေးပေးသွင်းရမည့်ရက် | (၂၅-၁၀-၂၀၂၂)ရက်နေ့ မှ (၂၂-၁၁-၂၀၂၂)ရက်နေ့ အထိ |
| | ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမည့်ရက် | ၂၆-၁၁-၂၀၂၂ရက် (စနေနေ့) နံနက် (၉:၀၀ မှ ၁၁:၀၀) နာရီအထိ ဝင်ခွင့်ဖြေဆိုရမည်။ |
| | သင်တန်းစတင်မည့်နေ့ | (၁၇-၁၂-၂၀၂၂) စနေ၊ တနင်္ဂနွေ နံနက် (၉:၀၀ မှ ၁၂:၀၀) နာရီ အထိ |
| | သင်တန်းကြေး | ၃ လအတွက် (၃၀၀၀၀/-)(ကျပ်သုံးသောင်းတိတိ) (တစ်ကြိမ်တည်းပေးသွင်းရပါမည်) |
| ၂ | **သင်တန်းအမည်** | **Postgraduate Diploma in English Course No.57 (Basic Level)** |
| | ပညာအရည်အချင်း | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ဒီဂရီရပြီးသူ ဖြစ်ရမည်။ |
| | ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမည့်ရက် | ၂၆-၁၁-၂၀၂၂ရက် (စနေနေ့) နံနက် (၉:၀၀ မှ ၁၁:၀၀) နာရီအထိ ဝင်ခွင့်ဖြေဆိုရမည်။ |
| | သင်တန်းစတင်မည့်နေ့ | (၁၇-၁၂-၂၀၂၂) စနေ၊ တနင်္ဂနွေ မွန်းလွဲ (၁:၀၀ မှ ၄:၀၀) နာရီ အထိ |
| | သင်တန်းကြေး | ၃ လအတွက် (၃၀၀၀၀/-)(ကျပ်သုံးသောင်းတိတိ) (တစ်ကြိမ်တည်းပေးသွင်းရပါမည်) |
| ၃ | **သင်တန်းအမည်** | **ကွန်ပျူတာ Advanced Excel သင်တန်း အမှတ်စဉ်(၂)** |
| | ပညာအရည်အချင်း | ကွန်ပျူတာအခြေခံသင်တန်းဆင်းအောင်လက်မှတ်ရရှိပြီးသူ |
| | သင်တန်းစတင်မည့်နေ့ | (၁၇-၁၂-၂၀၂၂)စနေ၊တနင်္ဂနွေ နံနက်(၉:၀၀ နာရီမှ၁၂:၀၀)နာရီအထိ |
| | သင်တန်းကြေး | ၃ လအတွက် (၃၀၀၀၀/-)(ကျပ်သုံးသောင်းတိတိ) (တစ်ကြိမ်တည်းပေးသွင်းရပါမည်) |
| ၄ | **သင်တန်းအမည်** | **ကွန်ပျူတာသင်တန်းအခြေခံအမှတ်စဉ်(၁၁၀)** |
| | ပညာအရည်အချင်း | အခြေခံပညာအလယ်တန်းအဆင့် |
| | သင်တန်းစတင်မည့်နေ့ | (၁၇-၁၂-၂၀၂၂)စနေ၊တနင်္ဂနွေ နံနက်(၉:၀၀ နာရီမှ၁၂:၀၀)နာရီအထိ |
| | သင်တန်းကြေး | ၃ လအတွက် (၃၀၀၀၀/-)(ကျပ်သုံးသောင်းတိတိ) (တစ်ကြိမ်တည်းပေးသွင်းရပါမည်) |
| ၅ | **သင်တန်းအမည်** | **ကွန်ပျူတာသင်တန်းအဆင့်မြင့်အမှတ်စဉ်(၉၅)** |
| | ပညာအရည်အချင်း | ကွန်ပျူတာအခြေခံသင်တန်းဆင်းအောင်လက်မှတ်ရရှိပြီးသူ |
| | သင်တန်းစတင်မည့်နေ့ | (၁၇-၁၂-၂၀၂၂)စနေ၊တနင်္ဂနွေ နံနက်(၉:၀၀ နာရီမှ၁၂:၀၀)နာရီအထိ |
| | သင်တန်းကြေး | ၃ လအတွက် (၃၀၀၀၀/-)(ကျပ်သုံးသောင်းတိတိ) (တစ်ကြိမ်တည်းပေးသွင်းရပါမည်) |
| ၆ | **သင်တန်းအမည်** | **English Language Proficiency Course No.44** |
| | ပညာအရည်အချင်း | တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်ပြီးသူ ဖြစ်ရမည်။ |
| | သင်တန်းစတင်မည့်နေ့ | (၁၇-၁၂-၂၀၂၂)စနေ၊ တနင်္ဂနွေ နံနက် (၉:၀၀ မှ ၁၂:၀၀) နာရီ အထိ |
| | သင်တန်းကြေး | ၃ လအတွက် (၃၀၀၀၀/-)(ကျပ်သုံးသောင်းတိတိ) (တစ်ကြိမ်တည်းပေးသွင်းရပါမည်) |
| ၇ | **သင်တန်းအမည်** | ပြင်သစ်၊ ဂျာမန်၊ ကိုရီးယားနှင့်ရုရှားဘာသာစကား ကျွမ်းကျင်မှုသင်တန်း **Basic Level-I, No.56** |
| | ပညာအရည်အချင်း | တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်ပြီးသူ ဖြစ်ရမည်။ |
| | သင်တန်းစတင်မည့်နေ့ | (၁၇-၁၂-၂၀၂၂) စနေ၊ တနင်္ဂနွေ နံနက် (၉:၀၀ မှ ၁၂:၀၀) နာရီ အထိ |
| | သင်တန်းကြေး | ၆ လအတွက် (၆၀၀၀၀/-(ကျပ်ခြောက်သောင်းတိတိ) (တစ်ကြိမ်တည်းပေးသွင်းရပါမည်) |

Postgraduate Diploma in English Course & Diploma in English Course သင်တန်းများအတွက် ဝင်ခွင့်လျှောက်လွှာများကို (၂၅-၁၀-၂၀၂၂)ရက်နေ့မှ (၂၂-၁၁-၂၀၂၂)ရက်နေ့အထိလည်းကောင်း၊ English Language Proficiency Course၊ ကွန်ပျူတာ Advanced Excel သင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်း၊ ကွန်ပျူတာအဆင့်မြင့်သင်တန်းနှင့် ဘာသာစကားကျွမ်းကျင်မှုသင်တန်းများအတွက် လျှောက်လွှာများကို (၂၅-၁၀-၂၀၂၂)ရက်နေ့မှ (၁၄-၁၂-၂၀၂၂)ရက်နေ့အထိလည်းကောင်း ရုံးချိန်အတွင်း လာရောက်လျှောက်ထားရမည်ဖြစ်သည်။ (ပညာအရည်အချင်းအတွက် အောင်လက်မှတ်(သို့)ဘွဲ့ရလက်မှတ်မိတ္တူကို မူရင်းနှင့်အတူ ပူးတွဲတင်ပြရမည်ဖြစ်ပြီး ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ(၄)ပုံ ယူဆောင်လာရမည်ဖြစ်သည်။) တီရှပ် (သို့) စပို့ရှပ်ဖြင့် ရိုက်ကူးထားသော ဓာတ်ပုံများကို လုံးဝ (လုံးဝ) လက်ခံမည်မဟုတ်ပါ။

**စုံစမ်းမေးမြန်းရန် – CHRD ရုံးခန်း၊ ၀၉-၃၃၀၃၉၉၇၇**

**(မာမာအေး)**
**အတွင်းရေးမှူး**
**လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန**
**မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်**

# မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် စားဖိုဆောင်သီးနှံ ၃၉၄၃၂ ဧက စိုက်ပျိုးပြီးစီး



**ရမည်းသင်း အောက်တိုဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် စားဖိုဆောင်သီးနှံ ၃၉၄၃၂ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် စားဖိုဆောင်သီးနှံများဖြစ်သည့် ငရုတ်၊ ချင်းနှင့် နနွင်းတို့ကို ဝွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ၃၉၄၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"အခုနှစ် ရမည်းသင်းမြို့နယ်မှာ စားဖိုဆောင်သီးနှံတွေဖြစ်တဲ့ ငရုတ်၊ ချင်းနဲ့ နနွင်းသီးနှံတို့ကို စိုက်တယ်။ ဒီနှစ်မှာ ငရုတ်ကို ဧက ၃၈၅၉၀ စိုက်တယ်။ ချင်းကတော့ ၁၂၁ ဧက စိုက်တယ်။ နနွင်းကိုလဲ ၇၂၁ ဧက စိုက်ထားပါတယ်"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်အတွင်း စားဖိုဆောင်သီးနှံများဖြစ်သည့် ငရုတ်၊ ကြက်သွန်နီ၊ ချင်းနှင့် နနွင်းတို့ကို နှစ်စဉ်စိုက်ပျိုးလေ့ရှိရာ ယခုနှစ်တွင် စားဖိုဆောင်သီးနှံဧက ၄၀၉၀၀ ကျော် စိုက်ပျိုးသွားမည်ဖြစ်ရာ လက်ရှိတွင် စားဖိုဆောင်သီးနှံ ၃၉၄၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ လာမည့်ဆောင်းရာသီ၌ ကြက်သွန်နီစိုက်ဧက ၁၅၀၀ ကို ဆောင်းသီးနှံအနေဖြင့် ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စားဖိုဆောင်သီးနှံများကို ဒေသတွင်း ဝမ်းစာဖူလုံရေးအပြင် အခြားဒေသများသို့လည်း တင်ပို့ရောင်းချနိုင်စေရန် စိုက်ပျိုးခြင်းဖြစ်ပြီး ၎င်းသီးနှံများအနက် ငရုတ်သီးနှံသည် ယခုနှစ်တွင် ဈေးကွက်ကောင်းမွန်သောကြောင့် လာမည့်နှစ်တွင်လည်း ငရုတ်သီးနှံကို တိုးချဲ့စိုက်ပျိုးသွားရန် စီစဉ်ထားကြောင်း သိရသည်။

ထိုသို့စားဖိုဆောင်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်စေရန် ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများလိုအပ်သောသီးနှံမျိုးစေ့များနှင့် သွင်းအားစုများကို ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူဝယ်ယူရရှိနိုင်စေရန် ကူညီဆောင်ရွက်ပေးနေပြီး သီးနှံများအထွက်နှုန်းကောင်းမွန်စေရန်နှင့် စားသုံးသူများအတွက် ဘေးဥပဒ်ကင်းရှင်းစေရန် စိုက်ပျိုးရေးနည်းပညာများကိုလည်း ဖြန့်ဝေပေးလျက်ရှိကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

**မိုးယံ(ဥက္ကလာ)**

# မိုးညှင်းမြို့နယ် ချောင်းဝကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မိုးညှင်း အောက်တိုဘာ ၂၀**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ရာသီမရွေးကျေးလက်ထုတ်ကုန်များ ကုန်စည်စီးဆင်းနိုင်ရန်အတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ချောင်းဝကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၁၉ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်း၊ တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာကော်မတီဝင်များနှင့်အတူ ချောင်းဝကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းအတိုင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ချောင်းဝကျေးရွာ၌ ကုန်ထုတ်လမ်း အရှည်တစ်မိုင် ခုနစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် မြေသားနှစ်ပေ နှင့် ချင်းမြေကိုးလက်မ ခင်းခြင်းလုပ်ငန်းနှင့် အုတ်ခုံခံကွန်ကရစ်တံတားတစ်စင်း၊ Box Culvert တစ်စင်းနှင့် ရေပြွန် သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် ၁၇၅ ဒသမ ၅၀၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် Northern Jade Land ကုမ္ပဏီက အောက်တိုဘာလ တတိယပတ်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ချောင်းဝကျေးရွာရှိ လူဦးရေ ၁၆၃၁ ဦးတို့၏ လယ်ယာ ၆၀၀၉ ဧကတို့ကို အကျိုးပြုမည်ဖြစ်ကြောင်း မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းက ပြောပြ၍ သိရသည်။

**ချစ်ဦးကို**







## ဝန်ထမ်းအမြန်အလိုရှိသည်

Oriental Family Company Limited (စားသောက်ကုန်ထုတ်လုပ်သည့် စက်ကိုင်းစက်ရုံ) တွင် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်-

၁။ **Maintenance Engineer** ကျား (၁) ဦး
- B.E (MC, MP) ဘွဲ့ရရှိသူဖြစ်ရမည်။
- Maintenance ရာထူးဖြင့် လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။

၂။ **Production Team Leader** ကျား (၁) ဦး

တက္ကသိုလ်မှ ဘွဲ့တစ်ခုခု (or) လုပ်ငန်းကျွမ်းကျင်သူဖြစ်ရမည်။

လုပ်သက်ရှိသူဖြစ်ရမည်။

**CV Form ပေးပို့ရန် – 58 *108*109 (727 Mini Mart) 09-788885918 09-781639395**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ဘိုးကျေးရွာအုပ်စု ပေါက်ချိုင်ကုန်းကျေးရွာနေ ဦးအီစမန်(ခ)ဦးလှအောင်(၉/အမရ(နိုင်)၀၂၀၀၂၃) + ဒေါ်ဇံ (၉/အမရ(နိုင်)၀၂၀၀၃၀)တို့သည် ၁၃၈၄ ခုနှစ် ဝါဆိုလဆန်း (၇)ရက် (၄-၇-၂၀၂၂)ရက်နေ့မှစ၍ အစ္စလာမ်ဘာသာမှ ဗုဒ္ဓဘာသာသို့ အပြီးအပြတ်ကူးပြောင်းကိုးကွယ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**

**ဦးအီစမန်(ခ)ဦးလှအောင် (၉/အမရ(နိုင်)၀၂၀၀၂၃)**

**ဒေါ်ဇံ (၉/အမရ(နိုင်)၀၂၀၀၃၀)**

**ပျောက်ဆုံးကြောင်း**

အင်းပူမြို့နေ ထက်ဝေယံ (ဘ) ဦးအုန်းမြင့် (၁၄/အဂပ(နိုင်) ၁၉၇၆၅၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၅၈၅၇၈၀၁၃၆

**ပျောက်ဆုံးကြောင်း**

ပန်းတနော်မြို့နေ စည်သူ (ဘ) ဦးစောဆာထူးဝေါ (၁၄/ပတန(နိုင်)၁၄၉၀၀၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၈၇၂၂၇၉၆

**ပျောက်ဆုံးကြောင်း**

ကျုံပျော်မြို့နေ ကျော်လှိုင်ဝင်း (ဘ) ဦးဌေးကြူ (၁၄/ကပန(နိုင်)၁၄၃၂၇၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၇၃၆၃၀၅၅

**ပျောက်ဆုံးကြောင်း**

ပုသိမ်မြို့နေ ကျော်မောင်မောင်ထွေး (ဘ) ဦးတင်ကြည် (၁၄/ပသန(နိုင်) ၂၉၀၄၉၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၇၇၁၉၂၀၁၉

**သင့်အသွေးဖြင့် အသက်ကယ်ပါ**

**"အဂတိပယ်ခွာ ပြည်သာယာ"**

**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊ ၀၆၇-၈၁၀၃၃၃၄၊

Email Address – accm@accm.gov.mm၊

Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ မလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

**ကျွန်တော်တို့အစိုးရအနေနဲ့ "ရှေ့သို့လှမ်းမည်၊ ပန်းတိုင်ဆီ (Keep Moving Forward to Achieve Our Goal) ဆိုတဲ့အတိုင်း နိုင်ငံအကျိုး၊တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး ပိုမိုကောင်းမွန်တဲ့ နိုင်ငံတော်နဲ့ လူမှုစီးပွားဘဝတွေကို တည်ဆောက်ပေးသွားမှာဖြစ်ကြောင်း တိုင်းရင်းသားပြည်သူလူထုကို အသိပေးပြောကြားလိုပါတယ်။ ပြည့်အင်အားသည် ပြည်တွင်းမှာ ရှိတယ်ဆိုတဲ့အတိုင်း ကျွန်တော်တို့အားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈လ) ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

**၁-၈-၂၀၂၂**

# ပုဂံလင်းရာသီတွင် နိုင်ငံခြားခရီးသွားများ ပုဂံယဉ်ကျေးမှုဒေသ၏အလှကို ဝေဟင်မှ ကြည့်ရှုခံစားနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထား



နိုင်ငံခြားခရီးသွားများ ပုဂံဒေသ၏အလှကို ဝေဟင်မှ ကြည့်ရှုအပန်းဖြေခံစားနိုင်ရန် ကုမ္ပဏီတစ်ရမှ ဝန်ဆောင်မှုပေးနေစဉ်။

**ရန်ကုန် အောက်တိုဘာ ၂၀**

၂၀၂၂ ခုနှစ်၏ ပွင့်လင်းခရီးသွားရာသီ အစဖြစ်သော နိုဝင်ဘာလဆန်းပိုင်းမှစ၍ ပုဂံဒေသသို့ နိုင်ငံခြားခရီးသွားများပိုမိုဝင်ရောက်လာနိုင်မှုကို ရည်မှန်း၍ ခရီးသွားကဏ္ဍမြှင့်တင်မှုအနေဖြင့် ပုဂံယဉ်ကျေးမှုဒေသ၏ သဘာဝအလှကို ဝေဟင်မှ ကြည့်ရှုခံစားနိုင်ရန် ပုဂံဒေသရှိ ဟိုတယ်များနှင့်မိုးပျံပူဖောင်းကုမ္ပဏီများ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြောင်း သိရသည်။

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်၏ အသည်းနှလုံးဟုတင်စားထားသော ပုဂံယဉ်ကျေးမှုဒေသ၏ရှုခင်းအလှကို မိုးပျံပူဖောင်းစီးနင်း၍ ကြည့်ရှုခံစားနိုင်ရန် ပုဂံဒေသရှိ မိုးပျံပူဖောင်းကုမ္ပဏီအချို့က သီတင်းကျွတ်လပြည့်နေ့မှ စတင်ကာ ခရီးသွားဝန်ဆောင်မှုကို စတင်ခဲ့ခြင်းဖြစ်သည်။ **စာမျက်နှာ ၂၀ ကော်လံ ၁** ☆

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ရခိုင်ယူနိုက်တက်နှင့် GFA အသင်းတို့ တစ်ဖက်နှစ်ဂိုးစီသရေကျ

**ရန်ကုန် အောက်တိုဘာ ၂၀**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၆)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရခိုင်ယူနိုက်တက်အသင်းနှင့် GFA အသင်းတို့ကစားခဲ့ရာ အပြန်အလှန်သွင်းဂိုးများဖြင့် နှစ်ဂိုးစီသရေ ရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ခြောက်မိနစ်တွင် သန်းကျော်ဌေးကလည်းကောင်း၊ နာကျင်အချိန်ပို နှစ်မိနစ်တွင် ထက်ထွန်းအောင်က လည်းကောင်း ရခိုင်ယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုးများ အသီးသီးသွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းအပြီးတွင် ရခိုင်ယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

**စာမျက်နှာ ၂၀ ကော်လံ ၁** ❖



OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la











Phone; 09973037364(Office), 09971922346(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar